www.burmeseclassic.com

စိတ်ကူးချိုချို

# လွယ်အိတ်

## အခြားဆောင်းပါးများ

မြန်မာအလင်းသန်းညွန့်

၂၀၀၃ ခုနှစ်၊ ဩဂုတ်လ

www.burmeseclassic.com


| | |
|---|---|
| **စာမူခွင့်ပြုချက်** | **၈၂၈/၂၀၀၂ (၉)** |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၃၃/၂၀၀၃ (၄) |
| မျက်နှာဖုံးဒီဇိုင်း | အောင်ပိုကျယ် |
| စာအုပ်ချုပ် | ကိုမြင့် |
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းလွင်ဦးစာပေ<br>ပြည်လမ်း၊ ကမာရွတ်<br>ရန်ကုန် |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဩဂုတ်လ၊ ၂၀၀၃ |
| တန်ဖိုး | ၃၅၀ ကျပ် |

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| – | စကားချီး | ၇ |
| ၁။ | လွယ်အိတ် | ၈ |
| ၂။ | ငယ်ပါသေးတယ် | ၁၅ |
| ၃။ | ဘုရင့်နောင်အောင်မြေ | ၂၆ |
| ၄။ | မမေ့နိုင်သော တနာဘဲဆင်ဆေး | ၃၆ |
| ၅။ | သိက္ခာမမဲ့အောင် ဆင်ခြင်ရသည် | ၄၅ |
| ၆။ | တယ်လီဖုန်းသံသရာ | ၄၉ |
| ၇။ | မြန်မာစကားမပြောတတ်သူများ | ၆၀ |
| ၈။ | သတင်းတွေပေါ်များလှသည် | ၆၃ |
| ၉။ | ကြိုးမိန့်စီရင်ရာဝယ် | ၆၆ |
| ၁၀။ | အားကစား နှင့် ငြိမ်းချမ်းရေး<br>ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် နိုဘယ်ဆု | ၇၂ |
| ၁၁။ | သြော် . . . လောဘ | ၇၆ |
| ၁၂။ | သက်ကြီးရွယ်အိုဘဝ စိုပြည်စေဖို့ | ၇၉ |
| ၁၃။ | ကျိန်စေချင် ကျိန်ပါ့မယ် | ၈၅ |
| ၁၄။ | ကွမ်း၊ ဆေး၊ အရက် | ၉၀ |
| ၁၅။ | လေးယောက်တစ်ဝိုင်း | ၉၈ |
| ၁၆။ | ရှမ်းပြည်နယ်ရောက် ဧည့်သည် | ၁၀၆ |
| ၁၇။ | ပိုက်ဆံဆိုတာ ကူပွန်ပါ | ၁၁၄ |
| ၁၈။ | စာပေလုပ်ငန်း ဝိုင်းကြီးပတ်လည် | ၁၁၉ |
| ၁၉။ | ဘာသာဘာဝထဲမှာ နည်းပညာရှာ | ၁၂၃ |
| ၂၀။ | မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့ | ၁၂၇ |

www.burmeseclassic.com

www.burmeseclassic.com

## စကားချီး

သတင်းစာဆရာ အငြိမ်းစားတာဝန်ခံ အယ်ဒီတာ မြန်မာ့အလင်း (ဦး) သန်းညွန့် ရေးသားပြီး ရန့်သစ်၊ နွယ်နီ၊ ချယ်ရီမဂ္ဂဇင်း၊ မိုး၊ နိုင်ငံတကာ စီးပွားရေးဂျာနယ်၊ မော်ဒန်၊ အကျိုးဆောင်၊ မြန်မာမန်နေဂျာနှင့် First Eleven ဂျာနယ်တို့တွင် ဖော်ပြခဲ့သော ဆောင်းပါးအချို့ကို စုစည်း၍ တင်ပြလိုက်ပါသည်။

**စိတ်ကူးချိုချိုအနုပညာ**

www.burmeseclassic.com

## လွယ်အိတ်

"လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည်x x x ချစ်သူမောင်ရယ်x x x ဆေးကုစားတဲ့ယောဆရာတို့လို ထင်ကြလိမ့်မယ် x x x"

အမှန်တော့ လွယ်အိတ်သည် မြန်မာနိုင်ငံတွင် ရဟန်းရှင်လူအပေါင်း လူမျိုးဘာသာမရွေး၊ လူတန်းစားပေါင်းစုံ အလွယ်တကူ အများဆုံးသုံးစွဲသော အလွန်အသုံးဝင်သည့် အသုံးအဆောင်တစ်ခု ဖြစ်သည်။

အသက် ငါးနှစ်၊ ခြောက်နှစ်အရွယ် ကျောင်းစနေပြီဆိုလျှင် လွယ်အိတ်လွယ်ရတော့သည်။ ထိုမှစ၍ တစ်သက်လုံး အိုမင်းရင့်ရော်လာသည်အထိ လွယ်အိတ်မှာ အလွန်အသုံးဝင်သော ပစ္စည်းတစ်ခုဖြစ်သည်။ အချို့တိုင်းရင်းသားတို့မှာ သူတို့၏ ရိုးရာအဆောင်အယောင်အဖြစ် အသုံးပြုကြပြီး အမျိုးသားဝတ်စုံ ဝတ်ဆင်လျှင် ပါဝင်ရမည့် တန်ဆာတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း အသီးသီးတွင် လွယ်အိတ်ကို ရက်လုပ်လေ့ရှိသည်။ ကချင်လွယ်အိတ်၊ ကရင်လွယ်အိတ်၊ ကယားလွယ်အိတ်၊ ချင်းလွယ်အိတ်၊ ရှမ်းလွယ်အိတ်၊ ရခိုင်လွယ်အိတ်၊ မွန်လွယ်အိတ်၊ မုံရွာ၊ ပခုက္ကူ၊ ဂန့်ဂေါ၊ ယော၊ ကဝစသော အညာအကြေဒေသမှ

www.burmeseclassic.com


လွတ်အိတ်မျိုးစုံများ စီးပွားဖြစ် ရက်လုပ်ရောင်းချကြသည်။

### မြန်မာနိုင်ငံသင်္ကေတ

လွယ်အိတ်သည် မြန်မာနိုင်ငံ၏ သင်္ကေတတစ်ခု ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရောက် နိုင်ငံခြားသားသည် လွယ်အိတ်ကို ဦးစွာဝယ်ယူ၍ လွယ်ကြသည်။ နိုင်ငံခြားတွင် မြန်မာတိုင်းရင်းသားများ လွယ်အိတ်လွယ်သွားသည်ကိုမြင်လျှင် မြန်မာနိုင်ငံ ရောက်ဖူးသော နိုင်ငံခြားသားများက မြန်မာနိုင်ငံသားလားဟူ၍လည်းကောင်း၊ နိုင်ငံခြားသားဖြစ်လျှင် မြန်မာနိုင်ငံကို ရောက်ခဲ့သလားဟူ၍လည်းကောင်း လွယ်အိတ်ကို အကြောင်းပြု၍ အရေးတယူ လိုက်လံမေးမြန်းလေ့ ရှိကြသည်။

လွယ်အိတ်ကို မြန်မာနိုင်ငံတွင် လူတိုင်းအလွယ်တကူ သုံးစွဲကြသဖြင့် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း တေပြုစာဆိုကြီး ရွှေတိုင်ညွှန့်က လွယ်အိတ်တစ်လုံးနှင့် အရပ်တကာလှည့်နေသူအား ယောဆရာယောင်ယောင်ဖြစ်အောင် အဆိုတော်ကြီး ဒေါ်အေးမိအား တေးဖွဲ့ပေးခဲ့သည်။

### လွယ်အိတ်ကိုခုံမင်

ကျွန်တော်သည် ကျောင်းနေစ အရွယ်မှစ၍ ယခုအိုမင်းရင့်ရော်သည်အထိ လွယ်အိတ်ကို ခုံမင်စွာ လွယ်လေ့ရှိပါသည်။ ပွဲနေပွဲထိုင် ဧည့်ခံပွဲကြီးများသို့ သွားရောက်သည်မှတစ်ပါး အပြင်သွားလျှင် လွယ်အိတ်ပါမြဲဖြစ်သည်။

### မခံချင်

ထိုသို့လွယ်အိတ်လွယ်တတ်ခြင်းကြောင့် မလိုတမာပြောတတ်သူတို့က နိုင်ငံရေးသမားယောင်ယောင်နဲ့ဟု စကားတင်းဆိုကြသည်။ နိုင်ငံရေးသမားယောင်ယောင်ဆိုသည်ကို ကျွန်တော် မခံချင်ပါ။ ကျွန်တော်သည် သူများပြောတိုင်း ယုံသည့် နိုင်ငံရေးသမား ယောင်ဝါးဝါး

www.burmeseclassic.com


မဟုတ်ပါ။ နိုင်ငံရေး ခေါင်းဆောင်ကြီးများ၏ ခြေကိုမီ အောင် လိုက်လံစူးစမ်း၍ သတင်းရအောင် ယူနိုင်ခဲ့သော နိုင်ငံရေး သတင်းထောက်ဖြစ်သည်။ နိုင်ငံရေးကို ကွက် ကျော်မြင်တတ်ရမည်။ နိုင်ငံရေးကစားမှု၊ နိုင်ငံရေးခြေ၊ နိုင်ငံရေးလေ၊ နိုင်ငံရေးပရိယာယ်၊ နိုင်ငံရေးလှည့်ကွက်များ ကို အကင်းပါး နားလည်ရမည်။ နိုင်ငံရေးလေပုပ်ထုတ်ကာ ဝါဒဖြန့်မှု ရည်မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ကိုယ့်ရှူး ကိုယ်ပတ်ပြီး နိုင်ငံရေး ကမောက်ကမဖြစ်သွားသည်ကို လည်း တွေ့ဖူးကြုံဖူးသည်။

## ယောင်ဝါးဝါးမဟုတ်

ဖဆပလ ဟက်တက်ကွဲလုလု အက်ကြောင်းထင် စဉ်က ရင်းနှီးသော နိုင်ငံရေးသမားတစ်ဦးက သူ၏ ခြေထိုးသတင်းကို ကျွန်တော်တို့က ရေးမပေးသဖြင့် ခနဲ့တဲ့ တဲ့ ပြောလာသည်။ ကျွန်တော်က "ခင်ဗျားတို့ နိုင်ငံရေး သမားကလည်း ခင်ဗျားတို့အလိုကျ လိုက်ရေးပေးဖို့ သတင်းထောက်တွေကို ခင်ဗျားတို့အိတ်ထဲ ထည့်ထားချင် တယ်။ ကျွန်တော်တို့ သတင်းထောက်တွေကလည်း ကျွန် တော်တို့ လိုသလိုသုံးဖို့၊ ခင်ဗျားတို့ နိုင်ငံရေးသမားကို ဟောဒီလွယ်အိတ်ထဲမှာ ထည့်ထားချင်တယ်ဗျ"ဟု စကားနိုင်ပြောလိုက်ရသည်။ ထို့ကြောင့် နိုင်ငံရေးသမား ယောင်ယောင်ဟု ကျွန်တော်တို့အား ပြောလာလျှင် ကျွန်တော်တို့က မကြိုက်ပါ။

လွယ်အိတ်ဟူသော ဝေါဟာရကို အချို့က နှိမ်ချ၍ လည်း သုံးစွဲလေ့ရှိကြသည်။ ရှေ့ကလည်းမသွား။ နောက် ကလည်းမလိုက်။ ဘေးတိုက်နေသူ၊ လူကပ်ဖဲ့လူကန့်လန့် ကို လွယ်အိတ်နှင့် ပမာနှိုင်း၍ လွယ်အိတ်ဟု ခေါ်ကြသည်။

www.burmeseclassic.com


## သွားလေရာပါမြဲ

တကယ်တော့ လွယ်အိတ်သည် ကျွန်တော်၏ အဖော်ဖြစ်သည်။ လခစား သတင်းစာသမားလုပ်စဉ်က နေ့စဉ်လွယ်အိတ်ထဲ၌ ပေ့ါပါးသော ကင်မရာတစ်လုံး၊ မှတ်စုစာအုပ်နှင့် အခြား တောက်တိုမယ်ရ အသုံးဝင်ပစ္စည်း စုံပါဝင်သည်။ ရှေးတန်းစစ်မျက်နှာသို့ စစ်သတင်းထောက် အဖြစ် လိုက်ပါစဉ်က အဆိုပါ ပစ္စည်းများအပြင် အနွေး ထည်နှင့် အဝတ်အစားအပိုတစ်စုံ ထိုးသိပ်ထည့်ပြီး လွယ် ရသည်။

ထို့ကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့ နယ် သတင်းထောက် စိုင်းထွန်းလှသည် ရန်ကုန်လာတိုင်း လွယ်အိတ်ကို အမြဲတမ်း ခံ့မင်စွာ လွယ်တတ်သော ကျွန်တော့်အား နမ့်ခမ်းလွယ်အိတ် လက်ဆောင်ပေးလေ့ရှိ သည်။ ယခုတိုင် ကျွန်တော် လွယ်နေသော လွယ်အိတ်မှာ သူ့လက်ဆောင်ဖြစ်သည်။

ယခု အိမ်းမစွမ်းဖြစ်ပြန်တော့လည်း လွယ်အိတ်ကို အထူးအားကိုးရသည်။ လက်ကမြဲအောင် မကိုင်နိုင်တော့ ၍ အသုံးအဆောင် ပစ္စည်းများကို လွယ်အိတ်ထဲထည့်ပြီး သွားလေရာ လွယ်အိတ်လွယ်ရသည်။ ဘတ်စကား၊ လိုင်း ကားစီးရသဖြင့် လွယ်အိတ်ကို သိုင်းလွယ်ထားမှ ကားပေါ် တွင် မယိုင်မလဲအောင် လက်နှစ်ဖက်က တန်းကိုကိုင် တွယ်ထားနိုင်သည်။ ကားအဆင်းအတက်လည်း လွယ်ကူ သည်။ 'မ'မည့် 'စ' မည့် ခါးပိုက်နှိုက်အန္တရာယ်ကလည်း ရှိသေးသဖြင့် သတိလက်လွတ်နေ၍ မရ။ လွယ်အိတ်ကို ကိုယ့်ရှေ့မှာထားပြီး မလစ်သောသတိ ရှိရပါသည်။

## သက်ကြားအိုတို့ စလွယ်သိုင်း

လွန်ခဲ့သော ဆယ်နှစ်ကျော်က သက်ကြားအို စစ်

www.burmeseclassic.com


ပြန်ကြီး ဘရီးဂေးဒီးယား အောင်သင်းအား လွယ်အိတ် စလွယ်သိုင်းလွယ်ပြီး အပြင်တွင် သွားလာနေသည်ကို မကြာခဏ တွေ့ဆုံမိသည်။ သူ စစ်မှုထမ်းစဉ်က သုံးခဲ့သော သက္ကလပ်စစ်ဦးထုပ်ပျော့တွင် သူ့တပ်၏ ဦးထုပ်တံဆိပ် တပ်ဆင်၍ဆောင်းပြီး စစ်ရောင်ဖလန်နယ်အင်္ကျီ ဘောင်းဘီဝတ်ဆင်ထားသည်။ ရှေးမြန်မာ နိုင်ငံရေးခေတ်က တူ + သာ + သင်း (ဦးဘတူ + ဦးဘိုသား + ဦးသင်း) နိုင်ငံရေးပါတီမှ ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးသင်း၏ သားဖြစ်သည်ဆို၏။ စစ်ကြိုခေတ် ရန်ကုန်မြူနီစီပယ်မင်းကြီးနှင့် လွတ်လပ်ရေးခေတ် အမေရိကန်နိုင်ငံဆိုင်ရာ ပထမဆုံး မြန်မာသံအမတ်ကြီး အိုင်စီအက်စ် ဦးစိုးညွန့်နှင့် ညီအစ်ကိုအရင်းဖြစ်သည်။

ထို့အပြင် လွတ်လပ်ရေးရပြီးသည်အထိ မြန်မာနိုင်ငံတွင် အမှုထမ်းသွားသော အင်္ဂလိပ်လူမျိုး မစ္စတာဖာနီဗယ်လ် – အိုင်စီအက်စ် သက်ကြားအိုကြီးမှာလည်း သွားလေရာ လွယ်အိတ်လွယ်ထားသည်ကို တွေ့ခဲ့ရသည်။ ထိုသို့ သက်ကြားအိုကြီးများ လွယ်အိတ်လွယ်၍ သွားလာနေသည်ကို မြင်တွေ့ရသဖြင့် ငါလည်း အိုမင်းသည်အထိ လွယ်အိတ်လွယ်ရမည်ဟု ကျွန်တော် သဘောပေါက်ထားမိခဲ့ပါသည်။

## လွယ်အိတ်အမတ်ကြီး

စစ်ကြိုခေတ် မင်းတိုင်ပင် အမတ်ဦးဘလှိုင်သည် လွှတ်တော်အစည်းအဝေးတက်ရာတွင် လွယ်အိတ်ကြီး လွယ်ထားသည်။ ထို့ကြောင့် မင်းတိုင်ပင်အမတ် လွယ်အိတ်ကြီး ဦးဘလှိုင်ဟု ကျော်ကြားခဲ့သည်။ အလုပ်သမားအကျိုးကို လွှတ်တော်၌ အထူးဆောင်ရွက်၍ လေဘာအမတ် လွယ်အိတ်ကြီး ဦးဘလှိုင်ဟု ဂုဏ်ယူလေ့ရှိသည်။

www.burmeseclassic.com


လွယ်အိတ်သည် နေရာတကာ ပွဲတိုးသည်။ ဂုဏ် ရှိသည်။ မြန်မာပီသည်။ မြန်မာ့ရိုးရာ စစ်စစ်ဖြစ်သည်။

## ရိုးရိုးရှင်းရှင်းနှင့်ယဉ်

နိုင်ငံခြားဖြစ် ကျောပိုးအိတ် လွယ်အိတ်များကို ကျပ်ထောင်ကျော်ပေး၍ ငွေကုန်ကြေးကျခံကာ ဝယ်ယူသုံးစွဲပြီး အဆန်းထွင်ကြစေကာမူ မြန်မာ့ရိုးရာ လွယ်အိတ်မှာ ရိုးမသွားပါ။ ခေတ်တိမ်မသွားပါ။ မြန်မာ့ရိုးရာ လွယ်အိတ်မှာ ဘယ်သောအခါမှ မပစ်ပယ်နိုင်ကြပါ။ မြန်မာ့ဦးစွန်းခေတ်မှ ယနေ့ မြန်မာ့ခေတ်တိုင်အောင်ပင် မြန်မာလွယ်အိတ်သည် ရိုးရိုးရှင်းရှင်းဖြင့် ယဉ်ကျေး၍ အရိုးကိုအရွက်မဖုံးနိုင်သော မြန်မာ့ရိုးရာ အသုံးအဆောင်တစ်ခု ဖြစ်သည်။

## ဂျပန်တို့နှစ်သက်

လွန်ခဲ့သော ၂၅ နှစ်ခန့်က ဂျပန်ပြည်မှ လေ့လာပြီး ပြန်ခါနီးတွင် ကျွန်တော်တို့ မြန်မာသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များက ဂျပန်စကားပြန် အမျိုးသမီးကလေးအား မြန်မာလွယ်အိတ်တစ်လုံး အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။ စကားပြန် ဂျပန်အမျိုးသမီးကလေးက ရိုးရိုးရှင်းရှင်းဖြင့် ယဉ်နေသော မြန်မာ့လွယ်အိတ်ကို အထူးသဘောကျ နှစ်သက်၍ ချက်ချင်းပင် ခံမင်စွာလွယ်ပြီး နှစ်သက်စရာ အပြုံးများစွာဖြင့် "ဦးလေးကြီးတို့ နောက်တစ်ခါ ဂျပန်လာရင်လည်း မြန်မာလွယ်အိတ်လှလှကလေး လက်ဆောင်ယူလာဦးမယ်လို့ မျှော်လင့်နေမယ်"ဟု ယဉ်ကျေးစွာ ကျေးဇူးတင်စကား ဆိုလိုက်သည်။

## မျက်နှာပွင့်

စကားပြန် ဂျပန်မကလေးကဲ့သို့ပင် ကျွန်တော်တို့

www.burmeseclassic.com


ဂျပန်နိုင်ငံတွင် မြန်မာလွယ်အိတ်ကို လက်ဆောင်ပေးတိုင်း အထူးသဘောကျ နှစ်သက်ကြ၍ ကျွန်တော်တို့သည် မြန်မာလွယ်အိတ်နှင့် မျက်နှာပွင့်၍ ဂုဏ်ယူပီတိ ဖြစ်ခဲ့ရလေသည်။

**အရိုးကို အရွက်မဖုံး**

ထို့ကြောင့် ယနေ့ အရိုးကို အရွက်မဖုံးသေးတာ ရိုးရိုးရှင်းရှင်းနဲ့ ယဉ်ကျေးတဲ့ မြန်မာလွယ်အိတ်ပါပဲ ဆိုလိုက်ပါရစေ။

**[ရန်နံ့သစ်၊ ဩဂုတ် ၁၉၉၉]**

www.burmeseclassic.com

# ငယ်ပါသေးတယ်

ဆရာတက်တိုးနှင့် မတွေ့ရသည်မှာ ကြာပါပြီ။

မိုးဂျာနယ် တာဝန်ခံအယ်ဒီတာ ဦးသန်းအောင် (သန်းအောင်နိုင်)နှင့် လမ်းကြုံ၍ လိုက်သွားသဖြင့် ကျွန်တော်သည် ဆရာတက်တိုး၏အိမ်သို့ ရောက်သွားသည်။

ဆရာတက်တိုးသည် တွေ့လျှင်တွေ့ချင်း ဝမ်းသာအားရဖြင့် ပွင့်ပွင့်လင်းလင်း စကားဆိုသည်။

ကျွန်တော်တို့ သက်ကြီးရွယ်အိုတို့၏ အခန်းကဏ္ဍမှာ မှေးမှိန်နေပြီဖြစ်၍ မရေမရာနိုင်လှသည်။ အနာဂတ်မှာတော့ နောက်ဆုံးတစ်လမ်းသာရှိသည်။ ထို့ကြောင့် အတိတ်ကိုသာ ပြန်တွေးတတ်ကြသည်။ အတိတ်ကို ပြန်တွေးရာတွင်လည်း ကြည်နူးစရာ အကြောင်းများကိုသာ တွေးလေ့ရှိသည်။ စိတ်ညစ်စရာ၊ စိတ်မချမ်းသာစရာ အတိတ်အကြောင်းများကို ပြန်မတွေးချင်ကြပေ။ သို့မှသာ အရွယ်လွန်၍ မရေမရာနိုင်လှသော သက်ကြီးရွယ်အိုတို့ဘဝမှာ နေပျော်ထိုင်ပျော် ရှိလေသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုတွေ ဆုံမိကြလျှင် ရှေးဟောင်းနှောင်းဖြစ် ကြည်နူးဖွယ်ရာတွေ ပြောမိတွေးမိကြသည်။

ဆရာတက်တိုးသည် နိုင်ငံကျော် စာရေးဆရာကြီး၊ သတင်းစာဆရာနှင့် စာသင်သားတို့၏ အင်္ဂလိပ်ဘာသာ

www.burmeseclassic.com


ပြ ဆရာကြီးဖြစ်သည်။ ဆရာတက်တိုးနှင့် ကျွန်တော်သည် စစ်ကြီးပြီးခါစက ရန်ကုန်မြို့၊ ပန်းဆိုးတန်းရှိ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ သတင်းထောက်များအသင်းတို့တွင် ဆုံစည်း၍ အကျွမ်းဝင်ခဲ့သည်။

မြန်မာ့အလင်းတိုက်အုပ် ဦးတင်၊ ဗမာ့ခေတ် ဦးအုန်းခင်၊ ဟံသာဝတီ ဦးဘခင်၊ ရှေ့ဆောင်သတင်းစာပိုင်ရှင် အယ်ဒီတာချုပ် ဦးသန်းထွန်းတို့ အစုစပ်လုပ်ကိုင်သော ဘားမားပရက်စ်ဆင်ဒီကိတ် (မြန်မာနိုင်ငံ သတင်းစာပုံနှိပ်တိုက်များ ဆင်ဒီကိတ်)၏ အေပီ၊ အေအက်ဖ်ပီ၊ ရိုက်တာ နိုင်ငံခြားကြေးနန်း သတင်းစာကိုယ်စားလှယ်လုပ်ငန်းတွင် ဆရာတက်တိုးသည် အုပ်ချုပ်မှုအယ်ဒီတာဖြစ်သည်။ ထိုအစဉ်အလာအရ နောင်သောအခါ နိုင်ငံတော်အစိုးရက နိုင်ငံခြားကြေးနန်း သတင်းဌာနအားလုံးကို ကိုယ်စားလှယ် လွှဲယူ၍ လုပ်ကိုင်သော လုပ်ငန်းတွင် ဆရာတက်တိုးအား ဦးဆောင်စေပြီး အယ်ဒီတာချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့လေသည်။

ဆရာတက်တိုးသည် ယနေ့အထိ တစ်သက်တာလုံး စာနယ်ဇင်းများတွင် အမြဲမပြတ် ဆောင်းပါးရေးသားလျက်ရှိသည်။ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူဖြစ်သဖြင့် "အရမ်းဘာသာမပြန်နဲ့"ဟုဆောင်းပါးရေး၍ သတိပေး နှိုးဆော်သည်ကို ကျွန်တော် အမြဲသတိရနေသည်။

ဘာသာပြန် လွဲမှားလျှင် မြန်မာနိုင်ငံမှ မီးရထားလမ်း ဇလီဖားတုံးမှာ လည်စည်းနက်တိုင်ဖြစ်သွားသော သာဓကများ ရှိခဲ့ဖူးသည်။ ထိုသို့ အဓိပ္ပာယ်တက်တက်စင် လွဲမှားတတ်၍ ဆရာတက်တိုးက သတိပေး နှိုးဆော်ခဲ့ဟန်တူပါသည်။

ဆရာတက်တိုးသည် တပည့်မွေး၊ ဆရာမွေးမှုကို မလိုလား။ ငယ်ရွယ်သူများ၊ လက်အောက်ငယ်သားများကို

www.burmeseclassic.com


လုပ်ဖော်ကိုင်ဖက် မိသားစုလိုသာ သဘောထား၍ ဆက်ဆံသည်။ လုပ်ရင်းကိုင်ရင်းသာ အသိပညာပေးသည်။ ခမ်းခမ်းနားနား သြဝါဒခြွေလေ့မရှိ။ ပြောရင်းဆိုရင်းသာ အလုပ်အကိုင် မမှားအောင် ဆင်ခြင်နိုင်ရန် ပွင့်ပွင့်လင်းလင်း သတိပေးလေ့ရှိသည်။ သူ့ကိုလည်း ပွင့်ပွင့်လင်းလင်း ဆက်ဆံမှုကြိုက်သည်။ သူ့ကို မြှောက်ပင့်ပြောခြင်းကို မုန်းသည်။ တဲ့တိုးပြောတတ်သည်။ ပကာသနနှင့် မာန မရှိ။

မူလက ရင်းနှီးသူတို့သည် ခရီးအတူ သွားဖူးကြလျှင် ပို၍ ခင်မင်ရင်းနှီးလာတတ်ကြသည်။

၁၉၅၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက် ကချင်ပြည်နယ်နေ့ မနောပွဲကို မြစ်ကြီးနားမြို့၌ ကျင်းပရာ သတင်းစာဆရာနှင့် စာရေးဆရာများအား ကချင်ပြည်နယ် ဥက္ကဋ္ဌဝန်ကြီး ဆမားဒူဝါဆင်ဝါးနောင်က ဖိတ်ကြားသည်။ ရန်ကုန်နှင့် မန္တလေးမှ သတင်းစာဆရာအသင်း၊ သတင်းထောက်အသင်းနှင့် စာရေးဆရာအသင်း ကိုယ်စားလှယ်များအား မြစ်ကြီးနားသို့ ဒါကိုတာလေယာဉ်ဖြင့် ပို့ပေးသည်။

မြန်မာနိုင်ငံ လေကြောင်းပို့ဆောင်ရေးအဖွဲ့ (ယူဘီအေ)၏ ဒါကိုတာလေယာဉ် စင်းလုံးငှားဖြစ်၍ မင်္ဂလာဒုံလေဆိပ်မှ မထွက်ခွာမီ လေယာဉ်ကို သေချာစွာပြုပြင်မွမ်းမံနေသဖြင့် ချိန်းဆိုထားသည့် အချိန်အတိုင်း လေယာဉ်မထွက်နိုင်ဘဲ မင်္ဂလာဒုံလေဆိပ်တွင် အချိန်အတော်ကြာစောင့်ဆိုင်းနေရသည်။

မြစ်ကြီးနား မနောပွဲသို့တက်မည့် ရန်ကုန်မှ သတင်းစာဆရာများနှင့် စာရေးဆရာများ အတော်စုံလှသည်။

အိုးဝေ ဦးညိုမြ၊ ဦးတက်တိုး စသော သတင်းစာဆရာများ၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ သော်

တာဆွေ၊ မင်းရှင်စသော စာရေးဆရာများ၊ သတင်းထောက် အသင်းမှ ရန်ကုန်ဦးကျော်မြင့်၊ ရှေ့ဆောင်ဦးလှဖေ၊ မြန်မာ့ အလင်းမှ ကျွန်တော် စသူတို့လည်း လိုက်ပါသွားကြသည်။

လေယာဉ် ပြင်ဆင်မွမ်းမံနေသည်ကို အချိန်အတော် ကြာ စောင့်ရ၍ အိုးဝေး ဦးညိုမြက သူ့ကားမောင်းသူ အား အိမ်ပြန်၍ ဇနီး ဒေါ်ခင်သန်းနွယ်အား ခေါ်ခိုင်းလိုက် သည်။ လေယာဉ်စင်းလုံးငှားဖြစ်၍ နေရာချောင်သဖြင့် မနောပွဲသို့ ခေါ်သွားရန်ဖြစ်သည်။ ဦးညိုမြမှာ စစ်အတွင်း အမေရိကန် စစ်ဘက်ပြန်ကြားရေးဌာနတွင် အမှုထမ်းစဉ်က ဝတ်ဆင်ခဲ့သော စစ်အရာရှိ ဝတ်စုံ သားရေဂျာကင်၊ သက္ကလတ်ဘောင်းဘီရှည်များ ဝတ်ဆင်လာ၍ အတော် စမတ်ကျကာ သပ်ယပ်နေသည်။ သူ့နဂိုဟန်ပန် အမူအရာ အတိုင်း စီးကရက်လက်ကြားညှပ်၍ ပြုံးစိစိဖြင့် အားလုံးကို မပွင့်တပွင့် နှုတ်ဆက်လျက်။

ဦးညိုမြ၏ ဇနီး ဒေါ်ခင်သန်းနွယ် ရောက်လာပြီး အတော်ကြာမှပင် လေယာဉ်မွမ်းမံပြီးစီး၍ လေယာဉ်ထွက် ခွာနိုင်သည်။

လေယာဉ်ပေါ်တွင် ကျွန်တော်သည် ဆရာတက်တိုး နှင့်အတူ နေရာယူထိုင်လိုက်သည်။ ကျွန်တော်တို့နှင့် ယှဉ်လျက် လက်ယာဘက်မှ ထိုင်ခုံတွင် ဦးညိုမြတို့ ဇနီး မောင်နှံ ထိုင်ကြသည်။

လေယာဉ် ကောင်းကင်သို့ ရောက်သောအခါ ဆောင်းရာသီဖြစ်၍ အတော်ပင် စိမ့်အေးလာသည်။ အားလုံး ငြိမ်၍ကွေးနေကြသည်။ ဦးညိုမြသည် မေးစက်လိုက်ပါ လာသည်။

ဦးညိုမြ ဖိမ်ကျလာသည်ကို မြင်ရသူအပေါင်းက ပီတိဖြစ်၍ ပြုံးစိစိဖြင့် ဖြစ်နေသည်။

"သူက အမေရိကန်ပြန်ကွ" ကျွန်တော်နှင့် ကပ်ထိုင်

www.burmeseclassic.com


နေသော ဆရာတက်တိုးက တိုးတိုးပြော၍ ဣန္ဒြေဆည်စေသည်။

လေယာဉ်သည် မန္တလေး ချမ်းမြသာစည်လေဆိပ်တွင် တစ်ထောက်နားသည်။ လူထုဦးလှ၊ မြန်မာ့လမ်းစဉ် ဦးစိန်ဝင်း၊ ဗဟိုစည် ဦးဘထွန်း၊ ရဲဘော်နေအောင်စသော မန္တလေးမှ သတင်းစာဆရာများနှင့် စာရေးဆရာများ မနောပွဲသို့ လိုက်ပါရန် လေဆိပ်၌ စောင့်နေကြသည်။

မန္တလေးမှ မြစ်ကြီးနားသို့ ဆက်လက်ပျံသန်းသွားရာ နံနက် ၁၁ နာရီခွဲလောက်တွင် ရောက်ရှိသွားသည်။ မြစ်ကြီးနား အထက်တန်းကျောင်း၌ တည်းခိုရသည်။ ဆရာတက်တိုးနှင့် ကျွန်တော်မှာ ခုတင်ချင်းယှဉ်လျက်ပင် နေရာယူလိုက်ကြသည်။

နံနက်စာထမင်းမှာ ဒန်ပေါက်ဖြစ်သည်။ အလွန်အေးလှသော ဆောင်းရာသီဖြစ်၍ ဒန်ပေါက်ထမင်းမှာ ထောပတ်များ ခဲနေသဖြင့် ထမင်းကိုမမြင်ရ၊ နှင်းခဲကြီး ဖုံးအုပ်ထားသကဲ့သို့ ဖြစ်နေသည်။ ကြက်သားတုံးမှာလည်း အဆီများခဲနေသည်။ အဆာပြေ အနည်းငယ်သာ စားနိုင်သည်။

ထမင်းစားပြီး မြို့ထဲထွက်ရန် ဆရာတက်တိုးက ခေါ်သည်။ ကျွန်တော်လည်း လည်ချင်နေသည်နှင့် အတော်ဖြစ်သွားသည်။ မြင်းရထားစီး၍ သံကြိုးရုံ (ကြေးနန်းရုံး) သို့ မောင်းခိုင်းသည်။

ဆရာတက်တိုးသည် အတော်ဝီရိယကောင်း၍ သူ့သတင်းဌာနသို့ ချက်ချင်းကြေးနန်းရိုက်၊ သတင်းပို့မည်ဟု ထင်လိုက်မိသည်။

သံကြိုးရုံသို့ရောက်ပြီး သံကြိုးစာရွက် ပုံစံပေါ်တွင် တိုတိုပင်ရေး၍ သံကြိုးစာ (ကြေးနန်းစာ) စာရေးအား ပေးလိုက်သည်။ သံကြိုးစာမှာ ကျွန်တော့်အထင်နှင့် အမြင်

www.burmeseclassic.com


လွဲသွားတော့သည်။

"ARRIVED SAFELY"ဟူ၏။ ဘေးကင်းစွာ ချောချောမောမော ရောက်ရှိကြောင်း ဆရာတက်တိုးက အိမ်သူသက်ထား နာမည်ကျော် ကဗျာဆရာမ ဒေါ်နုယဉ်ထံသို့ သံကြိုးရိုက်ခြင်းဖြစ်သည်။

"လွန်လှချည်လား၊ ခုမနက်ပဲ အိမ်ကထွက်လာတယ်၊ ချက်ချင်း သံကြိုးရိုက်ရရောလေး"ဟု ကျွန်တော်က သံကြိုးရုံမှ အပြန်လမ်းတွင် ရယ်စရာစကား ဆိုလိုက်သည်။

"တို့လင်မယားက သိပ်ချစ်တာကွ"ဟု ဆရာတက်တိုးက ကျွန်တော့်ရယ်စကား အစဉ်ကိုလိုက်၍ ပြုံးပြီးပြောလိုက်သည်။ သူ့စကားကို ကျွန်တော် ပီတိဖြစ်သွား၍ သူ အတော်သဘောကျသွားသည်။

မနောပွဲ ဖွင့်ပွဲတွင် ခေါင်ရည်ကျည်တောက်ကိုင်ကာ မနောတိုင်ကို လှည့်ပတ်ပြီး ကကြရာ၌လည်း အတူတူ။ ညတိုင်း မနောပွဲခင်း လှည့်လည်ကြည့်ရာမှာလည်း တတွဲတွဲ။ မေခ၊ မလိခမြစ်ဆုံသွား၍ ဧရာဝတီမြစ်အစရေ၏အရသာကို ဆင်းပြီးစိမ်ကြည့်ရာ စိမ့်အေး၍ ကျဉ်တက်သွားသော အတွေ့ကိုလည်း အတူတကွ ခံစားခဲ့ရသည်။ ဝက်ကုန်းဈေးသို့လည်း အတူပင် ဈေးဝယ်ထွက်ခဲ့ကြသည်။

နှစ်တွေ အတော်ကြာညောင်း၍ ခေတ်တွေပြောင်းသွားပါပြီ။ ပုဂ္ဂလိက စာနယ်ဇင်းခေတ်မှ ပြည်သူပိုင်စာနယ်ဇင်းခေတ်သို့ရောက်သွားသည်။ ကျွန်တော်လည်း မြန်မာ့အလင်းတာဝန်ခံ အယ်ဒီတာမှ 'တာဝန်ခံအယ်ဒီတာအရာရှိ' ဖြစ်သွားတော့သည်။ ဆရာတက်တိုးက ပြည်သူပိုင်စာနယ်ဇင်းများကို ချုပ်ကိုင်ရသော ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း၏ ပထမဆုံး ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်လာသည်။

အကြီးအကဲနှင့် လက်အောက်ဝန်ထမ်းဖြစ်သော်

www.burmeseclassic.com


လည်း သူနှင့် ကျွန်တော်သည် အလုပ်တာဝန်ဖြင့် လေးငါးကြိမ် ဆုံဖူးပါသည်။ ရင်းနှီးသည်ဆိုပြီး တစ်ကြိမ်မှ အလွတ်သွားမတွေ့ဖူးပါ။

ဆုံချင်တော့လည်း ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးတွင် ဆုံမိကြပြန်သည်။

ဂျပန်ဝန်ကြီးချုပ် မစ္စတာကာကုအီတာနာကာ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်၍ နှစ်နိုင်ငံ အပြန်အလှန် နားလည်မှုရရှိရေးအတွက် ဂျပန်ဝန်ကြီးချုပ်က မြန်မာသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့နှင့် ပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့တို့အား ဂျပန်အစိုးရစရိတ်ဖြင့် ဂျပန်နိုင်ငံသို့ ကြိုတင်ဖိတ်ကြား၍ လေ့လာစေသည်။

ဆရာတက်တိုးက ပြန်ကြားရေးအဖွဲ့ကို ခေါင်းဆောင်၍ အဖွဲ့ဝင်အဖြစ် တပ်မတော်မော်ကွန်းတိုက်မှ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ မြန်မာ့အသံ အင်္ဂလိပ်ပိုင်း အယ်ဒီတာ ဦးကြီးတင် (ကွယ်လွန်)နှင့် ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့ခွဲမှူး ဦးစိုးဝင်းတို့ ပါဝင်သည်။

သတင်းစာဆရာအဖွဲ့ကို သတင်းစဉ် ပြည်ပအယ်ဒီတာချုပ် ဦးလွန်းအောင် (ယခု အငြိမ်းစား)က ခေါင်းဆောင်၍ အဖွဲ့ဝင်အဖြစ် သတင်းစဉ်ပြည်တွင်းမှ ဗိုလ်မှူးစောမြင့် (ယခု ပုံနှိပ်ရေးနှင့် စာရေးကိရိယာ ညွှန်ကြားရေးမှူး)၊ အင်္ဂလိပ် လုပ်သားသတင်းစာ အယ်ဒီတာ စပ်ကိုင်ဖ (ယခု ဂျပန်သတင်းစာသတင်းထောက်)၊ ဗိုလ်တထောင်သတင်းစာ အယ်ဒီတာ ဦးသန်းမြင့် (ကွယ်လွန်)နှင့် ကျွန်တော်တို့ ပါဝင်သည်။

၁၉၇၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်နေ့တွင် သတင်းစာဆရာအဖွဲ့က အရင်ထွက်ခွာပြီး ပြန်ကြားရေးအဖွဲ့က ၉ ရက်နေ့မှ လိုက်လာသည်။ ကျွန်တော်တို့

www.burmeseclassic.com

တည်းခိုသည့် ၄၂ ထပ်ရှိ “နယူးအိုတာနီ” ထိပ်တန်းဟိုတယ်ကြီးမှာပင် တည်းခိုကြသည်။

နောက်မှရောက်လာသော ပြန်ကြားရေးအဖွဲ့ကို သတင်းစာဆရာအဖွဲ့က ဟာနေဒါလေဆိပ်သို့ သွားကြိုပြီး ညသန်းခေါင်အချိန် ဟိုတယ်အခန်းထဲ အရောက်ပို့ပေးခဲ့သည်။

“ဟေ့ မောင်သန်းညွန့်၊ မင်းက ဂျပန်စကား မှတ်မိနေသေးတော့ မနက် တို့ BREAKFAST (နံနက်စောစောအစာ) စားဖို့ မှာထားပေးခဲ့ဦး။ ငါ့ဆီက လူက ပြန်လေ့လာမထားလို့ ဂျပန်စကား မေ့နေပြီတဲ့”

“ရပါတယ်၊ ဆရာ စားချင်တာသာ ဟောဒီ ပုံစံ စာရွက်ထဲမှာဖြည့်ပြီး အခန်းတံခါး အပြင်က လက်ကိုင်ဘု သီးမှာ ချိတ်ထားလိုက်၊ သူတို့ လာယူလိမ့်မယ်”

“ဟာ သေချာအောင် တယ်လီဖုန်းနဲ့ မှာထားပါဦး”

ကျွန်တော်သည် စားချင်သည့် နံနက်စောစောစာ အမည်များကို ပုံစံစာရွက်တွင်ဖြည့်ပြီး တံခါးလက်ကိုင်ဘုသီးတွင် ချိတ်ထားသည့်အပြင်၊ ဟိုတယ်တာဝန်ကျသူထံသို့လည်း ဖုန်းဆက်၍ ပြောထားခဲ့သည်။

နောက်နေ့နံနက်တွင် ဆရာတက်တိုးထံ ကျွန်တော်ရောက်သွားသောအခါ ကျွန်တော် ထင်သည့်အတိုင်းပင် နံနက်စောစောအစာ နှစ်ခါလာပို့ကြောင်း ပြောသည်။

တော်ပါသေးသည်။ အသွားအပြန် လေယာဉ်စရိတ်ကအစ နေထိုင်စားသောက်စရိတ် အားလုံး ဂျပန်အစိုးရက တာဝန်ယူသည်။ ကျွန်တော်တို့က သုံးစွဲသမျှ လက်မှတ်ရေးထိုးပေးရန်သာ ဖြစ်သည်။

စားအတူ၊ သွားအတူဖြစ်သည်။ နေ့လယ်စာနှင့် ညစာကို ဟိုတယ်ရှိ ကြိုက်ရာစားသောက်ဆိုင်မှာ အတူစားကြသည်။

www.burmeseclassic.com


"မင်း ဘာသောက်သလဲ"

"ရန်ကုန်က ထွက်လာကတည်းက အလကား သောက်ရလို့ အောင်သေအောင်သားစားတဲ့ အနေနဲ့ ရှန်ပိန်ပဲ"

"ငါ့လည်း ရှန်ပိန်ပဲပေး၊ ရန်ကုန်နဲ့ မိုင် ၃၀၀၀ ဝေးတယ်၊ အေးအေးဆေးဆေး ပျော်ပျော်ပါးပါးပေါ့။ စိတ်ချမ်းသာအောင်နေ"

ဌာနဆိုင်ရာ အကြီးအကဲ သဘောမျိုးမဟုတ်ဘဲ မိသားစု အစ်ကိုကြီးသဘောဖြင့်သာ ပြောသည်။ သူနှင့် တွေ့လျှင် အေးရိပ်သာကို ခိုလှုံရသကဲ့သို့ အေးမြသာယာ ကြည်နူးရသည်။

တိုကျိုမြို့မှ ဟီရိုရှီးမားသို့ လေယာဉ်ဖြင့် နှစ်ဖွဲ့ ပေါင်း ခရီးထွက်ခဲ့ကြသည်။

"မင်းနဲ့ငါ အတွေ့နည်းပေမဲ့ မင်း မြန်မာ့အလင်းမှာ ရှိနေတယ်ဆိုတာတော့ ငါ အမြဲသိနေတယ်။ မင်း အခွင့်အရေးသမား မဟုတ်ဘူးဆိုတာလည်း အားလုံးက သိတယ်"ဟု ဟီရိုရှီးမား ငြိမ်းချမ်းရေးပန်းခြံထဲ လမ်းလျှောက်ရင်း ကျွန်တော့်ကို ဆရာတက်တိုးက ဆိုင်းမဆင့် ဗုံမဆင့်ဘဲပြောသည်။ အလွတ်သဘောပြောသော စကားဖြစ်သော်လည်း လုပ်ငန်းသဘော သက်ဝင်နေ၍ ကျွန်တော်က ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

ဟီရိုရှီးမားမှ ကူရေးစီးတီး၊ အိုဆကာ၊ ကျိုတိုသို့ အဆင့်ဆင့် သွားရောက်လေ့လာပြီး ရှေးဟောင်းမြို့တော် ကျိုတိုမှ တိုကျိုမြို့တော်သို့ တစ်နာရီလျှင် မိုင် ၁၃၀ နှုန်း ခုတ်မောင်းသော ကျည်ဆန်ရထားဖြင့် ပြန်ခဲ့ကြသည်။

နောက်နေ့တွင် မြန်မာကိုယ်စားလှယ် နှစ်ဖွဲ့အား ဂျပန်ဝန်ကြီးချုပ် တာနာကာက အစိုးရ၏ ဝန်ကြီးချုပ်အိမ် (ရှေးဟောင်း သစ်သားတစ်ထပ်အိမ်)သို့ ဖိတ်ကြား၍

www.burmeseclassic.com


သတင်းစာရှင်းပွဲ ပြုလုပ်သည်။

နောက်တစ်နေ့၌ သတင်းစာဆရာအဖွဲ့ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ဆရာတက်တိုး ခေါင်းဆောင်သော ပြန်ကြားရေးအဖွဲ့ ဂျပန်နိုင်ငံတွင် ဆက်လက်လေ့လာနေခဲ့သည်။

"ငါတို့ မင်းတို့ ဂျပန်သွားခဲ့တာ ၂၃ နှစ်တောင် ရှိပြီနော်၊ မင်း ဂျပန်မိတ်ဆွေ အဘိုးကြီးတွေ ရှိသေးသလား"

"အဆက်အသွယ် ပြတ်နေတယ်"

ဆရာတက်တိုးသည် ရှေးဟောင်းနှောင်းဖြစ်များကို အားရအောင် ပြောဆိုပြီး "မင်းအသက် ဘယ်လောက်ရှိပြီလဲ"ဟု မေးမြန်းသည်။

"ငယ်ပါသေးတယ်ကွာ၊ ရှေးဟောင်းနှောင်းဖြစ် အတွေ့အကြုံတွေ ရေးစမ်းပါ"ဟု ကျွန်တော် ဆောင်းပါးရေးနေသည်ကို အားပေးအားမြှောက် ပြုလိုက်သည်။

ဆရာတက်တိုး၏အိမ်မှ အပြန်လမ်းခုလတ်၌ ဦးသန်းအောင်သည် အသက် ၇၀ ကျော်ရှိသော ကျွန်တော့်အား ဆရာတက်တိုးက "ငယ်ပါသေးတယ်"ဟု ဆိုလိုက်သည်ကို သဘောကျ၍ ဟက်ဟက်ပက်ပက် ရယ်မောပြောဆိုသည်။

ဟုတ်ပါသည်။ ဆရာတက်တိုးက အသက် ၈၅ နှစ်ကျော်ပြီဖြစ်၍ ကျွန်တော့်မှာ သူ့ထက် ၁၀ နှစ်ကျော် ငယ်သဖြင့် ဆရာတက်တိုးအနေဖြင့်ဆိုလျှင် ကျွန်တော်မှာ လူငယ် ဖြစ်နေသည်။

ဦးသန်းအောင်သည် ကျွန်တော်နှင့် မြန်မာ့အလင်းတွင် လုပ်ဖော်ကိုင်ဖက် ဖြစ်သော်လည်း ကျွန်တော့်ထက် အသက်များစွာ ငယ်လှ၍ အသက်အတော်ကွာခြားသူ ဖြစ်ပါသည်။ ဦးသန်းအောင်အနေဖြင့် ကျွန်တော်မှာ သက်

www.burmeseclassic.com


ကျားအို ဖြစ်နေသဖြင့် ဆရာတက်တိုးက "ငယ်ပါသေးတယ်"ဟု ဆိုလိုက်သည်ကို အံ့သြသဘောကျ၍ ရယ်စရာဖြစ်နေသည်။

ကျွန်တော်ကတော့ ငယ်ပါသေးတယ်ဟု ကြားလိုက်ရ၍ အတော်အားရှိသွားပါသည်။ ကျွန်တော် မြန်မာ့အလင်း မရောက်မီ၊ တာဝန်ခံအယ်ဒီတာ (အယ်ဒီတာချုပ်)အဖြစ် ဆောင်ရွက်သွားသော ဦးတင် (နောင်အခါ ယောဂီဦးတင်)၏ လက်သုံးစကားဖြစ်သည့် "မအိုသေးတဲ့သူ အပျိုကလေးနဲ့တူ"ဟူသော ယောဂီသွေးဆေး ကြော်ငြာကိုကြိုက်၍ အမြဲ အမှတ်ရမိသည်။ ယမကာစကားဖြင့် ဆိုရလျှင် "သန်တုန်း၊ မြန်တုန်း၊ ဂျော်နီ လမ်းလျှောက် (ဂျော်နီဝါးကား)ပါပဲ" မှားမှားမှန်မှန် သည်လိုပဲ အရမ်းဘာသာပြန်လိုက်ချင်ပါသည်။ ငယ်ပါသေးတယ်ဆိုသော စကားမှာ အားဆေးမှီဝဲရသကဲ့သို့ နားဝင်ဆိမ့်၍ လန်းဆန်းလာပါသည်။

အမှန်တော့ ကျွန်တော်သည် ခါးနှင့် ခြေတစ်ဖက် မခိုင်တော့၍ ယိုင်တိယိုင်တိုင်ပါ။ အတော်ထိန်း၍ လမ်းလျှောက်နေရပါသည်။ အိုပြီ၊ နာပြီ၊ တစ်ခုပဲ ကျန်တော့သည်ဆိုတာ ကျွန်တော် အမြဲသတိရှိနေပါသည်။

**[နွယ်နီ၊ မတ်လ ၁၉၉၈]**

www.burmeseclassic.com

# ဘုရင့်နောင်အောင်မြေ

၁၃၆၀ နယုန်လပြည့်ကျော်စ နွေနှောင်းရက်ကျန် ဖြစ်၍ ရာသီဥတုမှာ ပူအိုက်လှသည်။ တစ်လောဆီက ပူပြင်းလွန်း၍ အိုက်စပ်လှသဖြင့် နေရထိုင်ရ အိပ်ရခက်လှ သည်။ မုန်တိုင်းဒဏ်ကြောင့် မိုးဖြိုင်ဖြိုင် ရွာသွန်းလိုက်မှ အပူဒဏ် အတော်သက်သာသွားသည်။ နေ့စဉ်လို မိုးရွာ နေသော်လည်း အအေးဓာတ် ဝင်မလာသေးဘဲ ပူအိုက်နေ သေးသည်။

ရှုမဆုံးသော အရပ်ရှစ်မျက်နှာလုံးမှာ မိုးရေကြောင့် မြရောင်လွှမ်း၍ စိမ်းစိမ်းစိုနေသည်။ အပြာရောင်ကောင်းကင် တွင် မီးခိုးရောင် မိုးသားတိမ်လိပ်များသည် ဂဠုန်နဂါးပုံ အလား ရုပ်စုံတိမ်ပန်းချီ ဖန်ဆင်းထားသည်မှာ နေရောင် ခြည်တွင် အထင်းသား ပေါ်လွင်နေသည်။ လယ်ကွင်းများ မှာ မိုးရေဖွေးဖွေး ဖြစ်နေ၍ ကြည်နူးစရာပင်။

"ဒီဟာ အမှတ် ၃ လမ်းမကြီးပေါ့"

ကျွန်တော့်သမက် မောင်ဖေသိန်းက သူ့ညီမနှစ် ယောက်၊ သူ့သမီးငယ် ဖူးပွင့်မွှန်နှင့်အတူ အသက် ၉၀ရှိ သူ့ကြီးတော် ဒေါ်ပု၊ ကျွန်တော်နှင့် ဇနီးကိုပါခေါ်၍ ပဲခူးသို့ နေ့ချင်းပြန် ဘုရားဖူးလိုက်ပို့ရာတွင် မော်တော်ကား ပေါ်၌ ပြောပြသည်။

www.burmeseclassic.com


ဒဂုံမြို့သစ် တောင်ပိုင်းနေ သူ့ရုံးဝန်ထမ်းသားအမိကို ဝင်ခေါ်ပြီး မောင်းနှင်လာရာ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးထောင့်ကန်၊ ဒါးပိန်မှ အင်းတိုင်ကို ဖြတ်သန်း၍ ရန်ကုန်–မန္တလေး အဝေးပြေး မော်တော်ကားလမ်းမကြီးနှင့် ထိပ်တိုက်ဆုံမိသည်။

ကျွန်တော်သည် ယခင်က ရွာသာကြီးအထိသာ မီးရထားဖြင့် ရောက်ဖူးသည်။ ယခု ပထမဆုံးအကြိမ်၌မော်တော်ကားလမ်းမှ သွားဖူးခြင်းဖြစ်သည်။ ရွာသာကြီးလွန်သော် မြစိမ်းရောင်ရှုခင်းထဲတွင် အနီရောင် ထုထည်ကြီးမားသော အုတ်ခဲပုံကြီးများမှာ လမ်းဘေးဝဲယာနှင့် အိမ်ဝင်းခြံအပြင် ကွင်းပြင်ထဲတို့၌ အုတ်တံတိုင်းကြီးများပမာ တွေ့ရသည်။ အုတ်ခဲဖုတ်လုပ်ရောင်းချလေ့ရှိသော လေးထောင့်ကန်ရွာနှင့် ဒါးပိန်မြို့နယ်ပယ်များဖြစ်သည်။ တည်ဆောက်ရေးခေတ်ဖြစ်၍ လေးထောင့်ကန်နှင့် ဒါးပိန်နယ် တစ်ဝိုက် အုတ်ဖုတ်လုပ်ငန်းမှာ အတော်ကြီးပွားနေသည်။

ထိုနေ့က မိုးတစ်ကြိမ်နှစ်ကြိမ်ရွာပြီး နေခြည်ဖြာသဖြင့် ခရီးသွား၍ကောင်းသော ရာသီဖြစ်သည်။ ရန်ကုန်–မန္တလေး လမ်းမကြီး ပဲခူးလမ်းပိုင်းမှာ အဝေးပြေးလမ်းမကြီးနှင့်အညီ ပီပြင်အောင် နှစ်ဆတိုး၍ ချဲ့ထားသည်။ လမ်းချော၍ "ဖြည်းဖြည်းမောင်း"ဟူသော ဆိုင်းဘုတ်များဖြင့် ယာဉ်မောင်းသူများအား သတိပေးထားသည်။ မော်တော်ကား မောင်းနှင်လာသူမှာ မောင်ဖေသိန်း၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သော မော်တော်ကားမောင်း သင်တန်းဆရာ ဦးအေးထွန်းဖြစ်၍ လမ်းကြော၊ ယာဉ်ကြောနားလည်ပြီး စည်းကမ်းစနစ်တကျ နိုင်နိုင်နင်းနင်းဖြင့် ကားမောင်းကျွမ်းကျင်လှသည်။

တစ်နာရီခန့်အကြာတွင် အင်းတိုင်သို့ရောက်သည်။

www.burmeseclassic.com


နံနက်စောစော အစာဝင်စားကြသည်။ လက်တစ်ဆုပ်စာ မုန့်ဟင်းခါးဖတ်နှင့် ဟင်းရည်ကျဲကျဲ ခပ်ညှံ့ညှံ့၊ လက်ဖက်ရည် ကော်ဖီရှယ်ကလည်း ခပ်ညံ့ညံ့ပင်။ ဈေးနှုန်းကတော့ တစ်ပန်းကန် တစ်ခွက် ကျပ်သုံးဆယ်နှုန်း ပေးရသည်။

ကျွန်တော်သည် အိမ်သာသို့ အရင်သွားပြီးမှ စားသောက်ဆိုင်ထဲသို့ ရောက်ရှိသဖြင့် ကျွန်တော့်အတွက် သူတို့မှာထားပြီးသော မုန့်ဟင်းခါးပန်းကန်ကို ကြည့်ရှုံ့ဖြင့် စားချင်စိတ် ကုန်သွား၍ မစားခဲ့။ ခပ်ညံ့ညံ့ ကော်ဖီကိုသာ အရသာမခံတော့ဘဲ မှိတ်၍ မော့ချလိုက်သည်။

"ညံ့မှညံ့၊ ဘာမှမတန်ဘူး၊ ရိုက်စားပဲ" ဒကာလုပ်သော ဝန်ကြီးများရုံးအနီး၌ စားသောက်ဆိုင် တည်ခဲ့ဖူးသည့် မောင်ဖေသိန်း၏ ညီမငယ် အငယ်မက အင်းတိုင်မှ ခရီးဆက်ထွက်လာစဉ် ဩဘာပေးလိုက်သည်။

ပဲခူးမြို့ထဲ မဝင်မီ ကလျာဏီမဟာသိမ်တော်ကြီးနှင့် ရွှေသာလျောင်း လမ်းထဲသို့ ချိုးဝင်လိုက်သည်။ ဦးစွာ ပထမ ကလျာဏီ မဟာသိမ်တော်ကြီးသို့ ဝင်ရောက်ကြည်ညိုသည်။ သိမ်တော်ကြီးထဲရှိ ဘုရားဖူးပြီး သိမ်တော်ကြီး၏ သမိုင်းပန်းချီကားများကို မော့ကြည့်၍ လေ့လာမိသည်။

"သီရိတြိ ဘဝနာဒိတ္တ ပဝရ ပဏ္ဍိတ သုဓမ္မရာဇာဓိရာဇာ မဟာဒေဝီဘွဲ့ခံ ဟံသာဝတီပြည့်ရှင် ဓေဂိရိဘုရင်မကြီး ရှင်စောပုသည် သမက်တော် ဓမ္မစေတီအား ဘိသိက်သွန်းလောင်း၍ ထီးနန်းကို လွှဲအပ်တော်မူခဲ့သည်။

ဓမ္မစေတီမင်းက မထေရ်များအား သံသယရှိ၍ သီဟိုဠ်ကျွန်းသို့ သွားရောက် ပဉ္စင်းခံစေပြီး ပြန်ရောက်လျှင် သိမ်သမုတ်ရန် မထေရ်များအား လျှောက်ထားသည်။

မောဂ္ဂလာန် မထေရ်နှင့် သီလဝံမထေရ်တို့ အမှူးပြုသော မထေရ် ၄၄ ပါးတို့သည် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသည်။

www.burmeseclassic.com


သီဟိုမထေရ် ၂၄ ပါးတို့က ရာမညတိုင်းသား မထေရ် ၄၄ ပါးအား သိက္ခာချ၍ သာမဏေပြုပြီးမှ တစ်ဖန် ပဉ္စင်းသစ် ခံပေးလိုက်သည်။

သီဟိုဘုရင် 'ဘဝနေက'မင်းက ပဉ္စင်းသစ်များအား ဖူးမြော်၍ တံဆိပ်ကပ်လှူပြီး ပြည်တော်ပြန်လွှတ်သည်။

ဓမ္မစေတီမင်းကြီးသည် သီဟိုပြန်မထေရ်များအား ကိုယ်တိုင်ဆင်း ကြိုဆိုပြီး ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော်ကြီးတွင် ခေါင်းလောင်းကြီး လှူဒါန်းလိုက်လေသည်။

နန်းတော်သို့ ရောက်သောအခါ သီဟိုဘုရင် လှူဒါန်းလိုက်သော စွယ်တော်မြတ်ကို သီဟိုပြန် မထေရ်များက ဓမ္မစေတီမင်းအား ပေးအပ်လိုက်သည်။

ဓမ္မစေတီမင်းသည် နရသူ (ခေါ်) အမတ်ကြီး၏ ရွာငယ်ကို ကိုယ်တိုင်ဆင်း၍ သိမ်သမုတ်ရန် ရွေးချယ်လိုက်သည်။

သက္ကရာဇ် ၈၃၈ ခု နတ်တော်လဆန်း ၈ ရက် တနင်္ဂနွေနေ့တွင် ဓမ္မစေတီမင်းကြီး သိမ်သမုတ်၍ အောင်မြင်ပြီးစီးခဲ့သည်။

ထိုသို့ နှစ်ပေါင်းများစွာက ဓမ္မစေတီမင်း၏ ကုသိုလ်တော် ကလျာဏီ မဟာသိမ်တော်ကြီးမှာ ပျက်စီးယိုယွင်းသွားသဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်ခေတ်တွင် ပဲခူးမြို့ နာမည်ကျော် ရွှေခြူးဆေးပေါ့လိပ်ပိုင်ရှင် ဦးသူတော်သည် မဟာသိမ်တော်ကြီးအား ပြုပြင်ရန် ဆန္ဒပြင်းပြခဲ့သည်။

ထို့ကြောင့် မဟာသိမ်တော်ကြီးကို ပြန်လည်တည်ဆောက်ရန် သက္ကရာဇ် ၁၃၁၅ ခု ဝါဆိုလပြည့် မွန်းတည့် ၁၂ နာရီအချိန်တွင် ဖဆပလအစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ သာသနာရေးဝန်ကြီး ဦးဝင်းတို့သည် ရွှေခြူး

www.burmeseclassic.com


လုပ်သားများ ဝိုင်းရံ၍ ပန္နက်ရိုက်ခဲ့လေသည်။ ၁၃၁၆ ခု၊ ဝါဆိုလပြည့်နေ့တွင် ကလျာဏီ မဟာသိမ်တော်ကြီးကို ပြန်လည်တည်ဆောက် ပြီးစီးအောင်မြင်ခဲ့သည်"

ကလျာဏီ မဟာသိမ်တော်ကြီး၏ သမိုင်းကို ပန်းချီရုပ်စုံများ ရေးဆွဲ၍ ဖော်ပြထားရာ အကျဉ်းချုပ်၍ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

ရွှေခြူးဦးသူတော် ပြန်လည်တည်ဆောက်သော ခေတ်သစ် ကလျာဏီ မဟာသိမ်တော်ကြီးကို ကန်ထရိုက်တာ မန္တလေး ဆရာခင်နှင့် သားများက တာဝန်ယူ တည်ဆောက်ပေးခဲ့ကြောင်း ကမ္ပည်းကျောက်စာကိုလည်း တွေ့ရှိခဲ့ရသည်။

စစ်ကြိုခေတ်က သိမ်ကြီးဈေးမှ ဈေးသည်များ တစ်နေ့လျှင် ပိုက်ဆံနှစ်ပြားဆီ အလှူငွေထည့် စုဆောင်း၍ ဒါနပြုခဲ့သော ရွှေတိဂုံစေတီ အနောက်မုခ် နှစ်ပြားတန်ဆောင်းကြီးနှင့် စောင်းတန်းမှာ ဆရာခင်နှင့် သားများ၏ လက်ရာဖြစ်၍ ယခုတိုင် တွေ့မြင်နိုင်သည်။

ထိုမှတစ်ဆင့် ရွှေသာလျောင်း ရုပ်ပွားတော်ကြီးသို့ အဖူးအမြော် ရောက်သွားကြသည်။ ရွှေသာလျောင်း ရုပ်ပွားတော်၏ ကျောဘက်တွင် နံရံရေးပန်းချီဖြင့် ရွှေသာလျောင်း သမိုင်းကို ရေးခြယ်ဖော်ပြထားသည်။

"ဟံသာဝတီမင်းဆက် ၁၃ ဆက်မြောက် မိဂါဒိပ္ပမင်းသည် မိစ္ဆာဒိဋ္ဌိ နတ်ရုပ်ကြီးအား ကိုးကွယ်ပူဇော်၍ သား တော်ကို တောကစားထွက်စေခဲ့သည်။ သားတော်က သုဝဏ္ဏ ဘူမိမှ ကျေးရွာသူ ဗုဒ္ဓဘာသာဝင် မွန်အမျိုးသမီး ဒလထော် အား နှစ်သက်စုံမက်တော်မူ၍ တော်ကောက်ပြီး ကြင်ယာတော်မြှောက်ခဲ့သည်။ မိစ္ဆာဒိဋ္ဌိ ပူးမတ်များက ကုန်းချော၍ ဒလထော်မင်းသမီးနှင့် အပေါင်းအပါ ဗုဒ္ဓဘာသာဝင်တို့အား ကွပ်မျက်ပြီး ယဇ်နတ်ပူဇော်ရန် မိဂါဒိပ္ပ

www.burmeseclassic.com


မင်းက အမိန့်ချမှတ်လိုက်သည်။ ဒလထော် မင်းသမီးက ဘုရင်ကိုးကွယ်သော မိစ္ဆာနတ်ရုပ်ကြီးရှေ့တွင် ဗုဒ္ဓကို ဦးထိပ်ပန်ဆင်ပူဇော်၍ သစ္စာပြုရာ မိစ္ဆာနတ်ရုပ်ကြီး အပိုင်းပိုင်းပြတ် ကျသွားသည်။

ထို့ကြောင့် မိဂါဒိပ္ပမင်းသည် သံဝေဂရကာ သက္ကရာဇ် ၃၅၆ ခုတွင် ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားပြီး ရွှေသာလျောင်း ဘွဲ့နာမဖြင့် ပူဇော်ခဲ့သည်”ဟု သမိုင်းစာ ရေးထိုးထားသည်ကို အတိုချုံး၍ ဖော်ပြလိုက်ပါသည်။

အဆိုပါ ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကိုလည်း ခေတ်အဆက်ဆက်တွင် ပြည်သူတို့က ပြုပြင်မွမ်းမံခဲ့သဖြင့် ယခုတိုင် တည်တံ့၍ ပူဇော်နေရခြင်းဖြစ်သည်။

ထိုမှတစ်ဖန် မဟာစေတီသို့ ရောက်သွားကြသည်။ ဟိုတစ်ချိန်က မဟာစေတီသို့သွားလျှင် တောကြိုအုံကြားထဲဖြစ်၍ အန္တရာယ်မကင်းဟု ဆိုကြသည်။ ပဲခူးဘုရားဖူးရာတွင် မဟာစေတီသာမက ကိုးသိန်း၊ ကိုးသန်း၊ ရွှေဂူကြီး၊ ရွှေဂူလေး စေတီပုထိုးတို့ပါ မရောက်ရောက်အောင် တောချုံတိုး၍ သွားလေ့ရှိကြသည်။ ယခုတော့ တောရှင်းနေပြီး သာယာဖြောင့်ဖြူးစွာ သွားရသည်။ မဟာစေတီကြီး ပြန်လည်တည်ထား၍ ပြီးစီးအောင်မြင်နေသည်ကိုလည်း ဖူးတွေ့ရသည်။

“မူလ မဟာစေတီကြီး ဒါယကာမှာ ယခု နိုင်ငံတော်အနှံ့အပြားတွင် ကြေးရုပ်တည်ထားပြီး သမိုင်းပြန်ဖော်၍ အမွှမ်းတင်ထားသော ဘုရင့်နောင်ကျော်ထင်ဖြစ်သည်။ သက္ကရာဇ် ၉၂၁ ခု၊ ဝါဆိုလဆုတ် ၂ ရက်နေ့က မဟာစေတီ တည်တော်မူရန် အုတ်မြစ်ချခဲ့သည်။ သံတောင်အမြင့် ၁၅၀ ဖြစ်၍ ၉၂၂ ခု၊ ပြာသိုလဆုတ် ၂ ရက်နေ့တွင် ထီးတော်တင်ခဲ့သည်။

သက္ကရာဇ် ၉၂၅ ခုနှစ် မြေငလျင်ဒဏ်ကြောင့်

www.burmeseclassic.com


ယိုယွင်းသွားသဖြင့် ၉၂၈ ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီး ထီးတော်အသစ် တင်ခဲ့သည်။

သက္ကရာဇ် ၉၅၀ ပြည့်တွင် ငါးဆူဒါယကာမင်း၊ ၉၉၃ ခုနှစ်၌ အနောက်ဘက်လွန်မင်းတရားကြီး၊ ၉၉၅ ခုနှစ်တွင် သာလွန်မင်းတရားကြီး၊ ၁၀၅၉ ခုနှစ်၌ ရတုစာဆို ဘုရင်နတ်ရှင်နောင်၏ ခမည်းတော် မင်းရဲကျော်ထင်တို့က အစဉ်အဆက် ပြုပြင်မွမ်းမံခဲ့ကြသည်။

၁၁၉၂ ခု၊ ကဆုန်လဆန်း ၅ ရက်၊ တနင်္လာနေ့က တုန်လှုပ်ခဲ့သော မြေငလျင်ကြီးဒဏ်ကြောင့် မဟာစေတီကြီး ခေါင်းလောင်းပုံမှစ၍ ပြိုကျပျက်စီးသွားတော့သည်။

လုံး၀ ပြိုကျပျက်စီးသွားသော မဟာစေတီကြီးကို ခေတ်အဆက်ဆက်တွင် ပြန်လည်တည်ထားရန် အမျိုးမျိုး ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ဟုဆိုသည်။ သက္ကရာဇ် ၁၃၂၃ ခု (ခရစ်နှစ် ၁၉၆၂ ခု) နှစ်တွင် ပထစ အစိုးရလက်ထက်၊ နိုင်ငံတော် ၀န်ကြီးချုပ် ဦးနုက ပြန်လည်တည်ထားရန် ပန္နက်ချခဲ့သော်လည်း အခြေအနေ မပေးတော့၍ ပြန်လည်မတည်ထားဖြစ်ခဲ့ပေ။

ထို့ကြောင့် ဘုရင့်နောင်ကျော်ထင်နှင့် မင်းအဆက် ဆက်တို့၏ ကုသိုလ်တော် မဟာစေတီကြီးမှာ ပဲခူးငလျင် ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးပြီး အုတ်ပုံကြီးပမာ နှစ်ပေါင်း ၁၅၀ ခန့် တောချုံဖုံးလွှမ်းခဲ့ရသည်။

သက္ကရာဇ် ၁၃၄၀ ပြည့် ရောက်မှပင် ပြည်သူလူ ထု၏ ကုသိုလ်တော်ဖြင့် တည်ထားပြီးမြောက် အောင်မြင် သွားခဲ့တော့သည်”

ဤသည်ကား အသစ်တည်ထားသော မဟာစေတီ ကြီး၏ ရင်ပြင်တော်ရှိ လေးမျက်နှာ ကျောက်စာတိုင်၌ ကမ္ပည်းထိုးထားသည့် မဟာစေတီသမိုင်းကို အကျဉ်းချုပ် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

**စိတ်ကူးချိုချို**

www.burmeseclassic.com


"တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"ဟု ဆိုသည့်အတိုင်း ပြည်သူတို့သည် ရှေးဟောင်းများကို သမိုင်းအစဉ်အဆက် တည်တံ့အောင် ဆက်ခံ၍ ခေတ်အဆက်ဆက်တွင် အကျိုးပြုခဲ့ကြသည်မှာ အထင်အရှား သက်သေပြုလျက်ရှိသည်။

ဟိုတစ်ချိန်က ပဲခူးရောက်လျှင် မဟာစေတီသို့ သွားရောက်ဖူးမြော်ရာ၌ ပြိုကျပျက်စီးနေသော အုတ်ပုံကြီးကိုသာ ဝမ်းနည်းဖွယ် ဖူးတွေ့ရသည်။ ယခုတော့ စေတီပုထိုးတော်ကြီးကို ရှေးမူအတိုင်း အသစ်တည်ထားသည်ကို ကြည်ညိုစွာ ဖူးတွေ့ရ၍ ဝမ်းသာကြည်နူးမိသည်။

မဟာစေတီကြီး၏ ရင်ပြင်အဆောက်အအုံများမှာ တည်ဆောက်ဆဲဖြစ်သည်။ ရင်ပြင်တော် တစ်နေရာတွင် **"ဘုရင့်နောင်အောင်မြေ"**ဟူသော ကမ္ပည်းဆိုင်းဘုတ်နှင့် ဝင်းခြံခတ်ပြီး အင်္ဂတေဖြင့် ပြုလုပ်ထားသော ဘုရင့်နောင်ရုပ်တုကို တွေ့ရသည်။ ဘုရင့်နောင်၏ ကြေးရုပ်များကို တွေ့ဖူးသော်လည်း ဘုရင့်နောင်၏ အောင်မြေကို မကြုံဖူး၍ ဝင်ရောက်ကြည့်ရှုမိသည်။

အောင်မြေနင်းရလျှင် ကြီးပွားချမ်းသာ တိုးတက်သည်ဟု အယူရှိကြသဖြင့် ရွှေတိဂုံစေတီကြီး၏ ရာဟုထောင့် ရင်ပြင်တော်ရှိ အောင်မြေကိုနင်းပြီး ဘုရားဖူးသူများ နေ့စဉ်နှင့်အမျှ များပြားလှသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ခေတ် မြန်မာနိုင်ငံတော်အစိုးရ အဓိပတိ အရှင်မင်းကြီး ဒေါက်တာဘမော် (ဗိုလ်အောင်ကျော်ခေတ်က နန်းရင်းဝန်)သည် ရွှေဘိုမှ အလောင်းဘုရား ဦးအောင်ဇေယျ၏ အောင်မြေကိုယူ၍ ရန်ကုန်မြို့ ကန်တော်ကြီး ယခု ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ် ကျောဘက်ရှိ ကုန်းမြင့်ပေါ်တွင် 'အောင်မြေ' ထားရှိပြီး မင်းခမ်းမင်းနားဖြင့် စည်တော်ယွန်း၍ အောင်

www.burmeseclassic.com


မြေနင်းခဲ့သည်ကို ကြုံတွေ့ဖူးသည်။

"ရာဇဝင်ကြွေးကို ဆပ်ကြရအောင် သူရသတ္တိရှိတဲ့ ဗမာတွေရယ် x x x ဘယ်လိုဆပ်ရမယ် x x x အမိန့်ရှိပါဦးကွယ် x x x သွေးနဲ့ဆပ်ရမယ် x x x ချွေးနဲ့ဆပ်ရမယ်တဲ့ x x x အခါခါပင် စိတ်အားတက်ဖွယ် အာဇာာရှင် မိန့်ကြားခဲ့တယ် x x x ခါးတောင်းကြိုက်ကာ ဟောဒီစစ်ကို နိုင်အောင်သာတိုက်မယ် x x x အောင်မြေနင်းပြီး သစ္စာအဓိဋ္ဌာန် ပြုခဲ့ပါတယ် ဗမာတို့ရယ် x x x"

မြန်မာနိုင်ငံတော် အစိုးရဝန်ကြီး ဗန္ဓုလဦးစိန်၏ သာသနာရေးနှင့် ဝါဒဖြန့်ချိရေး ဝန်ကြီးဌာန နိုင်ငံတော်တူရိယာဝိုင်းက အောင်မြေနင်းပွဲတွင် အာဇာာရှင် အဓိပတိ အရှင်မင်းကြီး မိန့်ကြားခဲ့သော မိန့်ခွန်းကို တေးပြု၍ သီဆိုကြွေးကြော်ခဲ့သည်။

ယခု မဟာစေတီကြီးရှိ ဘုရင့်နောင်အောင်မြေကို ကျွန်တော် ဝင်ရောက်နင်းပြီး ထိုအောင်မြေမှပင် မဟာစေတီတော်ကြီးအား ဖူးမြော်ပူဇော်ခဲ့ပါသည်။ ရွှေတိဂုံ ရင်ပြင်တော်ရှိ အောင်မြေကို အကြိမ်ကြိမ်အခါခါ နင်းဖူးပြီး ယခု ပဲခူးမဟာစေတီတော်ရှိ ဘုရင့်နောင်အောင်မြေကို နင်းရပြန်သဖြင့် ကျွန်တော် အတော် အားတက်နေသည်။

ဘုရင့်နောင်သည် မြန်မာရာဇဝင်သမိုင်းတွင် အလွန်ထင်ရှားသော ဘုရင်ဖြစ်သည်။ ဘုန်းတန်ခိုးကြီး၍ သူရသတ္တိနှင့် ပြည့်စုံပြီး နိုင်ငံတော်ကြီးအား စည်းလုံးညီညွတ်အောင် မြင်စေသော စွမ်းရည်နှင့် ပြည့်စုံသည်ဟု အဆိုရှိသည်။ ထို့ကြောင့် အလွန်ထင်ရှားကျော်စောသော ဘုရင်တစ်ပါးအဖြစ် ယခုတိုင် အတုယူစံပြုပြီး ဘုရင့်နောင်ကြေးရုပ်များ၊ ဘုရင့်နောင် အထိမ်းအမှတ်နှင့် အမှတ်တရများကို နိုင်ငံတော်က ပြုလုပ်လျက်ရှိလေသည်။

မြန်မာတို့သာမက အိမ်နီးချင်း 'ယိုးဒယား' တို့ကပါ

www.burmeseclassic.com


ဘုရင့်နောင်အား ရိုသေလေးစားကြသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသော ယိုးဒယားအကြီးအကဲတို့မှအစ ယိုးဒယားလူမျိုးတိုင်းသည် ဘုရင့်နောင်ထီးနန်းစိုက်ခဲ့ရာနှင့် ကောင်းမှု ကုသိုလ်တော် ပြုခဲ့သော စေတီပုထိုးများသို့ အထူးပြု သွားရောက်ပူဇော် ကြည်ညိုလေ့ရှိကြသည်။

ဘုရင့်နောင်ကား ဘုန်းတန်ခိုး အလွန်ကြီးလှ၍ ထင်ရှားကျော်စောခဲ့သဖြင့် ယခုတိုင် စံထားကာ အလေး ပြုနေရသော ထူးမြတ်သည့် မြန်မာဘုရင်တစ်ပါးပင်။

"ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို x x x မင်းရဲ ကျော်စွာ ပမာပုံနှုယ် x x x အလောင်းဘုရားတို့လိုကွယ် x x x ဗမာတိုင်း x x x ဗမာမျိုး အားကိုးလောက်ပေရဲ့ x x x မကြောက်တမ်း x x x မလန့်တမ်း ဗမာတွေ အောင်ပန်းဆွတ်ရာလေတယ် x x x"

စစ်အတွင်း ဂျပန်ခေတ်အစက ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ရန်ကုန်မြို့တော်သူ မြို့တော်သားများက မြို့တော်ခန်းမ တွင် ခမ်းနားစွာ ကျင်းပသော ကြိုဆိုဂုဏ်ပြုပွဲ၌ **'ဗမာသူ ရဲကောင်း'** တေးသီချင်းကို တေးပြုစာဆို အေဝမ်းမှ သဟာယ ဆရာတင်က ဘုရင့်နောင်ကို ရှေ့တန်းတင်၍ စံထားကာ ပမာပြုပြီး ဗိုလ်ချုပ်အောင်ဆန်းတို့အား တင်စားဂုဏ်ပြု ချီးကျူးခဲ့လေသည်။

ဘုရင့်နောင် အောင်မြေကိုနင်းပြီး ကျွန်တော့်အတွေး များ ပျံ့လွင့်နေသည်။ ဒေးစွန်ပါကို သွားကြမယ်ဟု ဆိုလိုက်မှ ကျွန်တော်သည် မော်တော်ကားပေါ်တက်ရန် သတိရတော့သည်။

**[ရန်နံ့သစ်၊ ဩဂုတ် ၁၉၉၈]**

www.burmeseclassic.com

# မမေ့နိုင်သော တနာဘဲဆင်ဆေး

ပျောက်သောသူ ရှာလျှင်တွေ့ဟူသော ဆိုရိုးစကား ရှိပါသည်။ ရှာခဲ့ပါသည်။ စုံစမ်းခဲ့ပါသည်။ မတွေ့ပါ။ သတင်းအစအနပင် မရနိုင်ခဲ့ပါ။

ဟိုတုန်းက သူ့နာမည်ကို အပြည့်အစုံ မမေးမိ။ မစပ်စုမိခဲ့သည်မှာ ကျွန်တော်တို့ ညံ့ရာကျသည်ဟု ဆိုလျှင်လည်း ဆိုနိုင်ပါသည်။

ကျွန်တော်တို့ မစပ်စုမိခြင်းမှာ သူမက ဆရာမဖြစ်၍ ကျွန်တော်တို့က စာသင်သား တပည့်များဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

ဂျပန်ခေတ်က ဖြစ်ပါသည်။ ကျွန်တော်သည် ဂျပန်ဘာသာသင်လို၍ ရွှေတိဂုံဘုရားလမ်း စိန်ရောင်ခြည် စေတီနှင့် ကပ်လျက်ရှိသော စိန့်ဂရေဘီယဲလ် (ရှင်ဂဗြေလ) စာသင်ကျောင်း အဆောက်အအုံတွင် ဂျပန်စစ်ဘက်အုပ်ချုပ်ရေးမှ ဖွင့်လှစ်ထားသော (ဒိုင်းအိချိနိပွန်ဂေါဂတ်ကော) အမှတ် ၁၊ ဂျပန်ဘာသာသင်ကျောင်းသို့ တက်ရောက်ခဲ့သည်။

ကျွန်တော် တက်ရောက်ခဲ့သော သင်တန်းမှာ တစ်နေ့ သင်တန်းလေးချိန် ရှိသည့်အနက် နောက်ဆုံးအချိန်

www.burmeseclassic.com


ညနေ ၄ နာရီမှ ၆ နာရီထိ သင်တန်းဖြစ်သည်။ ၁၉၄၃ ခုနှစ်ဆန်းမှ စတင်တက်ရောက်ရသော တစ်နှစ်သင်တန်း ဖြစ်သည်။ ကျွန်တော်တို့ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၅ ဦးစီရှိသည်။ အစိုးရအမှုထမ်း၊ အရာထမ်း၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ဂျပန်ကုမ္ပဏီမှ ဝန်ထမ်း၊ အမှုထမ်းများဖြင့် အလွှာစုံဖြစ်သည်။ အများအားဖြင့် ဂျပန် စကား အနည်းငယ်တတ်ထားသူများဖြစ်သည်။ ကျွန်တော်တို့အတန်းမှာ ၁၆ (ဒီ) ဖြစ်သည်။ ဆရာများမှာ ဖက်ဆစ်ဂျပန် စစ်မှုထမ်းများဖြစ်သည်။ အပြောအဆို အမူအရာနှင့် ဆက်ဆံမှု တင်းမာခက်ထန်လှသည်။ စာသင်ခန်းထဲသို့ မျက်နှာကြောတင်းတင်းဖြင့် ဝင်လာတတ်သည်။ စကားပြော မာကျောသည်။

ထို့ကြောင့် စလျှင်စချင်း ဆောက်ဖြင့်ထွင်း ဆိုသကဲ့သို့ ဂျပန်ဆရာများက မခြေမငံ ပြောဆိုလျှင် ဂျပန်စကား အနည်းငယ်တတ်ထားသော တပည့်များက ငုံ့မခံကြဘဲ နှုတ်လှန်ထိုးကြသဖြင့် အချေအတင်ဖြစ်ကာ သင်တန်းမှာ အဆင်မပြေ ဖြစ်လာသည်။ သင်တန်းအစ ပထမလပိုင်းတွင် ဖက်ဆစ်ဂျပန် စစ်မှုထမ်းဆရာများ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလဲ၍ သင်ကြားသော်လည်း လာသမျှဂျပန်စစ်မှုထမ်း ဆရာများမှာ ဒီပုတ်ထဲက ဒီပဲပင်ဖြစ်၍ အချင်းများပြီး သင်တန်းအဆင်ပြေမလာပါ။ တစ်လတည်းတွင် ဂျပန်စစ်မှုထမ်း ဆရာသုံးလေးဦး ပြောင်းလဲသင်သော်လည်း ထူးမခြားနားပင်။ အပြောအဆို အမူအရာနှင့် ဆက်ဆံမှုများမှာ ဖက်ဆစ်ရုပ်လုံး ထင်ရှားပေါ်လွင်နေပါသည်။ ဖက်ဆစ်ဂျပန် စစ်မှုထမ်းဆရာများမှာ ကျောင်းစာသင်ခန်းဆိုသည်ကို မေ့နေဟန်ရှိသည်။

သင်တန်းသား၊ သင်တန်းသူများမှာ အချိန်ကျလျှင် သင်တန်းခန်းထဲ ဝင်ထိုင်လိုက်လျှင် ဒီနေ့ ဘယ်ဂျပန်ဆရာ

www.burmeseclassic.com


များ လာဦးမလဲဟု အမြဲပင် ရင်တမမဖြင့် ဘဝင်မကျ ဖြစ်နေကြသည်။ ဤအတိုင်းသာ ဖက်ဆစ်စနစ်ဖြင့် ဆက်ဆံနေလျှင် ဂျပန်ဘာသာ ဆက်သင်၍ ဖြစ်ပါဦးမလားဟု တွေးထင်ကြပြီး သင်တန်းတက်ချင်စိတ် ကုန်နေကြသည်။ စုဝေးခန်းမတွင် ကျောင်းအုပ်ဆရာကြီး (ဂေါချောဆင်ဆေး)က ဩဝါဒပေးတိုင်း ကျွန်တော်တို့အတန်း အဆင်မပြေမှုကို ထည့်သွင်းပြောကြား၍ ကျွန်တော်တို့အတန်း ၁၆ (ဒီ)မှာ နာမည်ကြီးလှသည်။

တစ်လခန့်ကြာသောအခါ အသက် ၃၀ ကျော်ရှိ အရပ်အမောင်း ပုပျပ်ပျပ်၊ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်ဖြိုးဖြိုး၊ အမေရိကန် ဆံတောက်ဖြင့် ဘလောက်စ် အင်္ကျီအဖြူလက်တို၊ ကာကီရောင်စကတ်ဝတ်ဆင်၍ လေဒီရှူးဖိနပ်စီးကာ စာအုပ်ကိုင်လျက် ပြုံးရယ်ပြီး ဂျပန်အမျိုးသမီး တစ်ဦး ခြေလှမ်းသွက်သွက်ဖြင့် ဝင်လာပါသည်။ သင်တန်းအခန်းတစ်ခုလုံးကို ထောင့်စေ့အောင် ကြည့်လိုက်ပြီး ပြုံးရွှင်စွာဖြင့် –

"အားလုံး မင်္ဂလာညနေခင်းပါ။ ဆရာမက ဒီအတန်းကို ဒီနေ့က စသင်ပါမယ်။ အားလုံး ပျော်ပျော်ပါးပါး စာသင်ကြရအောင်"ဟု လှိုက်လှိုက်လှဲလှဲ ပြောဆိုလိုက်သဖြင့် ကျွန်တော်တို့ သင်တန်းတစ်ခုလုံး အံ့အားသင့်သွားသည်။ ဂျပန်ကျောင်းတွင် ဆရာမ ရှိသည်ဟု မကြားဖူးသဖြင့် ပို၍အံ့ဩသွားကြသည်။

ကျွန်တော်တို့အတန်း ကုမိချော (မော်နီတာ) ကိုခင်မောင်မြင့်ပင် ကြိုတင်မသိ၍ အတော်အံ့အားသင့်နေသည်။

ကုမိချော ဘယ်သူပါလဲဟု ဂျပန်ဆရာမက မေးမြန်း၍ ကိုခင်မောင်မြင့်က သူဖြစ်ကြောင်း နာမည်ပါပြောလိုက်သည်။

www.burmeseclassic.com


ဆရာမနာမည်က မစ္စတနာဘဲ (MISS TANA-BE) ဟု ဆရာမက သူ့နာမည်ကို ပြောပြသည်။ မျက်နှာ လုံး၍ ရုပ်ရည်ချောမောလှပရုံသာမက ကျက်သရေရှိလှ သည်။ ဆရာမ၏ မျက်လုံးနှင့် နှုတ်ခမ်းများကအစ ကိုယ်ဟန်အမူအရာ လှုပ်ရှားမှုအားလုံးမှာ အကြင်နာတရား များ ထင်ရှားပေါ်လွင်နေသည်။ ဖက်ဆင်အသွင်အပြင် အမူအရာ အရိပ်အယောင်မျှ မတွေ့ရ။ ဟန်လုပ် အယောင် ဆောင်ခြင်းမျိုး မဟုတ်ဘဲ ပကတိ မေတ္တာစေတနာ ထင်ရှားနေပါသည်။ ထို့ကြောင့် ကျွန်တော်တို့ သင်တန်းသား သင်တန်းသူအားလုံးမှာ မမျှော်လင့်ဘဲ ကြမ်းတမ်းခက်ထန်လှသော ကန္တာရထဲတွင် အပြုံးပန်းများ ဝေဆာနေသော စမ်းရေအိုင်ကို တွေ့လိုက်ရသည့်အလား အေးမြကြည်လင်၍ ဝမ်းသာကြည်နူးမိကြပါသည်။ စိတ်ရောကိုယ်ပါ ပျော်မြူးရွှင်လန်းလာကြပါသည်။ "ဒီနေ့ စာမသင်ချင်ကြသေးရင် သီချင်းဆိုကြမလား၊ ဆရာမ စန္ဒရားတီးပြီး ဂျပန်သီချင်း သင်ပေးမယ်၊ ခန်းမထဲသွားပြီး သီချင်းဆိုကြရအောင်"

ဆရာမသည် အာစရိယဝါဒနှင့်အညီ သိမ်မွေ့ညင်သာစွာဖြင့် တပည့်များအား သိမ်းသွင်းစည်းရုံးလေသည်။

ထိုနေ့ညနေ သင်တန်းချိန် ကုန်ဆုံးသည်အထိ စုဝေးခန်းမထဲ၌ ဆရာမက စန္ဒရားတီးကာ ဂျပန်သီချင်း သင်ပေး၍ တပည့်များက လိုက်ဆိုကြပြီး ပျော်ပွဲဆင်နွှဲလိုက်ကြသည်။

တနာဘဲဆင်ဆေးသည် နောက်နေ့မှစ၍ ပျော်ရွှင်စွာ စာသင်ကြားပေးသည်။ မကြာခဏလည်း စုဝေးခန်းမထဲသို့ ခေါ်သွားပြီး သူက စန္ဒရားတီး၍ တပည့်များက ဂျပန်သီချင်း ဆိုကြသည်။

www.burmeseclassic.com


ဆရာမ တနာဘဲသည် အတော်စိတ်ရှည်သည်။ သဘောကောင်းလှသည်။ ရိုးသားပွင့်လင်းသည်။ အမြဲတမ်း အပြုံးပန်းပန်ဆင်လျက် တွေ့ရသည်။ ဟန်လုပ်သော အပြုံးမဟုတ်။ နှလုံးသားထဲမှ လှိုက်လှိုက်လှဲလှဲအပြုံး ဖြစ်သည်။ အပြင်မှာတွေ့လျှင်လည်း အပြုံးမပျက်။ ဆရာမ သည် ဆရာနှင့် တပည့်လို ဆက်ဆံမှုမျိုးထက် မိသားစုလို ရင်းရင်းနှီးနှီး ဆက်ဆံမှုမျိုးကို ပိုမိုလိုလားသည်။

ဆရာမသည် တိုကျိုမြို့တော်သူဖြစ်၍ တက္ကသိုလ် ဘွဲ့ရသူဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် နိုင်ငံခြားဘာသာ ၃၊ ၄ မျိုးလည်း တတ်ကျွမ်းသည်ဆို၏။ ဖက်ဆစ်ဂျပန် စစ်မှုထမ်း ဆရာများထဲတွင် တစ်ဦးတည်းသော ဆရာမဖြစ် သည်။ ဂျပန်စစ်မှုထမ်းဆရာများမှာ တိုကျိုမြို့တော် ဇာတိ မဟုတ်ကြဘဲ နယ်များမှ ဖြစ်သည်ဟု သိရ၏။

တနာဘဲဆင်ဆေးသည် တပည့်တစ်ဦးစီ၏ အကြောင်းကို အလုပ်အကိုင်မှအစ စူးစမ်းသည်။ လက်ရှိ အလုပ်တွင် ပျော်ပိုက်မှုရှိ မရှိ မေးမြန်းသည်။ မပျော် ပိုက်ပါက ဘာအလုပ် လုပ်ချင်သလဲဟု မေးမြန်းတတ်သည်။ ဆရာမသည် ဂျပန်စစ်ဘက်ဌာနဆိုင်ရာများနှင့် ဂျပန်ကုမ္ပဏီ များတွင်လည်း အတော်ဝင်ဆံ့၍ ဆက်ဆံရေးကောင်းပြီး သြဇာထက်မြက်သည်ဟု သိရ၏။ တပည့်များအား အလုပ် အကိုင် အဆင်ပြေရန် ဆက်သွယ်ကူညီ ဆောင်ရွက်ပေး သည်။

စာသင်ရာတွင် စေ့စပ်သေချာသကဲ့သို့ သင်တန်း မဝင်မီ အပြင်တွင်တွေ့လျှင်လည်း ရင်းနှီးစွာ ဆက်ဆံလေ့ ရှိသည်။ သင်တန်းချိန် မကျသေး၍ အပြင်စင်္ကြံတွင် တပည့်များအချင်းချင်း နောက်ပြောင်ပြောဆိုနေသည်ကို ဆရာမကလည်းဝင်၍ အရွှင်အသော ပြောတတ်သည်။

“ဆရာမက သိပ်လှတာပဲနော်”

www.burmeseclassic.com


"တကယ်ပဲလား"

"တကယ်လှပါတယ် ဆရာမ"

"လှတော့ သဘောကျသလား"

"သဘောကျတာပေါ့ ဆရာမ"

ဆရာမသည် အားရပါးရ ရယ်မောတော့သည်။ အရွှင်အသောပြောသော ဂျပန်စကားကိုပင် ဥာဏ်၊ ကရိဏ်းကျအောင် ပြောရင်းဆိုရင်း သင်ကြားပေးတတ်သည်။

ဆရာမနှင့် တပည့် ပျော်ရွှင်စွာ ဆက်ဆံ၍ စာသင်ကြားရသောအခါ ဂျပန်ဘာသာ သင်ယူရခြင်းကို အတော်စိတ်ဝင်စားလာသည်။ သင်ကြားပို့ချရသော ဆရာမ ၏ စေတနာလည်း အကျိုးသက်ရောက်၍ တပည့်များ၏ ဂျပန်ဘာသာ သင်ယူလိုသော ပြင်းပြသည့် ဆန္ဒလည်း ပြည့်ဝသွားသဖြင့် အကျိုးတူ ပူးပေါင်းမိကြပြီး ဆရာမနှင့် တပည့်များ ခိုင်မြဲသော စည်းလုံးမှုကို ရရှိကာ ငြိမ်းချမ်းစွာ ပညာသင်ကြားရေး ဖြစ်မြောက်အောင်မြင်လာသည်။ ထို့ကြောင့် တစ်နှစ်တာသင်တန်း ကာလမှာပင် ဂျပန်ဘာသာကို အတော်ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ရသော အကျိုးကို ရရှိခဲ့လေသည်။

မှတ်မိသေးသည်။

၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ပေးသော လွတ်လပ်ရေးရလျှင် ထိုနေ့ ကျောင်းပိတ်သည်။ ဩဂုတ်လ ၂ ရက် ကျောင်းပြန်ဖွင့်သောအခါ အတန်းထဲ၌ စာမသင်ဘဲ မြန်မာနိုင်ငံ လွတ်လပ်ပြီ။ တပည့်တို့ မြန်မာနိုင်ငံ တိုးတက်အောင် ဘယ်လိုလုပ်ကြမလဲဟု တနာဘဲဆင်ဆေးက တပည့်တစ်ဦးစီအား မေးမြန်းဆွေးနွေးသည်။

တပည့်များက အမျိုးမျိုးအဖုံဖုံ မိမိတို့ အယူအဆများကို ပြောကြသည်။

www.burmeseclassic.com


ဆရာမက ဂျပန်ပြည် တိုးတက်ကြီးပွားအောင် ကြိုးစားခဲ့ရပုံများကို ပြောပြသည်။ ခေတ်မီသိပ္ပံနှင့် စက်မှုနည်းပညာများကို တတ်ကျွမ်းအောင် အမေရိကန်နှင့် ဥပရောပနိုင်ငံများသို့ ဂျပန်လူမျိုး ပညာတော်သင်များ စေလွှတ်ခဲ့ရကြောင်း၊ ဂျပန်ပညာတော်သင်များက မိမိတို့ ဆည်းပူးရသော နည်းပညာသင်ခန်းစာများကို ဂျပန်ပြည်သို့ အပတ်စဉ် ပြန်လည်ပေးပို့ကြသဖြင့် ပြည်တွင်း၌ ဂျပန်လူမျိုး အများအပြား တစ်ပြိုင်တည်း ပွားများလာအောင် သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း၊ ထိုသို့ ပြည်တွင်း၌ ပွားများသင်ကြား ပို့ချရာတွင် စာတွေ့သာမက လက်တွေ့ပါ သင်ကြားပို့ချပေးသဖြင့် ဂျပန်ပြည်မှာ ခေတ်မီသိပ္ပံနှင့် စက်မှုနည်းပညာကို အချိန်တိုအတွင်း တတ်မြောက်ကျွမ်းကျင်လာ၍ တိုးတက်ကြီးပွားလာကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ တိုးတက်ကြီးပွားလာအောင် စာများများဖတ်ပြီး လက်တွေ့အလုပ်များများ လုပ်ကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။ ဆရာမသည် တပည့်များအပေါ်သာမက မြန်မာနိုင်ငံအပေါ်ပါ မေတ္တာစေတနာထားကြောင်း ပြသလိုက်သည်။

(တာချိ–တာချိ–ဘိရုမာဝ–ဝါကာမိုတို့ဝ) "တစ်စတစ်စ မြန်မာနိုင်ငံ တိုးတက်သန်မာ ကြီးပွားလာမည်" ဟူသော ဂျပန်သီချင်းကိုပင် သံပြိုင်ဆိုလိုက်ကြသေးသည်။

ဆရာမ တနာဘဲသည် တပည့်များအပေါ် မိသားစုလို ဆက်ဆံ၍ သံယောဇဉ်ကြီးမားလှသည်။ ကျွန်တော်တို့ တစ်နှစ်သင်တန်း ပြီးဆုံးသောအခါ တိရစ္ဆာန် ဥယျာဉ်သို့ ခေါ်သွားပြီး နှုတ်ဆက်ပျော်ပွဲစား ပြုလုပ်၍ သီချင်းဆိုကြ၊ ကကြ၊ ခုန်ကြ၊ အရွှင်အသော ပြောဆိုကြသဖြင့် ပျော်မြူးကြသည်။ စစ်ဖြစ်နေသည်ကိုပင် မေ့လောက်အောင် ပျော်ကြသည်။

www.burmeseclassic.com


နှုတ်ဆက်ပျော်ပွဲ ပြီးဆုံး၍ ခွဲခွာရခါနီးတွင်ဆရာမ တနာဘဲသည် မျက်ရည်လည်လာသဖြင့် တပည့်မများလည်း မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းလာတော့သည်။ ကျွန်တော်တို့ သင်တန်းသားများပင် မေတ္တာ၊ စေတနာ၊ အကြင်နာကြီးမား၍ တပည့်များအပေါ် သံယောဇဉ်ကြီးမားလှသော တနာဘဲဆင်ဆေးအား ခွဲခွာရမည်ကို များစွာ ဝမ်းနည်းကြသဖြင့် မျက်နှာညှိုးငယ်နေကြတော့သည်။ စောစောက ပျော်ရွှင်ပွဲသည် အလွမ်းဖြင့် အဆုံးသတ်တော့သည်။

ဆရာမ တနာဘဲသည် မျက်ရည်လည်နေရာမှ အားယူ၍ပြုံးပြီး တုန်လှုပ်သော နှုတ်ခမ်းက "တစ်နေ့တော့ ပြန်ဆုံကြသေးတာပေါ့၊ အာလုံး ဆာယိုနာရ"ဟု ကြေကွဲဝမ်းနည်းသော အသံဖြင့် နှုတ်ဆက်သွား၍ တပည့်အားလုံးကလည်း "ဆင်ဆေးဆာယိုနာရ"ဟု ပြိုင်တူ ဝမ်းနည်းစွာဖြင့် နှုတ်ဆက်လိုက်ကြလေသည်။

ကျွန်တော်သည် ဆရာမ တနာဘဲ၏ တပည့်များအပေါ်သာမက မြန်မာနိုင်ငံအပေါ်ပါ မေတ္တာစေတနာ အပြည့်ဖြင့် သံယောဇဉ်ကြီးမားသော အကြောင်းကို လွန်ခဲ့သော ၂၅ နှစ်ကျော်က မတ်လထုတ် စန္ဒာမဂ္ဂဇင်းတွင် တော်လှန်ရေးနေ့ အထိမ်းအမှတ်အဖြစ် **"ဖက်ဆစ်တွေထဲမှ မေတ္တာရှင်"**ဟူ၍ ဆောင်းပါးရေးသားခဲ့ပါသည်။

၁၉၇၄ ခု၊ အောက်တိုဘာလ၌ ကျွန်တော်သည် သတင်းစာဆရာအဖွဲ့ဝင် တစ်ဦးအဖြစ် ဂျပန်နိုင်ငံသို့ သွားရောက်လေ့လာခဲ့စဉ်က ဆရာမ တနာဘဲအား မေးမြန်းစုံစမ်းရှာဖွေခဲ့ပါသည်။

ဂျပန်နိုင်ငံခြားရေးဌာန (ဂိုင်မူရှော)၊ အဆာဟိရှင်ဘွန်းနှင့် ဂျပန်တိုင်း သတင်းစာတိုက်များသို့ ရောက်သွားသောအခါ တနာဘဲဆင်ဆေးအကြောင်း မေးမြန်းစုံစမ်းရာ ကျွန်တော် သိထားသော ဆရာမနာမည်မှာ (တနာဘဲ)သာ

www.burmeseclassic.com


ဖြစ်၍ ဆရာမနာမည် အပြည့်အစုံ မဟုတ်သဖြင့် စုံစမ်းရန် ခက်ခဲကြောင်း ပြောကြပါသည်။

ဂျပန်နိုင်ငံရှိ ရောက်လေရာမြို့များတွင်လည်း စုံစမ်းမေးမြန်းပြန်ရာ အလားတူပင် တနာဘဲ နာမည်လောက်သာ သိရုံဖြင့် စုံးစမ်း၍ မရနိုင်ကြောင်း ပြောကြပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသို့ ရောက်ခဲ့သော်လည်း တနာဘဲဆင်ဆေးအား စုံစမ်းမရသည်ကို အတော်ပင် စိတ်မကောင်းဖြစ်မိပါတော့သည်။

ဂျပန်ဘာသာ သင်ယူပြီး နှစ်ပေါင်း ၃၀ ကြာမှ ဂျပန်နိုင်ငံသို့ ကျွန်တော် ရောက်ရှိသွားရာ ဂျပန်စာကို မေ့နေပြီဖြစ်သော်လည်း ဂျပန်စကားကိုမူ ထမင်းစား ရေသောက်လောက် ပြောနိုင်သေး၍ ပေါင်းသင်းဆက်ဆံရေး အတော်အဆင်ပြေခဲ့ပါသည်။ ထို့ကြောင့် ဆရာမ တနာဘဲ၏ ကျေးဇူးကို ပို၍ သတိရမိသဖြင့် အလျဉ်းသင့်တိုင်း အခြားဆောင်းပါးများတွင်လည်း တနာဘဲဆင်ဆေး၏ ကျေးဇူးကို ထုတ်ဖော်ရေးသားခဲ့ပါသည်။

ဆရာမ တနာဘဲနှင့် ခွဲခွာခဲ့သည်မှာ ၁၉၄၄ ခုနှစ်ကဖြစ်၍ ၅၃ နှစ် ကြာခဲ့ပြီဖြစ်ရာ ထိုစဉ်က ဆရာမ တနာဘဲမှာ အသက် ၃၀ ကျော်ခန့်ရှိသဖြင့် ယခုအခါ အသက် ၈၀ ကျော်ရှိမည်ဖြစ်သည်။ ကျန်နေသေးသော တပည့်များပင် အသက် အငယ်ဆုံး ၇၀ ကျော် နေကြပါပြီ။ တနာဘဲဆင်ဆေး အသက်ထင်ရှား ရှိသေးသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဆရာမ၏ မေတ္တာ၊ စေတနာ၊ အကြင်နာတရားနှင့် ကျေးဇူးကို ကျန်နေသေးသော ကျွန်တော်တို့ တပည့်များက မမေ့နိုင်ဘဲ ထာဝစဉ် သတိရလျက်ပါ။

မေတ္တာ၊ သစ္စာ၊ စေတနာ၊ အကြင်နာနှင့် ကျေးဇူး တရားသည် ကမ္ဘာကြီး ပျက်စီးသွားသော်လည်း ကျန်ရစ် တည်တံ့နေသည်ကို အထင်အရှား တွေ့ရပါသည်။

**[ရန့်သစ်၊ အောက်တိုဘာ ၁၉၉၇]**

www.burmeseclassic.com

## သိက္ခာမမဲ့အောင်ဆင်ခြင်ရသည်

"ခက်လိုက်လေဗျာ"

အမှန်မှာ ခက်နေတာက ကျွန်တော်ပါ။

ကျွန်တော်သည် သတင်းထောက်မှစ၍ တာဝန်ခံအယ်ဒီတာအထိ သတင်းစာလုပ်သက် ၄၅ နှစ်ကျော် ကြာမြင့်ခဲ့၍ ခေတ်အဆက်ဆက် ကြုံခဲ့ရသည်။ အခွင့်ထူးအမျိုးမျိုး ဆုံခဲ့ဖူးသည်။ သတင်းစာဆရာဆိုလျှင် အခွင့်ထူးမတောင်းဆိုရဘဲပင် ပေးချင်ကြသည်။

ဖဆပလ အစိုးရခေတ်တွင် အစိုးရတိုက်ခန်းပြည့်သူ့အိမ်ရာများ ချထားပေးစဉ်က သတင်းစာဆရာတိုင်းအလွယ်တကူ တိုက်ခန်းရကြသည်။ အိမ်ရာချထားရေးဥက္ကဋ္ဌ နောင်အခါ ပြန်ကြားရေးဝန်ကြီးက ကျွန်တော့်အားတိုက်ခန်းမယူ၍ အပြစ်တင်သည်။

"ခင်ဗျားမှာ နေစရာရှိတယ်ဆိုတဲ့ အိမ်က ခင်ဗျားအိမ်ပိုင် မဟုတ်ဘူး၊ အမေ့အိမ်ပဲ၊ တိုက်ခန်းယူပြီး ကိုယ့်ဘာသာ သီခြားနေမှပေါ့"ဟု ဆိုသည်။

ကျွန်တော်က အမေ့အိမ်မှာ နေစရာရှိ၍ တိုက်ခန်းမယူခဲ့ခြင်းဖြစ်သည်။ ယခုတိုင်အောင် အမေ့အိမ်မှာပင် အခြားမိသားစုများနှင့်အတူ တိုးတိုးခွေ့ခွေ့ နေဆဲဖြစ်သည်။

မြန်မာဆိုရှယ်လစ်ခေတ်တွင်လည်း 'မ'နိုင် 'စ'နိုင်သော ရောမ ပုဂ္ဂိုလ်ကြီးတစ်ဦးက "လေးဘီးကား ဝယ်ခွင့်ပါမစ်တွေ၊ တယ်လီဖုန်းတွေ၊ ပြည်တော်ပြန်တိုက်ခန်းတွေရဖို့ ခင်ဗျား ဘာလို့ ကျွန်တော့ဆီ မတောင်းဆိုတာလဲ၊ သတင်းစာဆရာ (ဘယ်သူဘယ်ဝါ အမည်နာမ အတိအကျ) တွေက ကျွန်တော့်ဆီ စာရေးတောင်းဆိုကြလို့၊ ဖုန်းရော၊ တိုက်ခန်းပါမက လေးဘီးကား ဝယ်ခွင့်ပါမစ်နဲ့ တက္ကစီပြေးဆွဲနိုင်အောင် တစ်ခါတည်း လိုင်စင်ပါလုပ်ပေးလိုက်တယ်"ဟု မေးပြော ပြောပါသည်။

"အဲဒီတုန်းက တောင်းဆိုတဲ့အထဲ ကျွန်တော်ပါခဲ့ရင် အခု ခင်ဗျား ထုတ်ပြောတဲ့ သတင်းစာဆရာတွေထဲမှာ ကျွန်တော့်နာမည်လည်း ပါနေမှာစိုးလို့ပေါ့"ဟု ကျွန်တော်က ပြန်ဖြေလိုက်သည်။

ကျွန်တော်သည် ဘယ်ခေတ်က ဘယ်သူ့ကိုကပ်၍ ဘာအခွင့်ထူးတွေ၊ အခွင့်အရေးတွေ ယူခဲ့သည်ဟု အပြောခံရမည်ကို သေမလောက်ကြောက်ပါသည်။ ရှက်လည်း ရှက်တတ်ပါသည်။ အခွင့်ထူးလုပ်ပေးသူကလည်း တစ်ချိန်မဟုတ် နောင်တစ်ချိန်ချိန်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောလိမ့်မည် မဟုတ်ပါလား။ အဆိုပါ ပုဂ္ဂိုလ်ကြီးပင် မကွယ်လွန်မီ နှစ်နှစ်လောက်က မိတ်ဆွေတစ်ဦး၏ မွေးနေ့ပွဲ၌ တွေ့ဆုံခိုက် အခြားဧည့်သည်များရှေ့တွင် သူ၏ ကူညီမစမှုကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဖြစ်အောင် ထုတ်ဖော်ပြောကြားသွားသေးသည်။ ကျွန်တော့်ကိုသာမက သူနှင့်ရင်းနှီးသော အခြားသတင်းစာဆရာများကိုလည်း ကြုံခိုက်ဆုံခိုက် ပြောလိုက်ဦးမည်မှာ သေချာပါသည်။ ကျွန်တော်မှာ အခွင့်ထူးမယူ၍ ဂုဏ်ယူစရာ ဖြစ်သော်လည်း သူ့ထံမှ အခွင့်ထူးယူလိုက်သူများအဖို့ အတော် အောင့်သက်သက် ဖြစ်သွားပေလိမ့်မည်။

www.burmeseclassic.com


သူ၏ ကူညီမစမှုကို လူအများရှေ့တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ဖော်ပြောဆိုလိုက်သော ပုဂ္ဂိုလ်ကြီးအား အပြစ်မဆိုလိုပါ။ လူ့သဘောဝအတိုင်း ပြောလေ့ပြောထရှိကြပါသည်။ လောကတွင် နှုတ်လုံသူ အလွန်ရှားလှပါသည်။ မိမိက သိက္ခာမမဲ့အောင် အခွင့်အရေးသမားမဖြစ်ဖို့ ဆင်ခြင်ရပါသည်။

တစ်လောကပင် ဂါးဒီးယန်း ကိုထွန်းမင်း၏ ဈာပနၵ သတင်းစာဆရာဟောင်းများ စုညီရှေ့တွင် အငြိမ်းစား အားကစားအယ်ဒီတာတစ်ဦးက မြန်မာ့ဆိုရှယ်လစ်ခေတ်တွင် အခွင့်အရေးသမား သတင်းစာဆရာတစ်ဦး သူ့အိမ် မလာစဖူးလာ၍ ရာထူးတက်ရေးအတွက် သူနှင့်ခင်မင်သော ပြန်ကြားရေးဝန်ကြီးအား ပြောပေးရန် အကူအညီတောင်းကြောင်း ဖွင့်ချသွားဖူးသေးသည်။

ကျွန်တော်သည် ရှင်မွန်လှလှပ်၍ ကိုယ်ရည်သွေးနေခြင်း မဟုတ်ပါ။ ဘယ်သူ့မှ မကပ်ရဘဲ ကိုယ့်အရည်အချင်းဖြင့် ရသမျှနှင့်ပင် အခွင့်အရေးသမား မဟုတ်သော သတင်းစာသမား သန့်သန့်အဖြစ် ရပ်တည်နေခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့် အတွေ့အကြုံ ဆောင်းပါးများမှာ ပုဂ္ဂိုလ်စွဲမထား ပါတီဂိုဏ်းဂဏ ဘက်မလိုက်၊ မည်သူမှ ငဲ့ကွက်စရာ အကြောင်းမရှိဘဲ သံယောဇဉ်ကင်းရှင်းစွာ လိပ်ပြာသန့်သန့်ဖြင့် ရေးသားတင်ပြနေပါသည်။

ကျွန်တော်သည် အတော်ဆင်ခြင်၍ ပြောဆိုနေထိုင်ရေးသားရပါသည်။ သားသမီးများ နေ့စဉ်ဈေးမှ ပြန်လာသောအခါ ဈေးဝယ်ရသည်ကို ညည်းညူပြောဆိုသံကြားနေရသဖြင့် "ညည်းမနေကြနဲ့၊ ခေတ်နဲ့အမီ လိုက်နေနိုင်အောင် သမ္မာအာဇီဝရှာကြ၊ ဖွေကြ၊ လုပ်ကိုင်ကြ"လို့သာ ပြောလေ့ရှိပါသည်။

ကျွန်တော်သည် အိုမင်းမစွမ်း၍ စီးပွားဥစ္စာလည်း

www.burmeseclassic.com


မရှာနိုင်တော့ပါ။ သားသမီး ထောက်ပံ့စာနှင့် ကျွန်တော် စွမ်းဆောင်နိုင်သေးသော အတွေ့အကြုံ ဆောင်းပါးများ ရေးသားကာ ရသမှုဖြင့် ရောင့်ရဲနေရပါသည်။

"အခွင့်အရေးတွေ မယူခဲ့တော့ အခုလို အသက်ကြီး လာတော့ ဟန်မကျဘူးပေါ့"ဟု အလွန်ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်းအချို့က ကျွန်တော့်အား ကရုဏာဖြင့် ပြောကြားသဖြင့် ကျွန်တော်က ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ပြောလိုက်ရသည်။ ပြီးမှ ကျွန်တော့် စကားကို အဆုံးသတ်လိုက်ရသည်။

"ကျွန်တော်က အခွင့်အရေးသမား မဟုတ်တော့ ဟန်မကျချင်လည်း နေပါစေဗျာ၊ သိက္ခာမမဲ့ရင် တော်ပါပြီ"

**[နွယ်နီ၊ နိုဝင်ဘာ ၁၉၉၉]**

www.burmeseclassic.com

## တယ်လီဖုန်းသံသရာ

"HELLO 1668"

" HELLO, NEW LIGHT SPEAKING"

"ဟဲလို – ၁၆၆၈"

"ဟဲလို– မြန်မာ့အလင်းက ပြောနေပါတယ်"

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ကျွန်တော်သည် မြန်မာ့အလင်း သတင်းစာတိုက်တွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့စဉ်က တယ်လီဖုန်းကို စတင်ပြောဆိုခဲ့ဖူးပါသည်။

ထိုစဉ်က မြန်မာ့အလင်း သတင်းစာတိုက်မှာ ဆူးလေဘုရားလမ်း၊ အမှတ် ၆၁ တွင် တည်ရှိ၍ ဆူးလေဘုရားအနီး ဖိုက်ချ်စကွဲယားပန်းခြံ (FYTCHE˚SQUA-RE) (မဟာဗန္ဓုလပန်းခြံ)နှင့် မျက်နှာချင်းဆိုင် ဖြစ်ပါသည်။ တယ်လီဖုန်း နံပါတ် ၁၆၆၈ တစ်ခုတည်းသာဖြစ်၍ လိုင်းခွဲများ ရှိပါသည်။ မန်နေဂျင်းဒါရိုက်တာ၊ အထွေထွေ မန်နေဂျာ (တိုက်အုပ်)၊ ကြော်ငြာဌာန၊ ငွေစာရင်းဌာန၊ JOB˚ PRINTING ပြင်ပပုံနှိပ်လုပ်ငန်းဌာန၊ ဖြန့်ချိရေးဌာန၊ စာအုပ်ရောင်းဌာနနှင့် အယ်ဒီတာဌာန၌ လိုင်းခွဲ တယ်လီဖုန်းများ တပ်ဆင်ထားသည်။

စိတ်ကူးချိုချို

www.burmeseclassic.com


စစ်မဖြစ်မီက တယ်လီဖုန်းမှာ အစိုးရက မလုပ်ကိုင်ဘဲ ရန်ကုန်တယ်လီဖုန်း ကုမ္ပဏီ (RANGOON TELEPHONE Co)ပိုင် ပုဂ္ဂလိကလုပ်ငန်းဖြစ်သည်။ ထိုကုမ္ပဏီမှာ လမ်း ၄၀ရှိ ယခု မြန်မာ့ဆက်သွယ်ရေး အော်တိုဖုန်း အင်ဂျင်နီယာချုပ်ရုံး မူလ (TELEPHONE HOUSE) အဆောက်အအုံတွင် တည်ရှိသည်။

တယ်လီဖုန်းမှာ အော်တိုနှင့် မက္ကရိုဝေ့တယ်လီဖုန်းများ မပေါ်သေး။ ကြေးနန်းကြိုးဖြင့် ဆက်သွယ်ထားသော တယ်လီဖုန်းများဖြစ်သည်။ EXCHANGE တယ်လီဖုန်းလိုင်း ဆက်သွယ်ပေးထားသော စခန်းများမှ တစ်ဆင့် ဆက်သွယ်ရသည့် စနစ်ဖြစ်သည်။

"Hello exchange, 1668, please"

၁၆၆၈ ကို ကျေးဇူးပြုပါဟု မိမိ ဆက်လိုသော နံပါတ်ကို ဦးစွာ တောင်းဆိုရပါသည်။ ဆက်သွယ်ရေးစန်းရှိ တယ်လီဖုန်းအော်ပရေတာ အမျိုးသမီးများက လိုင်းအားလျှင် ချက်ချင်းဆက်သွယ်ပေးလိုက်သည်။ လိုင်းမအားသေးလျှင် –

"Sorry, line engaged"

ဝမ်းနည်းပါတယ်။ လိုင်းမအားသေးပါဟု ယဉ်ကျေးချိုသာစွာ စကားပြန်လေသည်။

ကုမ္ပဏီလက်ထက်က ရန်ကုန်မြို့တွင် တယ်လီဖုန်းငှားရမ်းအသုံးပြုခမှာ တစ်လလျှင် အိမ်သုံးအတွက် ရှစ်ကျပ်ဖြစ်၍ ရုံးနှင့် လုပ်ငန်းအတွက် ၁၆ ကျပ်ဖြစ်သည်။ စကားပြောခမှာ တစ်ပဲနှုန်းဖြစ်သည်။ အများသုံး တယ်လီဖုန်းမှာလည်း တစ်ခါပြော တစ်ပဲနှုန်းပင်ဖြစ်သည်။ (၁၆ ပဲ တစ်ကျပ်၊ တစ်ကျပ်မှာ ၆၄ ပြားရှိသည်) နယ်တယ်လီဖုန်းပြောခမှာ သီးခြားနှုန်းဖြစ်သည်။ နယ်တယ်လီဖုန်းမှာ ကြေးနန်းရုံးနှင့် ဆက်သွယ်လုပ်ကိုင်သည်။

www.burmeseclassic.com


ထို့ကြောင့် ရံဖန်ရံခါ အလွန်အရေးကြီးသော အရေးပေါ်ကာလတွင် တယ်လီဖုန်းများကို အစိုးရက ကြေးနန်းဌာနမှတစ်ဆင့် ချုပ်ကိုင်လေ့ရှိသည်။ မန္တလေး အာဇာနည် ၁၇ ဦး ကျဆုံးသော အရေးတော်ပုံတွင် မန္တလေးရှိ သတင်းထောက်များအား ရန်ကုန်ရှိ စာတိုက်များသို့ တယ်လီဖုန်း (သို့မဟုတ်) ကြေးနန်းဖြင့် သတင်းမပို့နိုင်အောင် အစိုးရက မန္တလေးကြေးနန်းရုံးကြီးမှတစ်ဆင့် တားမြစ်ချုပ်ကိုင်သည်။

သတင်းထူးလျှင် ဖြစ်သည့်နည်းနှင့် သက်ဆိုင်ရာ သတင်းစာတိုက်သို့ သတင်းပို့ရန်မှာ သတင်းထောက်တို့၏ တာဝန်ကြီးတစ်ရပ်ဖြစ်သည်။

မန္တလေး အာဇာနည် ၁၇ ဦး ကျဆုံးသော သတင်းမှာ ရောမသတင်းကြီးဖြစ်၍ မန္တလေးရှိ မြန်မာ့အလင်း သတင်းထောက် ဦးကိုကိုလတ် (ကွယ်လွန်) သည် ရန်ကုန်ရှိ မြန်မာ့အလင်း သတင်းစာတိုက်သို့ သတင်းပို့နိုင်ရန် ကြံဖန်စီစဉ်ရသည်။ မန္တလေးမြို့ပေါ်ရှိ ကုန်သည်ကြီးများသည် နေ့စဉ် နေ့ရောညဉ့်ပါ ရန်ကုန်နှင့် တယ်လီဖုန်း ဆက်လေ့ရှိကြသည်။ ဦးကိုကိုလတ်သည် သူနှင့် ရင်းနှီးသော ပိုးထည်ကုန်သည်ကြီး ဦးလှဟန် (နောင် ဦးလှဟန် သိန်းဆုရ)ထံ ချဉ်းကပ်၍ ဦးလှဟန်၏ တယ်လီဖုန်းမှတစ်ဆင့် မြန်မာ့အလင်းသို့ အာဇာနည် ၁၇ ဦး ကျဆုံးသည့်သတင်းကို အချိန်မီ ပေးပို့နိုင်ခဲ့သည် ဆို၏။

တယ်လီဖုန်း လမ်းညွှန်စာအုပ် (TELEPHONE DIRECTORY)ကို ကုမ္ပဏီက နှစ်စဉ်မှန်မှန် ထုတ်ဝေသည်။ လမ်းညွှန်စာအုပ်၏ ရှေ့မျက်နှာများတွင် တယ်လီဖုန်း အသုံးပြုနည်းများ၊ တယ်လီဖုန်းခေါ်နည်း၊ ပြန်ကြားပြောဆိုနည်းများ ပါရှိသည်။ တယ်လီဖုန်းမှာ အရေးတကြီး

www.burmeseclassic.com


သုံးရသော ဆက်သွယ်ရေးဖြစ်၍ အခြားသူများလည်း သုံးနိုင်ရန် အချိန်ပေးရသဖြင့် အကြောင်းကိစ္စကို တိုတိုဖြင့် လိုရင်းပြောကြရန်လည်း နှိုးဆော်ထားသည်။

မြန်မာ့အလင်း သတင်းစာတိုက်တွင်မူ အပျင်းပြေ မပြောရန်၊ ရည်းစားစကား မပြောရန်၊ ထမင်းစားပြီးပြီ လား စသော အပိုလောကွတ်စကားများ တယ်လီဖုန်းမှ မပြောရန် တိုက်အုပ်က ထပ်ဆင့် ညွှန်ကြားထားသည်။

တယ်လီဖုန်းခေါ်သူက ကိုသန်းညွန့်နှင့် စကားပြော ပါရစေဆိုလျှင် တယ်လီဖုန်း ကိုင်သူက ဘယ်သူလဲ၊ ဘာကိစ္စလဲဟု ကိုယ်နှင့်မဆိုင်ဘဲ သူတစ်ပါး၏ ကိုယ်ရေး ကိုယ်တာကိစ္စကို မမေးမြန်းရန် သက်ဆိုင်သူကိုသာ ခေါ်ပေး ရန် ဆောင်ရွက်ရမည်။ လူရှိလျက်နှင့် မခေါ်ပေးချင်သည့် အပြောအဆိုမျိုး မပြောဆိုရန်နှင့် ကြားဖြတ်နားမထောင်ရန် လည်း နှိုးဆော်ထားသည်။

လူတိုင်းတွင် အရေးကြီးသောကိစ္စ ရှိကောင်းရှိမည် ဖြစ်၍ လူယဉ်ကျေးတို့ စည်းကမ်းအတိုင်း လိုက်နာဆောင် ရွက်ပါဟု ဆိုလိုခြင်းဖြစ်သည်။

တယ်လီဖုန်းပျက်လျှင် ကုမ္ပဏီ၏ အရေးပေါ်ဌာန သို့ အကြောင်းကြားပါက မဆိုင်းမတွ ချက်ချင်းလာရောက် ပြင်ဆင်ပေးသည်။ တယ်လီဖုန်းသည် လုပ်ငန်းကိစ္စ အဝဝကို လျင်မြန်စွာ ပြီးမြောက်စေသော ဆက်သွယ်ရေးစနစ်ဖြစ်၍ အရေးအကြီးဆုံး ပစ္စည်းကိရိယာတစ်ခုဖြစ်သည်။ တယ်လီ ဖုန်း တပ်ဆင်ထားပြီး တယ်လီဖုန်းပျက်နေ၍ မပြောရလျှင် တယ်လီဖုန်းသည် လျင်မြန်သော ဆက်သွယ်ရေး မဖြစ်နိုင် သဖြင့် အရေးကြီးသော ပစ္စည်းကိရိယာလည်း မဟုတ်တော့ ဟုဆိုသည်။ ထို့ကြောင့် ရန်ကုန် တယ်လီဖုန်း ကုမ္ပဏီသည် ကမ္ဘာ့ဆက်သွယ်ရေး လုပ်ငန်းလောကတွင် သိက္ခာမကျ အောင် သူ့ကုမ္ပဏီမှ တယ်လီဖုန်းကို ပြောမရသော

www.burmeseclassic.com


အဖြစ်မျိုး မရောက်စေရန် အထူးဂရုစိုက်၍ ချက်ချင်းပြင်ဆင်ပေးသည်။

စစ်ကြီးဖြစ်လာ၍ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာထွက်ပြေးသောအခါ ဘိလပ်သားပိုင် ရန်ကုန်တယ်လီဖုန်းကုမ္ပဏီလည်း အင်္ဂလန်သို့ အပြီးအပိုင် ပြန်သွားတော့သည်။

ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသောအခါ စစ်ဦးဘီလူးနှင့်အတူ ရစ်ဘီးကြီးများ ထမ်းလာပြီး ကြေးနန်းကြိုးများကို လမ်းဘေးသစ်ပင်များပေါ်တင်၍ တယ်လီဖုန်း ဆက်သွယ်လာကြသည်။

"ဟဲလို" ဟူသော အသံအစား "မောရှိ မောရှိ" ဟူသော အသံကို ပြောင်းလဲကြားရသည်။ စစ်တပ်အတွက်သာ ဦးစားပေး၍ အရပ်သားသုံး တယ်လီဖုန်း မရှိသလောက်ပင်။ ဖက်ဆစ်ဂျပန်တို့၏ ဒင်ဝ (DENWA) (တယ်လီဖုန်း)သည် လူထုအား လုံးဝအကျိုးမပြုပေ။ ထို့ပြင် ဓာတ်ဆီရှား၍ မြို့တွင်း၌ မော်တော်ကားလည်း မပြေးဆွဲနိုင်။ မြင်းလှည်း၊ ဆိုက်ကား၊ စက်ဘီးကိုသာ အားကိုးရသည်။ ဂျပန်ဝင်စနှစ်မှာပင် စက်ဘီးနှင့် ဆိုက်ကားများမှာ လေဘီး မသုံးနိုင်တော့ဘဲ ဆော်လစ်တာယာခေါ် ရာဘာဘီးအမာ (သို့မဟုတ်) လှည်းဘီးများကဲ့သို့ မော်တော်ကားတာယာ အဟောင်းများကို လှီး၍ စက်ဘီး၊ ဆိုက်ကားဘီးများအဖြစ် အသုံးပြုရသည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလည်း မလွယ်၊ တယ်လီဖုန်းနှင့် ကြေးနန်းလည်း ဆက်သွယ်မရသဖြင့် ဆက်သွယ်ရေး အခက်အခဲများ အကြီးအကျယ် ဖြစ်လာသည်။

ထိုအကျပ်အတည်းသည် သုံးနှစ်မကြာမီပင် ဂျပန်စစ်ဘက်ကိုပါ ကူးစက်သွားသည်။ ဆေးဝါးရိက္ခာ၊ ပစ္စည်းကိရိယာ၊ သယ်ယူပို့ဆောင်ရေး၊ တယ်လီဖုန်း၊ ကြေးနန်း၊ စာတိုက်ဆက်သွယ်ရေးနှင့် အထွေထွေ အခက်အခဲများ

www.burmeseclassic.com


ကြောင့် သတ္တိပြောင်လုပြီး စစ်စွမ်းရည် ထက်မြက်သည်ဟု ကမ္ဘာက အသိအမှတ်ပြုခြင်းခံရသော ဖက်ဆစ်ဂျပန်တို့သည် ဝါဒရေးရာကိုပါ ကမ္ဘာက လက်မခံတော့၍ ဒုတိယကမ္ဘာစစ်ကြီးတွင် အကြီးအကျယ် စစ်ရှုံးနိုင်ငံကြီး တစ်နိုင်ငံဖြစ်ခဲ့ရသည်။

ဖက်ဆစ်ဂျပန်တို့ ဆုတ်ခွာထွက်ပြေး၍ မြန်မာနိုင်ငံကို ဗြိတိသျှတို့ ပြန်လည်အုပ်စိုးလာသောအခါ တယ်လီဖုန်းကို အစိုးရက တိုက်ရိုက်လုပ်ကိုင်၍ ကြေးနန်းဌာနက တာဝန်ယူ ဆောင်ရွက်သည်။ စစ်ပြီးနောက်ပိုင်းတွင် တယ်လီဖုန်းသုံးစွဲသူ ပိုမိုများပြားလာသည်။ ရန်ကုန်မြို့တွင်း၌ NORTH EXCHANGE, SOUTH EXCHANGE, CENTRAL EXCHANGE ဟူ၍ မြောက်ပိုင်း၊ တောင်ပိုင်း၊ အလယ်ပိုင်းစသော ဆက်သွယ်ရေးစခန်းများ ပိုမိုလာသည်။

ရန်ကုန်မြို့ထဲမှ ဗဟန်းရွှေဂုံတိုင်ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ တယ်လီဖုန်းဆက်လျှင် –

"Hello south exchange, north please."

ဟဲလို တောင်ပိုင်း၊ မြောက်ပိုင်းကို ကျေးဇူးပြုပါဟု ရှေးဦးစွာ တောင်းဆိုရသည်။ မြောက်ပိုင်းရသောအခါ "Hello north, 98 please" မြောက်ပိုင်း ၉၈ ကို ကျေးဇူးပြုပါဟု မြန်မာ့အလင်း တယ်လီဖုန်းကို တောင်းဆိုရပါသည်။

စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်၊ ဖဆပလခေတ်တွင် အော်တိုဖုန်းများ မပေါ်မီက ထိုသို့ အသုံးပြုခဲ့ရာတွင် EXCHANGE မှ တယ်လီဖုန်းအော်ပရေတာ အမျိုးသမီးများက LINE 'ENGAGE လိုင်းမအားသေးပါဟူသော စကားကို အလွယ်တကူ ပြောတတ်ကြသည်ဆို၏။

ထို့ကြောင့် တစ်နှစ်သော ရန်ကုန်သင်္ကြန် ရေသဘင်

www.burmeseclassic.com


တွင် နာမည်ကျော် ရွှေညာသား ရေသဘင်အဖွဲ့က "တယ်လီဖုန်းရုံက ခင်လေးရေ လင်ငေးနေလို့ အင်ဂေ့ အင်ဂေ့"ဟု သံချပ်ထိုး၍ သရော်ခဲ့သည်။

LINE ENGAGE လိုင်းမအားသေးဟူသော တယ်လီဖုန်း အော်ပရေတာ အမျိုးသမီးများ၏ အသံသည် အော်တိုဖုန်းများ ပေါ်လာမှ ပျောက်ကွယ်သွားတော့သည်။ မြန်မာတယ်လီဖုန်း ခေတ်မီလာပါသည်။

၁၉၇၄ ခုနှစ်က ကျွန်တော်သည် ဒီမိုကရေစီ ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ မြန်မာသတင်းစာဆရာ အဖွဲ့ဝင်တစ်ဦးအဖြစ် ဂျပန်နိုင်ငံသို့ လေ့လာရေး ရောက် သွားခဲ့သည်။ တိုကျိုမြို့တော်ရှိ ထိပ်တန်းဟိုတယ်ကြီး တစ်ခုဖြစ်သော နယူးအိုတာနီ၌ တည်းခိုရသည်။ ညသန်း ခေါင်၌ ဟိုတယ်သို့ရောက်ပြီး နံနက်စောစော အခန်းထဲရှိ ရေချိုးကန်ထဲတွင် ရေနွေးစိမ်နေစဉ် ရေချိုးခန်းထဲမှ တယ်လီ ဖုန်းသံ ကြားရသည်။ ဟိုတယ်တည်းခိုခန်းတိုင်းတွင် ဧည့်ခန်း၌ တယ်လီဖုန်းတစ်လုံးနှင့် ရေချိုးခန်းထဲမှာ ဖုန်း တစ်လုံးရှိသည်။

ရေချိုးကန်ထဲမှထ၍ ဖုန်းနားထောင်လိုက်သည်။
"မောရှိ မောရှိ သန်းညွှန့်စံ နက်စ်ကား"
"မောရှိ မောရှိ သန်းညွှန့်ဒက်စ်"
"သန်းညွှန့်စံ အိုကုမူရာဒက်စ်"
"ဟဲဟို ဦးသန်းညွှန့်လား"
"ဟဲလို ကျွန်တော် သန်ညွှန့်ပါ"
"ဦးသန်းညွှန့် ကျွန်တော် အိုကုမူရာပါ"

စစ်အတွင်း ဂျပန်ခေတ်က ဖက်ဆစ်ဂျပန်လေတပ် မြေပြင်အင်ဂျင်နီယာအဖွဲ့၌ တာဝန်ထမ်းဆောင်သွားသော ဂျပန်စစ်ပြန်အဘိုးအို အိုကုမူရာက တယ်လီဖုန်း ခေါ်ခြင်းဖြစ်

www.burmeseclassic.com


သည်။ မိတ်ဆွေတစ်ဦး၏ ကြိုတင်အကြောင်းကြားထား ချက်အတိုင်း ကျွန်တော့်အား တယ်လီဖုန်းဆက်ခြင်း ဖြစ်သည်။

[ဂျပန်မသွားမီ နှစ်ပေါင်း ၃၀ ကျော်က ကျွန်တော် သည် ဂျပန်ခေတ်တွင် ရန်ကုန်မြို့ အမှတ် ၁၊ ဂျပန် ဘာသာသင်ကျောင်း၌ ဂျပန်ဘာသာ သင်ထားခဲ့သည်။ ဂျပန်စာ မေ့နေပြီဖြစ်သော်လည်း စကားကိုမူ ထမင်းစား ရေသောက်လောက် မှတ်မိနေသေးသဖြင့် ဂျပန်နိုင်ငံသို့ ရောက်သည့်အခါ ပေါင်းသင်းဆက်ဆံရေး အတော်အဆင် ပြေခဲ့ပါသည်။ ဆရာမ တနာဘေး (TANABE) (တနာ ဘေးဆင်ဆေး)အား ကျေးဇူးတင်မဆုံးဘဲ များစွာ သတိရမိသည်။]

ဂျပန်ဟိုတယ်များသည် ဧည့်သည်တို့ အပြင်သွား၍ အခန်းတံခါး သော့ခတ်ထားခဲ့စဉ် တစ်ဦးတစ်ယောက်က တယ်လီဖုန်းဆက်သည့်အခါ ဟိုတယ် တယ်လီဖုန်းတာဝန် ခံက လူမရှိကြောင်း ပြန်လာလျှင် အကြောင်းကြားပေးမည်၊ ဖုန်းဆက်သူအမည်၊ ဖုန်းဆက်သည့်အချိန် မည်သည့်ဖုန်း သို့ အကြောင်းပြန်ရမည်ဆိုသော အချက်အလက်များကို ပုံစံစာရွက်တွင် ရေးမှတ်ပြီး သက်ဆိုင်သူ၏ အခန်းထဲသို့ ထည့်သွင်းထားသည်။

တယ်လီဖုန်း အဆက်အသွယ် အရေးကြီးမှုကို ဟိုတယ်မှ ပံ့ပိုးကူညီ အကျိုးဆောင်ပေးရခြင်းဖြစ်သည်။ အလွန်အရာရောက်သော အကျိုးဆောင်မှုဖြစ်၍ နည်းယူ စရာ ကောင်းလှသည်။

အများသုံး တယ်လီဖုန်းမှာ တစ်ခါပြော ၁၀ ယန်း ဖြစ်သည်။ (ကျွန်တော်တို့ ဂျပန်သို့ရောက်စဉ် ၁၉၇၄ အောက်တိုဘာကလ ငွေလဲလှယ်နှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၂၉၇ ယန်းဖြင့် လဲလှယ်သုံးခဲ့ရသည်)

www.burmeseclassic.com


အများသုံး တယ်လီဖုန်း ၁၀ ယန်းထည့်၍ ပြောဆိုနေစဉ် စကားမပြတ်သေးဘဲ အချိန်စေ့သွားလျှင် အသံတိတ်သွားသည်။ သို့သော် လိုင်းမပြတ်သွားပါ။ ဆက်လက်ပြောလိုလျှင် ၁၀ ယန်း ထပ်ထည့်လိုက်ပါက အသံပြန်ကြားရ၍ ပြောလက်စ စကား ဆက်လက်ပြောနိုင်သည်။

သိပ္ပံခေတ်ကြီးနှင့်အတူ တိုးတက်နေသော ဂျပန်တယ်လီဖုန်းသည် အထပ်ပေါင်းများစွာ မြင့်မားသည့် တိုက်တာအဆောက်အအုံကြီးများအောက်၌ အလွန်နိမ့်သော တယ်လီဖုန်းတိုင်များတွင် ကြိုးသွယ်ထားသည်။ တယ်လီဖုန်းလိုင်းမင်း (လိုင်းပြုပြင်သူ)သည် ယူနီဖောင်းဝတ်၍ အလွန်ပေါ့ပါးသော ထင်းရှူးလှေကားကို ပခုံးထက်၌ ချိတ်ထမ်းကာ စက်ဘီးစီးပြီး လိုက်လံပြုပြင် ထိန်းသိမ်းနေသည်ကို လမ်းတိုင်း၌ တွေ့ခဲ့ရသည်။

တယ်လီဖုန်းသည် အရေးအကြီးဆုံး ဆက်သွယ်ရေးဖြစ်၍ မရှိမဖြစ်သဖြင့် ဂျပန်တွင် နေရာတကာ တယ်လီဖုန်းကြိုးများ၊ ပင့်ကူအိမ်ယှက်နေသကဲ့သို့ ဖြစ်နေသည်။ ချက်ချင်းဆက် ချက်ချင်းရ၍ တိုးတက်နေသော ခေတ်ကြီးနှင့်အတူ အလုပ်ဖြစ်နေသည်။ ခေတ်ကြီး တိုးတက်လာအောင်လည်း တယ်လီဖုန်းက အကျိုးဆောင်ထားသည်။ ယနေ့ခေတ်သစ်ကြီးတွင် တယ်လီဖုန်း မရှိလျှင် (သို့မဟုတ်) ပျက်နေလျှင် တလိမ့်ခေါက်ကွေး ဖြစ်သွားနိုင်သည်။ ဘဝနုံချာသွားမည်။ ထို့ကြောင့် ဟန်ကျပန်ကျ နေလိုသူတိုင်း ကြိုးမဲ့ဖုန်းများ၊ ဆယ်လူလာဖုန်းများကို သွားလေရာ ကိုင်ဆောင်ထားသည်။

ယနေ့ ဂျပန်သည် စစ်အတွင်းက ဖက်ဆစ်ဂျပန် မဟုတ်တော့။ တယ်လီဖုန်း စသော ခေတ်မီပစ္စည်း ကိရိယာမျိုးစုံ ထုတ်လုပ်ဖြန့်ချိ ရောင်းချနိုင်စွမ်းရှိသော စီးပွားရေးသမား ဒီမိုကရေစီဂျပန် ဖြစ်လာသည်။ ပြာပုံပေါ်မှ

www.burmeseclassic.com


ကုန်း၍ထလာရသော လူမျိုးဖြစ်သည်။ ကမ္ဘာက အားကျ၍ မော့ကြည့်နေရသော ဂျပန် ဖြစ်နေသည်။

မြန်မာနိုင်ငံလည်း တယ်လီဖုန်း ခေတ်မီလာပါပြီ။ မိုက္ကရိုဝေ့စနစ်ဖြင့် နယ်စွန်နယ်ဖျား မြို့ကြီးများအထိ အသံကြည်လင် ပြတ်သားစွာ ပြောကြားနိုင်ပါသည်။ တစ်နေ့ကပင် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ အေရှားဝါးလ် လုပ်ငန်း သိန္နီနယ် အလုပ်စခန်းမှူး သားဖြစ်သူ ကိုတင်ဝင်းက လားရှိုးမှ ဖုန်းဆက်၍ ရန်ကုန်မြို့တွင်းမှ ဆက်သကဲ့သို့ အသံကြည်လင်ပြတ်သားစွာ ကြားရသည်။ သိန္နီမြို့ တယ်လီ ဖုန်းမှာ ခေတ်မီဖုန်း မဟုတ်သေး၍ ရန်ကုန်သို့ မပြောနိုင် သေးဟု ဆိုသည်။ မကြာမီ သိန္နီလည်း ခေတ်မီတယ်လီဖုန်း ဖြစ်လာနိုင်သည်။

မြန်မာနိုင်ငံသည် တယ်လီဖုန်းပစ္စည်း ကိရိယာများ ထုတ်လုပ်နိုင်သော နိုင်ငံမဟုတ်သေးပါ။ သို့သော် တယ်လီဖုန်း လုပ်ငန်းနည်းပညာကို ကိုလိုနီခေတ်မှစ၍ အတွေ့အကြုံ ရှိခဲ့သဖြင့် တယ်လီဖုန်းလုပ်ငန်း နည်းပညာ ရင့်ကျက်ပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားမှ တယ်လီဖုန်း ပစ္စည်းကိရိယာများ မှာယူတင်သွင်း အသုံးပြု၍ ခေတ်မီတယ်လီဖုန်းဖြစ်အောင် ပြုလုပ်နေရခြင်းဖြစ်သည်။ အလုပ်သမားကလည်း အသစ်စက်စက် ကိရိယာများ ဖောဖောသီသီဖြင့် အရန်သင့် သုံးစွဲလုပ်ကိုင်နေရသော အရာရာ ပြီးပြည့်စုံသည့် ဂျပန်လူမျိုးမဟုတ်။ မြန်မာလူမျိုးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရှိသည့်ပစ္စည်းကိရိယာဖြင့် ကြံဖန်၍ ခေတ်မီတယ်လီဖုန်းဖြစ်အောင် ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်နေကြသော မြန်မာ့ဆက်သွယ်ရေး တယ်လီဖုန်းဝန်ထမ်းများမှာ ဂုဏ်ယူစရာ မဟုတ်လား။

တယ်လီဖုန်းအကြောင်း စပ်စုလိုက်သဖြင့် ကျွန်တော့်အိမ်တွင် တယ်လီဖုန်းရှိသည်ဟု မထင်မှတ်စေလိုပါ။

www.burmeseclassic.com


ကြုံရာဆုံရာ တယ်လီဖုန်းကိုသာ သုံးလေ့ရှိ၍ ကိုယ်တွေ့ ကြုံခဲ့ရသော တယ်လီဖုန်းအကြောင်း တစေ့တစောင်း စပ်စုလိုက်ခြင်း ဖြစ်ပါသည်။

**[ရန်နံ့သစ်၊ ဇူလိုင် ၁၉၉၇]**

www.burmeseclassic.com

## မြန်မာစကား မပြောတတ်သူများ

သူနှင့် ကျွန်တော်သည် လွန်ခဲ့သည့် နှစ်ပေါင်း (၅၀) ကျော်က သတင်းထောက် အတူလုပ်ဖက်ဖြစ်ပါသည်။ ယခုတော့ သူက ဧရာမကုန်သည်ကြီး၊ ဘဏ်ဒါရိုက်တာကြီး၊ ဘာသာရေး၊ သာသနာရေးနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ဦးဆောင်ပုဂ္ဂိုလ်ကြီး ဖြစ်နေ၍ သတင်းပေးသူဖြစ်ပြီး ကျွန်တော်က သတင်းဆောင်းပါးရေးသူ ဖြစ်ပါသည်။

သူက မန္တလေးမြို့၊ ကုန်သည်ပွဲစား၊ စက်ပိုင်ရှင်များအသင်းမှဖြစ်၍၊ ပဲ၊ နှမ်း စသော အညာထွက်ကုန်စည်များကို မန္တလေးကုန်စည်ဒိုင်တွင် နေ့စဉ် ကြီးကြပ်ရောင်းဝယ်ရေး လုပ်ကိုင်နေရသည်။

မန္တလေး ကုန်စည်ဒိုင်သည် အညာထွက် ကုန်များကို အများဆုံး ရောင်းဝယ်နေသော ဌာနကြီးတစ်ခုဖြစ်၍ မြန်မာ့ထွက်ကုန် ရောင်းဝယ်ရေးတွင် အဓိကအခန်းမှ ပါဝင်ဆောင်ရွက်နေရသည်။

ကုန်စည်ဒိုင်တွင် ကုန်စည်အရည်အသွေးနှင့် ကုန်ဈေးနှုန်း အတက်အကျအပြင် ကုန်စည်အထွက်နှုန်း စသည်တို့ကို နေ့စဉ် အချိန်နှင့်အမျှ မှတ်တမ်းထားရသည်။

www.burmeseclassic.com


ယင်းအသင်းတွင် ကုန်သည်၊ ပွဲစား၊ စက်ပိုင်ရှင်များ၏ ကိုယ်စားလှယ်များလည်း ပါဝင်၍ အသင်းသားအင်အား ကောင်းလှသည်။

"မန္တလေးကုန်စည် ပဲ၊ နှမ်းသီးနှံများကို ပြည်တွင်းစားသုံးဖို့ ဖြန့်ချိရောင်းဝယ်မှုနဲ့ ပြည်ပပို့ဖို့ ဝယ်သူများကို ရောင်းချပေးပါတယ်။ နယ်စပ်ကုန်သွယ်ရေးကနေ တရုတ်ပြည်ကဝယ်ရင်လည်း ရောင်းပေးပါတယ်။ ပဲကြီးစတဲ့ ပဲမျိုးစုံကို တရုတ်ပြည်က လာဝယ်ပါတယ်။ အခုတော့ တရုတ်ပြည်က ပဲကြီးနဲ့ ပဲအချို့ကို မြန်မာနိုင်ငံထဲ ပြန်တင်ပို့ရောင်းချနေပါတယ်။ တရုတ်ပြည်က မြန်မာနိုင်ငံကပဲကို မူလက မျိုးအဖြစ်ဝယ်ယူတာပါ။ အခု သူတို့က ပြန်ရောင်းနေပါတယ်။ ကြက်သွန်ဖြူလည်း ထိုနည်းလည်းကောင်းပဲ၊ တရုတ်ကြက်သွန်ဖြူက အကြီးကြီးတွေ၊ ပူတယ်၊ စပ်တယ်၊ ခါးတယ်၊ မြန်မာက သိပ်မကြိုက်ဘူး" ဟု သူက ပြောပြသည်။

မန္တလေးမြို့ ကုန်သည်၊ ပွဲစား၊ စက်ပိုင်ရှင်များ အသင်းတွင် လူမျိုးခြားတွေ လက်ဝါးကြီးမအုပ်နိုင်စေရန် အသင်းဝင်အဖြစ် လက်ခံရေးကို လောလောဆယ်မှာ ရပ်ထားရပြီး အမျိုးသား စီးပွားရေး ထိန်းချုပ်ထားရပုံကိုလည်း ဆက်လက်ပြောပြသေးသည်။

"အသင်းဝင်ဖြစ်ဖို့က နိုင်ငံသားဖြစ်ရမယ်၊ မန္တလေးစည်ပင်သာယာ နယ်နိမိတ်အတွင်းမှာ နေထိုင်သူဖြစ်ရမယ်၊ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းရှိရမယ်လို့ ဆိုထားပါတယ်။ အဲဒီလို သတ်မှတ်ထားတဲ့ အချက်တွေအတိုင်း အခု အသစ်ဝင်လာတဲ့ အသင်းသားတွေမှာ ပြည့်စုံပေမဲ့ မြန်မာစကားတော့ မပြောတတ်ကြဘူးဗျာ၊ ဘယ်လောက်အကြံအဖန် လုပ်ထားသလဲဆိုတာ သိလောက်ပါတယ်။ နိုင်ငံသားလက်မှတ်ကလည်း အသစ်ကျပ်ချွတ်၊ မန္တလေးမြို့

www.burmeseclassic.com


လယ်ခေါင်မှာ တိုက်ကြီး၊ ဝင်းကြီးနဲ့ နေထိုင်ကြတယ်။ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းဆိုတဲ့ လက်ညှိုးထိုးလို့ မလွဲဘူး၊ ဒါပေမဲ့ မြန်မာစကားတော့ မပြောတတ်ဘူး၊ ဒါကြောင့် လောလောဆယ် အသင်းဝင်လက်ခံရေးကို ရပ်ဆိုင်းထားပြီး ထိန်းချုပ်နေရပါတယ်။ နို့မို့ဆိုရင် မန္တလေးက တကယ့် တိုင်းရင်းသားတွေရဲ့ လုပ်ငန်းတွေအပေါ်မှာ သူတို့က ခြယ်လှယ်သွားလိမ့်မယ်၊ သူတို့က နိုင်ငံခြားအဆက်အသွယ်လည်း ကောင်းတယ်၊ လုပ်ငန်းလည်း ကျွမ်းကျင်တယ်၊ ငွေကြေးအရင်းအနှီးလည်း အများကြီးတတ်နိုင်ကြတယ်။ ဒီတော့ မန္တလေးရဲ့ အမျိုးသား စီးပွားရေးကို သူတို့ အလွယ်တကူ လက်ဝါးကြီးအုပ် ခြယ်လှယ်နိုင်တာမို့ အကန့်အသတ် လုပ်ထားရပါတယ်”ဟု ပြောပြသည်ကို လည်း သိရှိမှတ်သားလိုက်ရပါသည်။

**[နိုင်ငံတကာ စီးပွားရေးဂျာနယ်၊ ၂၀–၇–၂၀၀၀]**

www.burmeseclassic.com

# သတင်းတွေ ပေါများလှသည်

မကြာသေးမီက ဂျာနယ်အယ်ဒီတာချုပ်တစ်ဦးနှင့် ဆုံမိရာတွင် ယခုထုတ်ဝေနေသော ဂျာနယ်အများအပြားမှာ သတင်းကို ဦးစားပေး ဖော်ပြလိုကြသောကြောင့် ကြော်ငြာကို သတင်းလုပ်နေကြောင်း ပြောပါသည်။

ယခုခေတ်မှာ သတင်းခေတ်ဖြစ်၍ ဂျာနယ်များက သတင်းကို ဦးစားပေး ဖော်ပြလိုသည်မှာ သဘာဝကျလှပါသည်။ ကြော်ငြာကို သတင်းလုပ်၍ ရေးနေရကြောင်း ဆိုသည်ကိုမူ စဉ်းစားစရာ ဖြစ်လာသည်။ သတင်းမရှိ၍လား၊ ကြော်ငြာလိုချင်၍ သတင်းလုပ်ရေးပေးနေရခြင်းလား။

စာနယ်ဇင်းများသာမက ရုပ်သံ၊ ရေဒီယို၊ အားကစားပွဲများ စသည်ဖြင့် ဌာနဆိုင်ရာများအပြင် ကြော်ငြာကပ်နိုင်၊ ကြော်ငြာသင်ပုန်း ထောင်ထားနိုင်သည့် နေရာအသီးသီးက ကြော်ငြာကို အဓိက အားကိုးအားထားပြုနေကြသည်။ တစ်နည်းဆိုရသော် ကြော်ငြာသည် ပိုက်ဆံပေး၍ ကြေညာရသော သတင်းဖြစ်သည်။

သတင်းခေတ်ကြီးဖြစ်သည့်အတိုင်း ပိုက်ဆံပေး၍ ကြေညာရသော သတင်းလည်း အရေးပါလှပါသည်။ ထို့ကြောင့် ကြော်ငြာမှာ တစ်ဦးတစ်ယောက်၊ တစ်စုအတွက်

ကိုယ်ကျိုးစီးပွားဖြစ်ရန် ပိုက်ဆံအကုန်အကျခံကာ တန်ဖိုးပေး၍ ကြေညာရသော သတင်းတစ်မျိုး ဖြစ်လေသည်။ "ပုလင်းကြီးရင် သတင်းကြီးမယ်၊ ပုလင်းမပါရင် သတင်းမပါဘူး" ဆိုခြင်းမျိုးမှာ သတင်းသတ်မှတ်ချက်ထဲတွင် မပါဝင်ပါ။

သတင်းဆိုသည်မှာ နေရာတကာတွင် ဖြစ်ပေါ်နေသည်။ သို့သော် သတင်းအမြင်ရှိမှ နေရာအနှံ့ သတင်းဖြစ်ပေါ်နေသည်ကို တွေ့ရှိနိုင်သည်။ ထို့ကြောင့် သတင်းလိုချင်လျှင် သတင်းအမြင်ရှိဖို့ လိုပါသည်။ သတင်းအမြင်ရှိလျှင် စီးပွားရေးကြော်ငြာ၊ လူမှုရေးကြော်ငြာ၊ အစိုးရကြော်ငြာ အပြင်သာရေးနာရေး ကြော်ငြာများကို ဂရုစိုက် ဖတ်ရှုလေ့လာပါက အချို့ကြော်ငြာများတွင် သတင်းအစအန များ ရှိသည်ကို တွေ့တတ်ပါသည်။ သတင်းအစအန တွေ့လျှင် သတင်းခြေရာကောက်တတ်ရန်လည်း လိုပါသည်။ သတင်းသမားသည် အမြင်အကြား အနံ့ခံတတ်ရန် လို၍ မျက်စိ၊ နား၊ နှာခေါင်းဖြင့် အမြဲသတိထားရပါသည်။ တွေဝေမိန်းမော စိတ်ကူးယဉ်နေလျှင် ထိုအာရုံကို သတိထားမိမည် မဟုတ်ပါ။ ဖျတ်လတ်နေမှ ဖြစ်နိုင်ပါသည်။

"သတင်း ကိုယ့်ရှေ့ရောက်လာလို့မှ သတင်းမှန်းမသိရင် သတင်းထောက် အယ်ဒီတာ လုပ်မနေနဲ့တော့၊ စာနယ်ဇင်းဆရာ၊ သတင်းစာဆရာ မဖြစ်နိုင်ဘူး"ဟု မြန်မာပြည် သတင်းထောက်များအသင်း (BRA)၏ ပထမဆုံးဥက္ကဋ္ဌကြီး ကွယ်လွန်သူ ဗဟန်းခေတ်သတင်းစာတာဝန်ခံအယ်ဒီတာ ဦးကိုကိုလေး၏ လက်သုံးစကားကို သတိရနေမိသည်။

ထိုသို့ သတင်းမှန်းမသိသူအား သတင်းထောက် အယ်ဒီတာတို့ကို နှုတ်ဖြင့် အလွယ်တကူ ခန့်ထားပြီး အလွယ်တကူပင် ဖြုတ်ပစ်တတ်သော ကွယ်လွန်သူ နာမည်

www.burmeseclassic.com


ကျော် သတင်းစာတိုက်ပိုင်ရှင်နှင့် အယ်ဒီတာချုပ်ကမူ "နက်ဖြန် အလုပ်မဆင်းနဲ့တော့"ဟု နှုတ်ဖြင့် တစ်ချက် လွှတ်အမိန့်ထုတ်၍ အလုပ်မှ ထုတ်ပယ်ပစ်လေ့ရှိသည် ကိုလည်း မြင်ယောင်မိသည်။ ယခုလည်း ဂျာနယ်အတော် များများတွင် အယ်ဒီတာအဖွဲ့ဝင်များ မကြာခဏပင် အပြောင်းအလဲ ပြုလုပ်နေတတ်ကြသည်။

ယခုခေတ်တွင် သတင်းတွေ ပေါများလှသည်။ ရှောင်ရန် သတင်းများ ရှိသကဲ့သို့ ဆောင်ရန် သို့မဟုတ် ရေးသား၍ရသော သတင်းတွေ တစ်ပုံတစ်ပင် ရှိပါသည်။

မီးလောင်၊ လေတိုက်၊ သူခိုးခိုး၊ ဓားပြတိုက် စသော မှုခင်းများ၊ ရုပ်ရှင်မင်းသား မင်းသမီးများ၊ အဆိုတော်များ၊ ဖက်ရှင်နှင့် မော်ဒယ်မယ်များ အကြောင်း အရာများသာ သတင်းမဟုတ်ပါ။ စီးပွားရေး၊ လူမှုရေးတွေ လည်း ရောမသတင်းကြီးများ ဖြစ်ပါသည်။

ကြော်ငြာထဲမှ သတင်းရရှိနိုင်သည် ဆိုခြင်းမှာ သတင်းအစအန ခြေရာကောက်ရန်သာ ဆိုလိုပါသည်။ ကြော်ငြာကို မက်မော၍ ပုဂ္ဂိုလ်တစ်ဦး၏ ထင်ပေါ်ကျော် ကြားမှု၊ တစ်ဦးတစ်ယောက် သို့မဟုတ် လုပ်ငန်းတစ်ခု အကျိုးစီးပွားဖြစ်အောင် ကြောငြာကို သတင်းလုပ်၍ ရေးသားမှုမျိုးကိုတော့ မလုပ်သင့်ပါ။ ထိုသို့ ပြုလုပ်ပါက ကြော်ငြာစာစောင်သာ ဖြစ်ပါလိမ့်မည်။ စာပေစာနယ်ဇင်း ဖြစ်မလာနိုင်သဖြင့် စာဖတ်သူတို့က ကြာရှည်လက်ခံနိုင် ကြလိမ့်မည် မဟုတ်ပါ။

သို့ဖြစ်၍ စာနယ်ဇင်းဆရာတို့ ကြိုက်ရာသာ ရွေး ချယ်ကြပါ။ အတွေ့အကြုံအရ တင်ပြလိုက်ရပါသည်။

**[မော်ဒန်ဂျာနယ်၊ ၁၆ – ၂ – ၂၀၀၀]**

www.burmeseclassic.com

## ကြိုးမိန့် စီရင်ရာဝယ်

ညသန်းခေါင်ယံအချိန် မြင်းခွာသံနှင့် မြင်းဟီသံများ၊ လူတွေ ညာသံပေး၍ ပြေးလွှားလာပြီး ဒိုင်း ဒိုင်း ဒိုင်းနှင့် ပစ်ခတ်နေသော သေနတ်သံများ ဆူညံနေသည်။

လွတ်လပ်ရေးရပြီးစကာလ ပြည်တွင်းသောင်းကျန်းမှုများ ရန်ကုန်မြို့တော် ပတ်လည်ဝိုင်းနေ၍ ရန်ကုန်အစိုးရဟု သမုတ်ခံနေရသော ဖဆပလ အစိုးရလက်ထက် ရန်ကုန်မြို့တော်၏ အဓိက ရပ်ကွက်ကြီးတစ်ခုဖြစ်သည့် ကြည့်မြင်တိုင် ကမ်းနားဈေး၊ ပန်းပင်ကြီးလမ်းတစ်လျှောက် စလင်းကွင်း အနီး မန်ကျည်းတန်းရပ်ကွက်သို့ မြင်းစီးကာ လက်နက်မျိုးစုံပါ သောင်းကျန်းသူများ ဝင်ရောက်စီးနင်း၍ သေနတ်နှင့် ပစ်ကာ လုယက်တိုက်ခိုက်ကြသည်။

စလင်းကွင်းအနီး ပန်းပင်ကြီးလမ်း ဓာတ်ဆီဆိုင်ကို သေနတ်နှင့်ပစ်ခတ်၍ ဝင်ရောက်လုယက်ရာတွင် ဓာတ်ဆီဆိုင်ရှင် သေဆုံးသွားသည်ဆို၏။

ထိုသို့ လူအစုအဝေးဖြင့် စီးနင်းတိုက်ခိုက်သော အမှုကို ကြည့်မြင်တိုင် အိုးဘိုရဲဌာနက အမှုဖွင့် အရေးယူကာ ဓားပြမှု၊ လူသတ်မှုနှင့် နိုင်ငံတော်အား သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် တရားစွဲဆိုခဲ့သည်။

**စိတ်ကူးချိုချို**

www.burmeseclassic.com


ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်ရှိ တရားရုံး အဆောက်အအုံကြီး (LAW COURT) ဒုတိယထပ်ရှိ ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီး ဦးမောင်မောင် (၁၇) သည် ရက်ပေါင်းအတော်ကြာမျှ အဆိုပါ အမှုကြီးကို ကြားနာစစ်ဆေးခဲ့သည်။

သေဒဏ်နှင့် ထောင်ဒဏ်တစ်သက် အပြစ်ပေးနိုင်သော အမှုကြီးဖြစ်၍ အတိမ်းအစောင်းမခံဘဲ နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များကိုလည်း သေချာစွာကြားနာခဲ့သည်။

ထိုအချိန်က ကျွန်တော်သည် သတင်းထောက်တစ်ဦးဖြစ်၍ တရားရုံးသတင်းကိုလည်း တာဝန်ယူရသည်။ ထို့ကြောင့် အဆိုပါ အမှုကြီးကို ရုံးချိန်းရှိတိုင်း သွားရောက်သတင်းယူရသည်။

ဝက်သာပိတ်၍ တရားရုံးများမှာ အမှုကြီးများကို စနေနေ့ တွင် အမိန့်ချမှတ်ခဲသည်။ စနေနေ့တစ်နေ့တွင် အဆိုပါ အမှုကြီးကို ဟံသာဝတီ စက်ရှင်တရားသူကြီးက အမိန့်ချ မှတ်မည်ဆို၍ ရုံးနေ့ဝက်မပိတ်မီ မွန်းတည့်ချိန်အထိ ထိုအမှုသတင်း စောင့်ဆိုင်းနေရသည်။

ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီး ဦးမောင်မောင် (၁၇) သည် အမြဲတမ်း အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်၍ ရုံးတက်သည်။ ထိုနေ့က မွန်းတည့်ချိန်အထိ သူ၏ နားနေခန်းထဲတွင် တဒေါက်ဒေါက်ဖြင့် ရှူးဖိနပ်သံပြင်းပြင်းနင်း၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို တရားစီရင်သော အပြင်ခန်း (တရားခွင်)မှ ကြားနေရသည်။ လက်ရေးတို လက်နှိပ်စက် စာရေးအား အမှုစီရင်ချက်ကို နှုတ်ဖြင့် စာကြောင်းပေးနေသည်။ ကြာလေ ရှူးဖိနပ်သံမှာ ပြင်းလေဟု ထင်ရသည်။ ခြေသံတိတ်ဆိတ်သွားသောအခါ

www.burmeseclassic.com


ရုံးစေအား တရားခွင်ရှိ ရှေ့ဖတ်စာရေးကြီး ဦးခင်ကြီးကို ခေါ်ခိုင်းလိုက်သည်။

တရားခွင်တွင် တရားခံစောင့်ရဲများ၊ တရားခံ၏ မိသားစုများ၊ အမှုလာရောက် နားထောင်သူများ၊ နှစ်ဖက် ရှေ့နေများနှင့် ကျွန်တော်တို့ သတင်းထောက်များသည် စီရင်ချက်ကို တိတ်ဆိတ်ငြိမ်သက်စွာ စောင့်ဆိုင်းနေကြရာမှ ဦးခင်ကြီးသည် ရွံ့တွံ့တွံ့ဖြင့် စက်ရှင်တရားသူကြီး အခန်းထဲဝင်သွားသည်ကို တွေ့မြင်ရ၍ လှုပ်ရှားလာကြ သည်။

မကြာမီ ရှေးဖတ်စာရေးကြီး ဦးခင်ကြီးသည် မျက်နှာ မကြည်မသာဖြင့် ပြန်ထွက်လာပြီး တရားခွင်ရုံးခန်း အပြင်သို့ ခပ်သုတ်သုတ် ထွက်ခွာသွားသည်။ တရားခွင်ရှိ အားလုံးသော လူအပေါင်းတို့သည် ဦးခင်ကြီး၏ သုတ်သီး သုတ်ပျာ လှုပ်ရှားမှုကို အကဲခတ်နေကြသည်။ မွန်းလွဲ ၁၂ နာရီခွဲ စနေနေ့ ရုံးဆင်းမည့်အချိန် နီးကပ်နေပါပြီ။

၁၀ မိနစ်မျှ မကြာမီ စာရေးကြီး ဦးခင်ကြီးသည် စာရွက်ပုံစံ အနည်းငယ်ကို လိပ်ယူလာကာ စက်ရှင် တရားသူကြီး၏ အခန်းထဲသို့ ရေးကြီးသုတ်ပျာ ဝင်သွား သည်။

စက်ရှင်တရားသူကြီး၏ အခန်းထဲမှ လက်နှိပ်စက် ရိုက်သံ ပြတ်တောင်းပြတ်တောင်း ကြားရသည်။ ပုံစံတွင် ဖြည့်စွက်ရိုက်နှိပ်သည့် အနေအထား ဖြစ်ဟန်တူသည်။

မကြာမီ ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီး ဦးမောင်မောင် (၁၇) သည် စာရေးကြီးများနောက်မှ လိုက်ပါ၍ တရားခွင်သို့ ထွက်လာသည်။ တရားခွင်ရှိ လူအပေါင်းတို့က ရုတ်တရက် မတ်တတ်ရပ်၍ စက်ရှင် တရားသူကြီးအား ဂါရဝပြုလိုက်ကြသည်။ စက်ရှင်တရား သူကြီး တရားခွင်၌ ထိုင်ပြီးနောက် မကြာမီပင် စာရေးကြီးက

www.burmeseclassic.com


စီရင်ချက်ကို တရားခွင်၌ ဖတ်ကြားပြသည်။ စီရင်ချက်တွင် အမှုသွားအမှုလာ ဖြစ်ပျက်ပုံ အလုံးစုံ အရေးကြီးသော သက်သေထွက်ချက်များနှင့် ရှေ့နေလျှောက်လဲချက်များ အမှုပေါ် ဆင်ခြင်သုံးသပ် ယူဆချက်ကို တင်ပြထားသည်။

စီရင်ချက် နိဂုံးပိုင်း ပြစ်ဒဏ်ချမှတ်ချက်၌ တရားခံတို့အား သေဒဏ်ဟု ကြိုးမိန့်ချမှတ်လိုက်ရာ တရားခံများမှာ မတ်တတ်ရပ်၍ စီရင်ချက်ကို နာခံနေရာမှ အရုပ်ကြိုးပြတ်ကျသကဲ့သို့ တရားခွင် ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။ တရားခံစောင့် ရဲတို့မှာလည်း ကြက်သေသေသကဲ့သို့ ဖြစ်သွားသည်။ တရားခံ မိသားစုများ၏ ငိုသံများမှာလည်း ကမ္ဘာပျက်သကဲ့သို့ တရားခွင်တစ်ခုလုံးကို လွှမ်းသွားတော့သည်။

စက်ရှင်တရားသူကြီး ဦးမောင်မောင် (၁၇) မှာ စီရင်ချက် ချမှတ်၍ သေဒဏ်အမိန့်ပုံစံတွင် လက်မှတ်ရေးထိုးပေးပြီး သူ့အခန်းထဲသို့ မျက်နှာမသာမယာဖြင့် ဝင်သွားတော့သည်။ ကြီးလေးသော တာဝန်ကြီးတစ်ရပ်ကို ခက်ခဲနက်နဲစွာ ဆောင်ရွက်ပြီး ပင်ပန်းနွမ်းနယ်ပုံရသည်။ အလားတူပင် ကျွန်တော်တို့ သတင်းထောက်များ အပါအဝင် တရားခွင်တွင် အမှုလာရောက် နားထောင်ကြသော မသက်ဆိုင်သူများပင် မျက်နှာညှိုးငယ်၍ စိတ်မကောင်းဖြစ်နေကြသည်။

ဥပဒေက မည့်မျှပင် ပြင်းထန်နေစေကာမူ တရားသူကြီးသည် သေဒဏ်ကို မဆိုထားဘိ ထောင်ဒဏ်ကိုပင် ဥပဒေက အခွင့်အာဏာပေးထားသော အာဏာကုန်သုံးသင့်၊ မသုံးသင့်ကို အမှုသွား အမှုလာအပေါ်၌ ဆင်ခြင်သုံးသပ် လေ့လာပြီး အချိန်ယူ ဆုံးဖြတ်ကြသည်။

တရားခံအပေါ် ပြစ်မှုထက် အပြစ်ဒဏ်က ပိုမသွားစေရန် အတော် သတိထားရပြီး လူသားချင်း စာနာကာ

www.burmeseclassic.com


ခွင့်လွှတ်နိုင်သမျှ ခွင့်လွှတ်၍ စီရင်ကြသည်။ သေဒဏ်အထိ အပြစ်ပေးနိုင်သော အမှုမျိုးတွင်မူ လူ့အသက်တစ်ချောင်း မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရလျှင် အာဃာတတရားဖြင့် ကလဲ့စားချေမှု လွတ်မည်မဟုတ်၍ မိမိ၏ အာဃာတနှင့် ပယောဂ မပါမိစေရန် တတ်နိုင်သမျှ အချိန်ယူ စဉ်းစားချင့်ချိန် ပြီး စီရင်ချက် ချမှတ်လေသည်။ ပြစ်ဒဏ်သည် တရားသူကြီးတို့၏ အဆုံးအဖြတ်ဖြစ်သည်ဆိုသော်လည်း လွယ်လွယ်ကူကူ အပြစ်မပေးကောင်းဟု ဆိုသည်။ အဂတိကင်းသော တရားမျှတသော စီရင်ဆုံးဖြတ်မှုဖြစ်ရန် များစွာ အလေးအနက်ထား၍ ဆင်ခြင်စဉ်းစားရပါသည်။ ပြစ်မှုကျူးလွန်မှုမှာ ကမ်းကုန်၍ မည်သို့မှ ခွင့်လွှတ်နိုင်စွမ်း မရှိမှသာလျှင် ဥပဒေ၏ အခွင့်အာဏာကုန် ပြစ်ဒဏ်ပေးတတ်ကြသည်။ သစ္စာနှင့် သမာဓိမှာ တရားရေးတွင် အဓိကဖြစ်သည်။ တရားရုံးကြီး အဝင်ဝတွင် သင်္ကေတ ပြုလုပ်ဖော်ပြထားသော ချိန်ခွင်ပြယုဂ်ကြီးကို မြင်ယောင်မိသည်။ ဤသည်ကိုပင် တရားကို နတ်စောင့်သည်ဟု ဆိုလိုခြင်း ဖြစ်ဟန်တူပါသည်။

ထို့ကြောင့် ထိုနေ့က ဟံသာဝတီခရိုင် စက်ရှင်တရားသူကြီး ဦးမောင်မောင် (၁၇) သည် ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်သော အဆိုပါ အမှုကြီးကို သူ့အခန်းထဲတွင် အချိန်ကြာမြင့်စွာ ဆင်ခြင်သုံးသပ် ချင့်ချိန်၍ ကြီးလေးသော ပြစ်ဒဏ်စီရင်ချက် ချလိုက်ခြင်းဖြစ်သည်။

စီရင်ချက် ချမှတ်ရန် ထိုနေ့က စက်ရှင်တရားသူကြီး ဦးမောင်မောင် (၁၇)သည် အတော်ခက်ခဲနက်နဲစွာ စဉ်းစားဆုံးဖြတ်ရ၍ စိတ်ပန်းလူနွမ်းပြီး အလွန်ပင်ပန်း နွမ်းနယ်ရှာသည်ဟု လက်ရေးတို စာရေးကြီးက ကျွန်တော်တို့အား ပြောပြသည်။

မှန်ပါသည်။ တရားစီရင်ရသော ပုဂ္ဂိုလ်များအဖို့

www.burmeseclassic.com


တရားမျှတစွာ အလေးအနက် စဉ်းစားဆုံးဖြတ်နိုင်ရန်မှာ မလွယ်ကူလှပါ။ နက်နက်နဲနဲ စဉ်းစားဆင်ခြင် ဆုံးဖြတ်ရန် ဆင်ခြင်တုံတရားများစွာဖြင့် ဆောင်ရွက်ရသည်မှာ အတော်ပင်ပန်းနွမ်းနယ်ရှာမည်ကို ယုံမှားသံသယဖြစ်စရာ မလိုပါ။

ရှေ့ဖတ်စာရေးကြီး ဦးခင်ကြီးမှာလည်း စက်ရှင်တရားသူကြီးက သေဒဏ်အမိန့်ပုံစံ (DEAD "WARRANT" FORM) သွားရောက်ယူရန် တာဝန်ပေးရာတွင် အတော်တုန်လှုပ်ချောက်ချား၍ သူ့ကိုယ်မှာ နတ်ပူးသကဲ့သို့ တဆတ်ဆတ် တုန်နေပြီး သေဒဏ်အမိန့်ပုံစံကို မဝံ့မရဲ ယူခဲ့ရသဖြင့် အတော် စိတ်ညစ်မိပါသည်ဟု ထိုနေ့က ကျွန်တော်တို့အား ပြောပြလေသည်။

မည်သို့ပင်ဖြစ်စေ လူအဖြစ်ကား ရခဲလှ၍ လူသားချင်း စာနာတတ်သူများသည် မိမိနှင့် မသက်ဆိုင်သော်လည်း လူ့အသက်တစ်ချောင်း ဆုံးရှုံးမည်ဆိုလျှင် တုန်လှုပ်မိကြမည်မှာ အမှန်ပင်။

**[နွယ်နီ၊ မတ်လ ၁၉၉၉]**

www.burmeseclassic.com

## အားကစားနှင့် ငြိမ်းချမ်းရေး
## ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် နိုဘယ်ဆု

ရှေးခေတ် အိုလံပစ်အားကစားပွဲသည် အိုလံပီယာ စစ်ပြေငြိမ်းရေးမှ စတင်ခဲ့သည်။

ထို့ကြောင့် အားကစားသည် ငြိမ်းချမ်းရေးကို သရုပ်ဆောင်သည်ဆို၏။

စစ်မက်ဖြစ်ပွားမှုမရှိသော ငြိမ်းချမ်းရေးကာလတွင် ခေတ်သစ်အိုလံပစ် အားကစားပွဲများကို လေးနှစ်တစ်ကြိမ် ကျ ကမ္ဘာပေါ်ရှိ နိုင်ငံတို့တွင် တစ်လှည့်စီ တာဝန်ယူ၍ ကျင်းပခဲ့ကြသည်။

ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွား ခဲ့သော အချိန်ကာလတွင် အိုလံပစ် အားကစားပွဲများ မကျင်းပနိုင်ခဲ့ပါ။ စစ်မက်ဖြစ်ပွားနေသည့် အချိန်ကာလတွင် နိုင်ငံတကာ အားကစားပွဲများ မကျင်းပနိုင်ခြင်းမှာ ငြိမ်းချမ်းမှု မရှိခြင်းကြောင့် ဟု ဆိုလိုသည်။ သို့ဖြစ်၍ အားကစားသည် ငြိမ်းချမ်းရေး၏ ပြယုဂ်ဖြစ်သည်။ အားကစားဖြင့် ငြိမ်းချမ်း ရေး ဖြစ်ပေါ်လာအောင်လည်း စွမ်းဆောင်နိုင်သည်။ အားက စားသည် အငြိုးကြီးလှသော ရန်ဘက်နိုင်ငံများကိုပင် လက်နက် ကိုင်စွဲ၍ ရန်မူခြင်း မပြုသည့်အပြင် နိုင်ငံရေး

www.burmeseclassic.com


ဝိဝါဒ ကွဲပြားမှုကိုပင် အပြင်းမပွားဘဲ မိတ်ဆွေဖြစ်လာစေသည်။

ယခုခေတ်ကာလမှာပင် ထိုသို့သော သာဓကများ ကြုံခဲ့ရသည်ကို မှတ်မိကြဦးမည် ထင်ပါသည်။

စစ်အေးကာလက တံခါးပိတ်ဝါဒကို ကျင့်သုံးနေသော တရုတ်ပြည်နှင့် အရင်းရှင် အမေရိကန်နိုင်ငံတို့ ပင်ပေါင်အားကစား (စားပွဲတင်တင်းနစ်)ဖြင့် တင်းမာမှု လျော့စေသည်။ မိတ်ဖြစ်ဆွေဖြစ် ဆက်ဆံရေး ပြုမူလာခဲ့သည်။

ပင်ပေါင်အားကစားကို အလွန်ဝါသနာပါ၍ တရုတ်လူမျိုး ကျားမ မရွေး၊ ကြီးငယ်မဟူ ကျွမ်းကျင်စွာ ရိုက်ကစားနိုင်သဖြင့် ပင်ပေါင်သည် တရုတ်လူမျိုးတို့၏ မူပိုင်အားကစားကဲ့သို့ဖြစ်သည်။ အရင်းရှင်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို နိုင်ငံရေးအရ မည်မျှပြေလည်အောင် ဖြေရှင်းဆက်ဆံ၍မရဘဲ တင်းမာမှုသာ ကြီးထွားစေခဲ့သဖြင့် တရုတ်လူမျိုးတို့ အလွန်ဝါသနာထုံသော ပင်ပေါင်အားကစား ချစ်ကြည်ရေး မိတ်ဆက်ကစားရန် အမေရိကန်နိုင်ငံမှ ပင်ပေါင်အားကစားအဖွဲ့အား တရုတ်ပြည်သို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ အမြဲတမ်း ရန်စောင်နေသော တင်းမာမှုမှာ ရုတ်တရက်ပင် လျော့ပါးသွားစေပြီး ရန်ပြေ၍ မိတ်ဖြစ်ဆွေဖြစ် ပေါင်းသင်းဆက်ဆံလာခြင်းဖြစ်သည်။ တံခါးပွင့်သွားပြီး ကုလသမဂ္ဂ အဖွဲ့ဝင်အဖြစ်သာမက လုံခြုံရေးကောင်စီတွင် အမြဲတမ်း အဖွဲ့ဝင်ဖြစ်လာပါသည်။ ထို့ကြောင့် အားကစား စွမ်းအားသည် စစ်ရေးဖြင့်လည်းကောင်း၊ နိုင်ငံရေးဝိဝါဒ ဆန့်ကျင်ဘက်ဖြင့်လည်းကောင်း၊ ရန်စောင်၍ မငြိမ်းမချမ်းဖြစ်မှုကို ရန်ပြေ၍ မိတ်ဆွေဖြစ်လာအောင် ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေသည်။ နိုင်ငံတကာနှင့် ချစ်ကြည်ပေါင်းသင်း ဆက်ဆံနိုင်သော ငြိမ်းချမ်းရေး

www.burmeseclassic.com


အစစ်ဖြစ်၍ မိမိတို့ ပြည်သူပြည်သားများသာမက ကမ္ဘာသူ ကမ္ဘာသားအားလုံး ကာယသုခ၊ စိတ္တသုခ ဖြစ်စေသဖြင့် အလွန်မွန်မြတ်လှပေသည်၊

ထိုသို့ ပင်ပေါင်အားကစားဖြင့် တရုတ်ပြည်နှင့် အမေရိကန်နိုင်ငံတို့မှာ ငြိမ်းချမ်းရေး ရရှိသွားသည်ကို ကမ္ဘာ့နိုင်ငံရေး လောကတွင် "ပင်ပေါင်ဒီပလိုမေစီ"ဟု ဝေါဟာရအသစ် ဖြစ်ပေါ်လာတော့သည်။

တစ်ဖန် အမေရိကန်နှင့် အီရန်တို့ အကြီးအကျယ် ရန်စောင်၍ တင်းမာမှုရှိခဲ့ရာမှ ကမ္ဘာ့ဘောလုံးပြိုင်ပွဲတွင် အမေရိကန်ဘောလုံးအသင်းနှင့် အီရန်ဘောလုံးအသင်းတို့ ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင်ခဲ့ရပြီး ဘောလုံးကစားခြင်းဖြင့် မိတ်ဖြစ်ဆွေဖြစ်အခြေအနေသို့ ရောက်ရှိစေခဲ့သည်။

ကွန်မြူနစ်ဝါဒနှင့် အရင်းရှင်ဝါဒ ကျင့်သုံး၍ ဆန့်ကျင်ဘက်ဖြစ်ကာ နှစ်ခြမ်းကွဲနိုင်ငံ ဖြစ်နေခဲ့သော တောင်နှင့်မြောက်ကိုရီးယားနိုင်ငံတို့သည် စစ်ရေးရော နိုင်ငံရေးအရပါ ရန်စောင်တင်းမာနေခဲ့ရာ တစ်နိုင်ငံတည်းအဖြစ် ပြန်လည်ပေါင်းစည်းရန် အမျိုးမျိုး ကြိုးစားကြိုးစည်ခဲ့ရာ မအောင်မြင်သေးသော်လည်း မကြာသေးမီက ပြီးစီးသွားခဲ့သော (၂၀၀၀) ပြည့်နှစ် သြစတြေးလျ ပြိုင်ပွဲကြီးတွင် တောင်နှင့် မြောက်ကိုရီးယား နှစ်ခြမ်းကွဲနိုင်ငံ နှစ်နိုင်ငံတို့သည် အလံတစ်မျိုးတည်း လွှင့်ထူကာ ပေါင်းစည်း၍ "ကိုရီးယား"ဟု တစ်နိုင်ငံတည်းအနေဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဤသည်မှာ အားကစား၏ စွမ်းအားနှင့် ရန်လိုမှုကို ပျက်ပြယ်စေသည့် အားကစား၏ တန်ဖိုးသတ္တိတို့ပင်ဖြစ်သည်ဟု အားလုံးမှ ယူဆကြသည်။ ကမ္ဘာက အံ့သြ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

ယခုခေတ်သည် အားကစားနည်းများတွင် ဘောလုံးကန်ကစားခြင်းကို နိုင်ငံတကာ၌ လူကြိုက်အများဆုံးဖြစ်၍

www.burmeseclassic.com


ဘောလုံးကန်ကစားခြင်းသည် အရာရာ၌ တွင်ကျယ်နေသည်။ ရန်စောင်မှုကို ပြေစေပြီး မိတ်ဆွေဖြစ်ကာ ငြိမ်းချမ်းစေသည်။

အဆိုပါ သာဓကများကို ညွှန်းဆို၍ ဆွီဒင်နိုင်ငံမှ ယခု နောက်ဆုံးထွက်ပေါ်လာသော သတင်းသည် နိုင်ငံတကာ ဘောလုံးကစားခြင်းဖြင့် ငြိမ်းချမ်းရေးကို ဖြစ်စေသည်ဟု ယူဆကာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)အား ဘောလုံးကစားခြင်းကို နိုဘယ်ဆုချီးမြှင့်ပြီး ၎င်းကိုယ်စား ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်မှ ဆုလက်ခံရယူရန် အဆိုပြုလာခြင်း ဖြစ်ပါသည်။

**[First Eleven ဂျာနယ်၊ ၁ – ၂ – ၂၀၀၁]**

## ဩော်... လောဘ

အသက်ကြီးလာသောအခါ နံနက်နှင့် ညနေခင်းတွင် ကျန်းမာရေးအတွက် အညောင်းပြေ လမ်းလျှောက်ရင်း သက်ကြီးရွယ်အိုချင်း ဆုံမိကြ၍ အပေါင်းအသင်း ဖြစ်ရပြန်သည်။ အများအားဖြင့် သက်ပြည့် အငြိမ်းစားဝန်ထမ်းများ ဖြစ်ကြသည်။

လမ်းလျှောက်ရာမှ အပန်းဖြေနားလိုက်လျှင် ဘုရားအကြောင်း၊ တရားအကြောင်း၊ ဘာသာရေးအကြောင်း၊ ဟိုအကြောင်း ဒီအကြောင်းတွေ မျိုးစုံအောင် ပြောတတ်ကြသည်။ အပြောအဟော အာပေါင်အာရင်း သန်သူရှိသလို ဆိတ်ဆိတ်ငြိမ်၍ တေမိလုပ်ကာ နားထောင်သူသက်သက်လည်း ပါဝင်သည်။ ဘာကြောင့် တေမိလုပ်နေပါလိမ့်။ သူ့ဝါသနာလား၊ သူ့အလုပ်လား၊ မသိရှိနိုင်ပါ။

ကျွန်တော်က တေမိလုပ်၍ ဆိတ်ဆိတ်ငြိမ်ကာ နားထောင်သူများထဲတွင် ပါဝင်သူတစ်ယောက်ဖြစ်၏။ လမ်းလျှောက်၍ ခေတ္တအပန်းဖြေ အနားယူစဉ်မှာပင် စားရေးရန် စိတ်ကူးနေသည်။ ထို့ကြောင့် ဘာမျှဝင်မပြောမိပေ။ သူတို့ ပြောစကားထဲတွင် ကျွန်တော် စိတ်ဝင်စားသော အကြောင်းအရာများ ပါဝင်လျှင် ဂရုစိုက်၍ နားထောင်မိသည်။ ကျွန်တော် စိတ်ဝင်စားသည့် အကြောင်းအရာ

www.burmeseclassic.com


မဟုတ်လျှင် စာရေးရန် စိတ်ကူးနေကာ ကျွန်တော့်အလုပ်ကို တွေးနေမိသည်။

သို့သော် ကျွန်တော် စိတ်မဝင်စားသော အကြောင်းအရာများ နားလျှံအောင် ပြောလာလျှင်တော့ မကြားချင်အဆုံးဖြစ်၍ အလိုလို ကြားသိရတော့သည်။

စားဝတ်နေရေးနှင့် ဆေးဖိုးအထောက်အပံ့ဖြစ်ရန် ငွေစုပြီး အစိုးရသန်းထီထိုးကြမည်ဆိုသည်။ ကျွန်တော့်ကို အစုစပ်ထည့်ဝင်ဖို့ပြောသည်။ ကျွန်တော်က အစုစပ်မထည့်ဘဲ ငြင်းဆိုလိုက်သည်။

အကြောင်းမှာ ကျွန်တော်သည် ကျောင်းသားဘဝကပင် အစိုးရထီကို ထိုးခဲ့သည်။ အရွယ်ရောက်သည့်အခါ တစ်ဦးတည်း ခေတ်အဆက်ဆက် ထီထိုးခဲ့သည်။ ယခုတိုင် ထီမပေါက်ဖူးသည့်အပြင် ပေါက်ဂဏန်းနှင့် နီးစပ်မှုမရှိပါ။ ကျွန်တော်သည် ကံနည်းသူဖြစ်သည်။ အထူးသဖြင့် လောင်းကစားကံ လုံးဝမရှိဟု ထင်သည်။ မည်သည့်လောင်းကစားမျိုးမဆို ကျွန်တော် အရှုံးချည်းဖြစ်သည်။ လက်ကြောမတင်း၊ ကိုယ့်အကြံဉာဏ်မပါဘဲ အလွယ်တကူ ပိုက်ဆံရသူမဟုတ်ပါ။ လက်ကြောတင်း၍ ကိုယ့်အကြံဉာဏ်ဖြင့် သမ္မာအာဇီဝ လုပ်သည့်တိုင် တစ်ကြိမ်တည်းဖြင့် မအောင်မြင်ပါ။ နှစ်ကြိမ်၊ သုံးကြိမ်ကြိုးစားမှ အောင်မြင်တတ်သည်။ ထို့ကြောင့် အချောင်သမား လုပ်စားဖို့ စိတ်မကူးခဲ့ပါ။

တစ်သက်လုံး စာပေရေးသား၍ အသက်မွေးခဲ့သည်မှာ ယခုတိုင်ဖြစ်သည်။

သို့ဖြစ်၍ ကံကိုအားကိုးပြီး စီးပွားရှာသောအလုပ်ကို ကျွန်တော် မလုပ်။ အချိန်ကုန်၊ ငွေကုန်၊ စိတ်ပင်ပန်း၊ လူပင်ပန်း အဖြစ်မခံဘဲ ဝေးဝေးကပင် ရှောင်ရှားခဲ့သည်။ ကံစမ်းမဲပေးသည့် ကုန်ပစ္စည်းကိုပင် ကျွန်တော် ဝယ်မသုံးပါ။ ကံစမ်းမဲ မပေးသော ပစ္စည်းကိုသာ တန်ရာတန်ဖိုး

ပေး၍ ဝယ်သုံးသည်။

ယခု သူတို့အထဲ ကံနည်းသူ ကျွန်တော်မပါဝင်ဘဲလျက်ပင် သူတို့ အစုစပ်ထိုးသော အစိုးရထီ မပေါက်ကြသည့်အပြင် ပေါက်ဂဏန်းနှင့်ပင် မနီးစပ်ဟု ဆိုကြသည်။

သူတို့ အကြံအဖန် အစီအမံတစ်မျိုး ထွင်ကြပြန်သည်။ လလယ် ၁၅ ရက်နှင့် လဆန်းရက်တွင် အသည်းအသန် စိတ်ကူးစီမံကြသည်။ ထိုအကြံအဖန် စိတ်ကူးမှ နှလုံးရောဂါ ဖြစ်လာကြသည်။ သူတို့၏ နှလုံးရောဂါမှာ တစ်စထက်တစ်စ ပြင်းထန်လာသဖြင့် အဘယ်နှလုံးရောဂါ အထူးကုသမားတော်မှ မကုစားနိုင်ပေ။

သူတို့အထဲတွင် ဘိုးတော်ယောင်ယောင် တစ်ဦး၊ နှစ်ဦး ပါဝင်သည်။ သူတို့၏ နှစ်လုံးရောဂါကို ထိုဘိုးတော်တို့က ကုစားသည်ဆို၏။ ချိုင်းဘိုးတော်ဟု ဆိုသံကြားမိလိုက်သည်။ မသက်သာဘဲ ရောဂါသာ တိုးလာတော့သည်။

"ဘယ်လိုလုပ် နှလုံးရောဂါ သက်သာနိုင်မှာလဲဗျ။ ချိုင်းဘိုးတော်ရဲ့ သမီးက ဒိုင်ကိုင်နေတော့ ချိုင်းဘိုးတော်က မပေါက်နိုင်တဲ့ ဂဏန်းပေးမှာပေါ့"

"အဲဒီဘိုးတော်ရဲ့သားကလည်း ချိုင်းစာရွက်ထုတ်ပြီး ရောင်းစားနေတာပဲ။ သူ့ချိုင်းစာရွက်ထဲမှာ ပါတဲ့ဂဏန်းကလည်း ပေါက်ဂဏန်းနဲ့ မနီးစပ်ဘူး။ နှစ်လုံးသမားတွေအပေါ်မှာ အကြံအဖန်လုပ် စီးပွားရှာနေတာဗျ"

သူတို့အထဲမှ ခပ်သွက်သွက် နှစ်ဦးက ဒေါသံမောသံဖြင့် အဖြေထုတ်သည်။

"သြော်... လောဘ၊ လောဘ။ သက်ကြီးရွယ်အိုများပင် အတောမသတ်နိုင်ပါလား"ဟု ကျွန်တော်က တိုးတိုးကလေး သံဝေဂဖြင့် ဆိုမိလိုက်သည်။

**[အကျိုးဆောင်ဂျာနယ်၊ ၂၅-၅-၂၀၀၁]**

**စိတ်ကူးချိုချို**

www.burmeseclassic.com

## သက်ကြီးရွယ်အို ဘဝစိုပြည်စေဖို့

"ထောင်မလဲ သဲကော်"

ထိုစကားမှာ ငွေစက္ကူအသစ်စက်စက်ကို ဆိုလိုခြင်း ဖြစ်သည်။

စစ်အတွင်း ဖက်ဆစ်ဂျပန်ခေတ်မှစ၍ ထိုစကား ပေါ်လာသည်။ ထိုစကား အပြည့်အစုံမှာ "တောင်မလဲ သဲကော်၊ ဘုရားနီ ဘေးဖြူ"ဟု ဆိုကြသည်။ မြန်မာနိုင်ငံသုံး ဖက်ဆစ်ဂျပန်ငွေစက္ကူ ကျပ်တစ်ဆယ်တန်မှာ မင်နီဖြင့် ပုံနှိပ်ထားကာ ဘုရားစေတီပုံပါရှိပြီး ငွေစက္ကူ ဘေးအနားသားမှာ မညစ်ပေဘဲ အဖြူသန့်သန့်ဖြစ်၍ ခေါက်ရိုးမကျိုးသေးသော ငွေစက္ကူကို ထောင်ပြီးကိုင်လိုက်လျှင် မလဲသည့်အပြင် သဲကော်၍ရအောင် တောင့်တောင့် တင်းတင်းရှိသည်ကို ဆိုလိုသည်။

ဖက်ဆစ်ဂျပန်ခေတ်တွင် ကုန်ပစ္စည်းရှားပါးပြီး ငွေစက္ကူတွေ ပေါများလှသဖြင့် ကုန်ပစ္စည်းဝယ်လိုသူတို့က ကုန်ပစ္စည်းရောင်းသူအား ဈေးနှုန်းဆစ်မနေတော့သည့်ပြင် အထက်ပါအတိုင်း ငွေစက္ကူအသစ်စက်စက် ပေးဝယ်မည်ဟု မက်လုံးပေး၍ ပြောဆိုကြသည်။

**စိတ်ကူးချိုချို**

www.burmeseclassic.com


ယခုခေတ်တွင် ထိုစကားမှာ အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားပြန်သည်။

ဟိုတစ်ချိန်က အလွန်ရင်းနှီးသော အသက်အရွယ်ကြီးရင့်သူတို့ချင်း တွေ့ဆုံကြသည့်အခါ 'နေကောင်းရဲ့လား' ဟု မေးလိုက်လျှင် '"Still Going Strong" (သန်တုန်းမြန်တုန်း) ဂျွန်နီဝါးကားပဲ"ဟု ခင်ရွှင်ရွှင် ပြောတတ်ကြသည်။

ယနေ့ခေတ် ကျွန်တော့်မိတ်ဆွေကြီးအချို့ကမူ ဂျွန်နီဝါးကားဟု မဖြေကြတော့ဘဲ '"ထောင်မလဲ သဲကော်" ဟု လေသံပြောင်း၍ ခပ်ရွှင်ရွှင် ဖြေတတ်ကြသည်။

"ဂျွန်နီဝါကားလို ခပ်သွက်သွက် လမ်းလျှောက်နိုင်သေးသလား"ဟု မေးလိုက်လျှင် –

"စစ်ကျန် ဘတ်စကားလို ဂီယာကို တုတ်ထောက်ကျားကန်ပြီး မောင်းနှင်လို့တော့ ရပါသေးတယ်"ဟု ဆိုကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ နီးပါးက ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ အင်္ဂလိပ်၊ အမေရိကန် မဟာမိတ်များအသုံးပြုခဲ့၍ ချွတ်ယွင်းသော စစ်မော်တော်ကားပျက်များကို လေလံဆွဲ ဝယ်ယူပြီး မြန်မာနိုင်ငံတွင် ဘတ်စကားအဖြစ် အကြိမ်ကြိမ် အင်ဂျင်ဒေါင်းကာ ယခုအချိန်အထိ ဖြစ်သလိုမွမ်းမံပြုပြင်၍ အသုံးပြု ပြေးဆွဲနေသေးသည်ကို သာဓကဆို၍ ဥပမာပေးခြင်း ဖြစ်ပါသည်။

ခေတ်လူငယ်တွေက ဗန်းစကားတွေထွင် သုံးစွဲပြောဆိုကြသကဲ့သို့ သက်ကြီးရွယ်အိုအချို့ကလည်း ရင်းနှီးသူအချင်းချင်း ဆုံတွေ့မိကြလျှင် အတွေ့အကြုံ ရင့်ကျက်မှုအရ စကားလုံးသစ်ထွင်၍ ခပ်ရွှင်ရွှင် ပြောကြဆိုကြသည်။ အနိစ္စသဘောရကို ထမင်းစားပြီး ထိုင်စောင့်နေရသည့် နောက်ဆုံး အသက်ရှင်နေရသော ကာလတွင် တရားဘာ

www.burmeseclassic.com


ဝနာ ရှုနေရသည့်အပြင် ရယ်ကာမောကာ ပျော်ရွှင်စရာ ဖြစ်ရန် စိတ်သက်သာအောင် ဖြေသိမ့်နေရသေးသည်။

သို့မှသာ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုသော မကောင်းသည့် ကိလေသာစိတ်များ ပယ်ဖျောက်နိုင်၍ ဘဝကူးကောင်းနိုင်ကြမည် ဆိုကြသည်။

"သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးစားစို့" ဟူသော ဆောင်ပုဒ်အတိုင်း သူတစ်ပါးက ကြိုးစားဆောင် ရွက် ကူညီပေးသည်က တစ်ကဏ္ဍ၊ ကာယကံရှင် သက်ကြီး ရွယ်အိုများကိုယ်တိုင်ကလည်း မိမိရဲ့ ဘာသာဘာဝ သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြံဖန်ကြိုးစား ရသည်မှာ တစ်ဌာနဖြစ်ပေသည်။

ထို့ကြောင့် သက်ကြီးရွယ်အိုတို့မှာ တရားဘာဝနာ ပွားများနေရသည့်အပြင် ဝါသနာပါရာ အလုပ်များကို တတ်စွမ်းသမျှ လုပ်ကိုင်ကြပြီး အညောင်းအညာပြေ စိတ် ပြေလက်ပျောက် လမ်းလျှောက်ကြရင်း သက်ကြီးရွယ်အို ချင်း အပန်းဖြေ ရယ်မောပြောဆိုကြကာ သက်ကြီးရွယ်အို ဘဝကို စိုပြည်အောင် ကြိုးစားနေကြပါသေးသည်။

ကျွန်တော်ပင်လျှင် သတင်းစာအယ်ဒီတာအလုပ်မှ သက်ပြည့်အငြိမ်းစားယူပြီးသော်လည်း အလွတ်သတင်းစာ ဆရာအဖြစ် ပုဂ္ဂလိကဂျာနယ်၊ မဂ္ဂဇင်းအချို့၌ ကိုယ်ဝါ သနာပါရာ စာရေးခြင်းဖြင့် ဘဝအတွေ့အကြုံများကို တောက်တိုမည်ရ ဆောင်းပါးများ ရေးသားနေရသည်။ ရံဖန်ရံခါ စိတ်ညစ်ညူးစရာ အကြောင်းအရာများကို ရှောင် ရှားပြီး ရယ်မောစရာ အကြောင်းအရာများကို ဆောင်းပါး လုပ်၍ သက်ကြီးရွယ်အိုဘဝ ဖြေသိမ့်နေရသေးသည်။

ကျွန်တော့်ထက် အသက် ၁၀ နှစ်ကျော် ကြီးကြပြီး အသက် ၈၅ နှစ် ကျော်နေပြီဖြစ်သော စာရေးဆရာကြီး ဦးတက်တိုးနှင့် လူထုဒေါ်အမာတို့ပင် ယခု ဝါသနာပါရာ

www.burmeseclassic.com


ကလောင်ကိုင်၍ သက်ကြီးရွယ်အိုဘဝကို စိုပြည်အောင် ဖြေသိမ့်နေရသည်မှာ အထင်အရှားပင်။

စာရေးဆရာ၊ သတင်းစာဆရာမကြီး လူထုဒေါ် အမာသည် ဝါသနာပါရာ စာရေးခြင်းအပြင် မန္တလေးမြို့တော်၏ သာရေး၊ နာရေးကိစ္စများကိုလည်း ကုသိုလ်ဖြစ် ကမကထပြုပြီး တတ်စွမ်းသမျှ ဆောင်ရွက်နေရသည်မှာ နေ့စဉ်နှင့်အမျှပင်။

နန်းမြို့တော်၏ အသုဘသင်္ဂြိုဟ်ရေးကိစ္စမှာလည်း မသေးလှသော ဝန်တာဖြစ်၍ ငွေကြေးမတတ်နိုင်သူများ အဖို့ အလွန်အခက်အခဲနှင့် ရင်ဆိုင်ရတော့သည်။

ထိုထိုသောကိစ္စများကို လူထုဒေါ်အမာ စသော ပုဂ္ဂိုလ်တို့က ကမကထပြုသည့် ဗြဟ္မစိုရ်အဖွဲ့က တာဝန်ယူ ဖြေရှင်းပေးနေရသည်မှာ ကြီးလေးသော ကုသိုလ်ရေးတာဝန် ကြီးတစ်ရပ်ပင် ဖြစ်လေသည်။

မန္တလေးမြို့ ဗြဟ္မစိုရ်အဖွဲ့တွင် လူထုဒေါ်အမာနှင့် အတူ တစ်ချိန်က သတင်းစာဆရာဖြစ်ခဲ့သော အရီးတောင်း ဦးကျော်သိန်းကလည်း ကမကထပြုရာတွင် ပါဝင်ဆောင်ရွက်၍ ယခုအခါ ဗြဟ္မစိုရ်အဖွဲ့မှာ ပြည်သူလူထုအများ ဝိုင်းဝန်းကူညီမှု အင်အားတောင့်တင်းလာသဖြင့် အသုဘသင်္ဂြိုဟ်ရေးကိစ္စသာမက ဆေးရုံကုစရိတ် အခက်အခဲရှိနေသော လူနာများအား ငွေကြေးအထောက်အပံ့ပြုရန်ပါ လစဉ် ကန့်သတ်ရန်ပုံငွေဖွင့်၍ လှူဒါန်းထားနိုင်ပြီဟု ဆိုသည်။

အရီးတောင်း ဦးကျော်သိန်းမှာ သက်ကြီးရွယ်အို ဖြစ်သော်လည်း လူထုဒေါ်အမာတို့ထက် ၁၀ နှစ်ခန့် အသက်ငယ်သေး၍ သူ့စီးပွားရေးကို ဖတ်ဖတ်မောအောင် လုပ်နေရသည့်ကြားမှာပင် စေတနာ့ဝန်ထမ်း လူမှုရေးကိစ္စများတွင်လည်း 'သူမပါလျှင် အလှူမဖြစ်သလိုပဲ' ဟု ရှာစား

www.burmeseclassic.com


ကျော်စိန်ဗေဒါကြီးဆိုသကဲ့သို့ပင် လောကီမင်္ဂလာ ၁၂ ပါးလုံးတွင် အားကြိုးမာန်တက် သူ ပါဝင်ဆောင်ရွက်နေသည်။ သူ၏ လူမှုရေးလုပ်ငန်းများမှာ မနားရအောင်ဖြစ်နေ၍ သူ၏ ကျန်းမာရေးကို အတော်ထိခိုက်လာသဖြင့် ဆေးရုံတက်ခဲ့ရသည်။

ထို့ကြောင့် ပြီးခဲ့သော သင်္ကြန်အတွင်း ကျွန်တော်သည် သူ၏ ဧည့်သည်အဖြစ် မန္တလေးသို့ ရောက်ခဲ့စဉ်က လူထုဒေါ်အမာအား သွားရောက်တွေ့ဆုံ ဂါရဝပြုခဲ့ရာတွင် ဦးကျော်သိန်း၏ လူမှုရေး ဆောင်ရွက်မှုများမှာ လွန်ကဲလွန်း၍ လျှော့ဖို့ကောင်းပြီဟု လူထုဒေါ်အမာက ကရုဏာဒေါသောဖြင့် ကျွန်တော့်အား ပြောပြလိုက်သေးသည်။

ဦးကျော်သိန်း ဆေးရုံတက်စဉ်ကလည်း ကျွန်တော်က ရန်ကုန်မှနေ၍ လူကြုံနှင့် စကားလက်ဆောင်ပါးလိုက်ရသေးသည်။ မဟာဂီတ ဦးပြုံးချို၏ တေဘုမ္မာသီချင်းထဲမှ 'ကိုယ့်ကိုယ်ကို သနားပါ၊ အများသတ္တဝါ လောဘ၊ ဒေါသ၊ မောဟဆိုသော လောင်းမီးကိုလေသာ' ဟူသော အပိုဒ်ကိုလည်း ဆိုပြလိုက်သေးသည်။

မန္တလေးရောက်၍ သူနှင့် ကိုယ်တိုင်တွေ့ဆုံတော့လည်း ကိုယ့်ကိုယ်ကို သနားရန် ကျွန်တော်က ထပ်မံဆိုပြသောအခါ သူက အားရပါးရ ရယ်မောလေသည်။

"ကျွန်တော်က စျေးသည်ဆိုတော့ ဝယ်ယူအားပေးကြတဲ့လူထုက ကျွန်တော့်ကို အားကိုးတကြီးနဲ့ အကူအညီတောင်းတော့လည်း မနေသာလို့ မျက်နှာမလိုက်ဘဲ ဆောင်ရွက်ပေးနေရတာပေါ့ဗျာ"ဟု ဦးကျော်သိန်းက သူ၏ သက်ကြီးရွယ်အိုဘဝ စိုပြည်အောင် ထိုသို့ ဖြေသိမ့်နေရသည်ကို ပြောပြပါသည်။

ဤကဲ့သို့ပင် အခြားသော သက်ကြီးရွယ်အိုများလည်း ဝါသနာပါရာကို တတ်စွမ်းသမျှ ဆောင်ရွက်ကြပြီး

www.burmeseclassic.com


စိတ်သက်သာရာအတွက် ရယ်စရာမောစရာများဖြင့် သက်ကြီးရွယ်အိုဘဝကို စိုပြည်နေအောင် ဖြေဖျော်ကြိုးစားနေကြရလေသည်။

**[နွယ်နီ၊ အောက်တိုဘာ ၂၀၀၀]**

www.burmeseclassic.com

## ကျိန်စေချင်ကျိန်ပါ့မယ်

"ကျိန်စေချင် ကျိန်ပါ့မယ်၊ နတ်စည်းစိမ်ဆယ်သက် တကယ်မမက်ပါတယ်"

ကျိန်ဆိုခြင်းသည် မြန်မာတို့ ဓလေ့တစ်ခု ဖြစ်ပါသည်။ မြန်မာ့သမိုင်းအစမှာပင် ကျိန်ဆိုခြင်းပြုလုပ်ခဲ့ကြသည်ကို လေ့လာမှတ်သားခဲ့ရပါသည်။ ထင်ပေါ်ကျော်ကြားဆုံး ကျိန်စာကို ပုဂံခေတ် ကျန်စစ်သားမင်းကြီး၏ သားတော် ရာဇကုမာရ်၏ ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာဖြင့် ရေးထိုးခဲ့သော မြစေတီကျောက်စာ၌ တွေ့ရှိရလေသည်။

မြန်မာတို့သည် ခေတ်အဆက်ဆက် ကျိန်ဆိုခြင်း၊ ကျမ်းကျိန်ခြင်းတို့ကို ပြုလုပ်ခဲ့ကြရာ ယခုတိုင် တရားရုံး၌ ကျမ်းကျိန်ချက်တင်သွင်းရခြင်းစသော ကျိန်စာကို အလေးအနက် ယုံကြည်ကာ အလေးထားပြုလုပ်နေကြသည်။

အရပ်ထဲမှာပင် အလွယ်တကူ "ဘုရားစူး မိုးကြိုးပစ်" စသည်ဖြင့် ကျိန်တွယ်ပြောဆိုနေကြသည်ကို ကြားနေရသည်။ မြန်မာတို့သည် ကျိန်ဆိုခြင်း၊ ကျိန်စာပြုခြင်းကို ထမင်းစားရေသောက် ကိစ္စလိုပင် နေ့စဉ်နှင့်အမျှ ပြုလုပ်

နေကြသည်။

## စစ်ကိုုခေတ်

ကျွန်တော်တို့ ငယ်စဉ်က ရန်ကုန်တွင် အလွန်နာမည်ကြီးသော အငြိမ့်လူရွှင်တော် ဦးဒံပေါက်နှင့် ဦးညှပ်ကြီးတို့၏ ကျိန်ဆိုခြင်း၊ ကျမ်းကျိန်ခြင်း ပြက်လုံးထုတ်သည်ကို မှတ်မိသေးသည်။

"မင်း ဘုရားစူး"

"ဘုရားစူးရပါစေရဲ့"

"မင်း မိုးကြိုးပစ်"

"မိုးကြိုးပစ်ရပါစေရဲ့"

"ဒီကောင် တကယ်ကျိန်ရဲတဲ့လူပဲ"

"ဘယ်ရမလဲကွာ၊ ငါက ရုံးမှာ သက်သေလိုက်စားလာတဲ့လူကွ၊ မင်း မှတ်ထား"

"မင်း သက်သေလိုက်တာ တရားလိုဘက်ကလား၊ တရားခံဘက်ကလား"

"ပိုက်ဆံပေးငှားတဲ့ဘက်က ငါ သက်သေလိုက်တာပေါ့"

"ဒီလိုဆို မင်း သက်သေထွက်ချက်တွေက ဘယ်မှန်ပါ့မလဲ"

"မှန်တာ မမှန်တာ အရေးမကြီး၊ ငါ ပိုက်ဆံရဖို့သာ အရေးကြီးတာ"

"ဒါဖြင့် မင်း ကျမ်းစူးမှာ မကြောက်ဖူးလား"

"လွယ်ပါတယ်ကွာ၊ ငါက ကျမ်းကျေနေတဲ့လူပါ၊ ရုံးမှာ ကျမ်းကျိန်ရတာက မှန်မှန်ကန်ကန် ထွက်ဆိုပါ့မယ်၊ မမှန်မကန် ထွက်ဆိုပါက ကျမ်းစူးပါစေလို့ ဆိုရတာပါ"

"အေးလေ မဟုတ်မမှန်တာတွေ ထွက်ဆိုတော့ ကျမ်းစူးမှာပေါ့"

"ကျမ်းမစူးအောင် ကျိန်ဆိုရတာ မခက်ပါဘူး၊

www.burmeseclassic.com


မမှန်မကန် ထွက်ဆိုပါက ကျမ်းစူးပါစေလို့ ဆိုတဲ့နေရာမှာ ကျမ်းရှူးပါစေလို့ မသိမသာ အသံပြောင်းဆိုရတာပေါ့"

"မင်း တကယ်လည်တဲ့လူပဲ"

"မင်းလိုလူမပြောနဲ့၊ ရုံးမင်းကိုတောင် ငါက နားလှည့်ခဲ့သေးတာ"

"ကောင်းပြီ၊ ဒီလိုဆို ငါကလည်း မင်းထက်သာအောင် လုပ်ပြရသေးတာပေါ့"

"လုပ်စမ်းပါကွာ၊ ငါက ဒန်အိုးတောင် ပေါက်အောင်လုပ်ခဲ့တဲ့လူပါ"

"အေး ငါကလည်း ပြတ်အောင်ညှပ်ပစ်တတ်တဲ့ ညှပ်ကြီးပဲ"

"စိန်လိုက်ကွာ"

"ဒါဖြင့် ငါ ကျိန်စေချင်တာ မင်း ကျိန်ရဲပါ့မလား"

"မင်း ကျိန်စမ်းပါကွာ"

"ဒီလိုဆိုရင် မင်း တရုတ်မဘောင်းဘီဖြစ်"

"ဟာ... ဒီလိုတော့ မကျိန်ခိုင်းနဲ့ကွာ"

"ဘာဖြစ်လို့လဲ၊ မင်း ကျိန်ရဲတယ်ဆို"

"နံတယ်၊ ရွံစရာကြီး၊ တရုတ်မဘောင်းဘီတော့ မဖြစ်ပါရစေနဲ့ကွာ"

မြန်မာတို့သည် ကျိန်ဆိုခြင်း၊ ကျမ်းကျိန်ခြင်းကို ယုံကြည်ကြ၍ ကျိန်စာသင့်မှာ ကြောက်ရွံ့ကြကြောင်း ပြက်လုံးဖြင့် သရုပ်ဖော်ကြခြင်းဖြစ်သည်။

## မြန်မာ့ဆိုရှယ်လစ်ခေတ်

တော်လှန်ရေးကောင်စီ အစိုးရတက်ခါစက ပုပ္ပားတောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်ခဲ့ကြသော ကျွန်တော်တို့ သတင်းစာဆရာများသည် ပုပ္ပားတောင်ကလပ် တောင်ခြေ၌ တည်းခိုခဲ့ရသည်။ တည်းခိုဆောင်အနီးတွင် အရှည် ၁၂ ပေခန့်နှင့် အနံ ၃ ပေခန့်ရှိ

www.burmeseclassic.com


အစိမ်းရောင်ခံ ဆိုင်းဘုတ်ကြီးပေါ်၌ ဧရာမစာလုံးဖြူကြီးများဖြင့် "သစ်ပင်ခုတ်လျှင် နတ်မကြိုက်"ဟု သစ်တောဌာနက ရေးသားသတိပေး တားမြစ်ထားသည်ကို တွေ့ရှိခဲ့ရသည်။

ထိုအချိန်မှာပင် သတင်းစာဆရာများအား ကြုံကြိုက်ခိုက် သစ်တောဌာနက ပုပ္ပားတောင် စိမ်းလန်းစိုပြည်ရေးထိန်းသိမ်းမှုစီမံကိန်းကို ရှင်းပြသည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် သတင်းစာဆရာတစ်ဦးက 'သစ်ပင်ခုတ်လျှင် နတ်မကြိုက်' ဆိုသော သစ်တောဌာန၏ သတိပေးတားမြစ်ချက်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို လိုက်နာကျင့်သုံးသော အစိုးရက နတ်ကိုးကွယ်မှု ယုံကြည်အလေးထားရာ မရောက်ဘူးလား" ဟု မေးမြန်းသည်။

ဌာနဆိုင်ရာ အကြီးအကဲက "ဥပဒေတို့၊ အမိန့်အာဏာတို့နဲ့ သစ်ပင်မခုတ်ရလို့ တားမြစ်တာကို လူတွေက လစ်ရင်လစ်သလို ချိုးဖောက်တတ်ကြတယ်။ ပညာပေးစည်းရုံးတာလည်း အလကားပဲ။ ဒီတော့ နတ်ယုံကြည်တာ မယုံကြည်တာ အပထား။ လူတွေက နတ်ကိုမှ ကြောက်ကြတယ်။ ကျိန်စာတိုက်မှ ကြောက်တာ၊ မလုပ်ရဲကြဘူး။ ဒါကြောင့် လူတွေကြောက်တာနဲ့လှည့်ပြီး သတိပေး တားမြစ်ရတာပဲ" ဟု ပြန်လည်ဖြေကြားသွားသည်ကို သတိရမိသေးသည်။

ထိုနည်းအတိုင်းပင် ကျမ်းစူးသည်ဖြစ်စေ၊ ကျမ်းရှုးသည်ဖြစ်စေ ယခုတိုင် တရားရုံး၌ ကျမ်းကျိန်ချက်တင်သွင်းရသော ဓလေ့ထုံးစံ ရှိသေးသည်။ ကျိန်စာသည် မြန်မာတို့ တည်ရှိနေသရွေ့ ဆက်လက်တည်ရှိနေဦးမည် ထင်ပါသည်။

မနေ့တစ်နေ့ကပင် လမ်းလျှောက်ရင်း ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အနောက်မြင်းပြိုင်ကွင်း လမ်းမကြီးနှင့် ဗိုလ်စိန်မှန်လမ်းထောင့်ရှိ အိမ်ကြီးတစ်ဆောင်ရှေ့တွင်

www.burmeseclassic.com


နောက်ဆုံးပေါ် ခေတ်မီကျိန်စာတစ်ပုဒ် ရေးသားထားသည်ကို တွေ့ခဲ့ရသေးသည်။

"ခြံရှေ့တွင် အမှိုက်လာပစ်သူများ၊ စီးပွားရေးကျဆင်းကြပါစေ"ဟူ၏။

**[ချယ်ရီ၊ မေ ၂၀၀၀]**

www.burmeseclassic.com

## ကွမ်း၊ ဆေး၊ အရက်

ကွမ်းစားခြင်း၊ ဆေးလိပ် ဆေးတံသောက်ခြင်း၊ အရက်သေရည်သောက်စားခြင်းကို တစ်မျိုးမဟုတ်တစ်မျိုး လူအများ ပြုလုပ်ကြသည်။ အချို့က နှစ်မျိုးစားသောက် မှီဝဲကြပြီး အချို့က သုံးမျိုးလုံး စုံအောင်စားသောက်ကြ သည်။ ထိုသုံးမျိုးလုံးပင် တစ်မျိုးမျိုးကို စားသောက်ကြပါ က ကျန်းမာရေးကို ထိခိုက်ကြောင်း လူတိုင်းသိရှိကြပါ သည်။

သို့သော် အာရုံစွဲလမ်းနေ၍ မစားမသောက်ရလျှင် မနေနိုင်။ ဖြတ်၍မရဟု ဆိုကြသည်။ တကယ်တော့ အကျင့်ပါနေခြင်း ဖြစ်ပါသည်။

ကျွန်တော့်ကိုယ်တွေ့ကို တင်ပြပါမည်။

စစ်ကြိုခေတ် ၁၉၄၀ ပြည့်နှစ်ကစ၍ ကျွန်တော် သည် အိန္ဒိယတိုင်းသားများရောင်းသော ကုလားကွမ်းယာကို စားပါသည်။ တစ်ဖြားဖိုး ကွမ်းယာနှစ်ယာရရှိသည်။ ကျွန်တော်စားသော ကွမ်းယာမှာ ဖာလာစေ့၊ လေးညှင်းပွင့်၊ ပရုတ်မွှေး၊ နွယ်ချို စသည်တို့ ပါဝင်သည့် ချိုဆိမ့်ဖြစ်သည်။ ကွမ်းရွက်အကြီးအသေး နှစ်ရွက်ထပ်၍ ထုံးအပြင်၊ ရှားစေး ရည်ထည့်ကာ ယာပေးသည်။ ကွမ်းသီးစိတ်ကလေးများ လည်း အတော်များ၍ ကွမ်းယာတစ်ယာမှာ ယခု ယွမ်းယာ

www.burmeseclassic.com


နှစ်ယာကျော်ခန့်ကြီးသဖြင့် ပါးစပ်ထဲတွင် ပလုတ်ပလောင်း ပြည့်ဖောင်းနေပါသည်။

ကျွန်တော်သည် ကွမ်းစားသော်လည်း၊ ကွမ်းတံထွေး ထွေးခြင်းကို စက်ဆုပ်ရွံရှာတတ်သည်။ ထို့ကြောင့် ကျွန်တော် ကွမ်းစားလျှင် ကွမ်းတံထွေး လုံးဝမထွေးဘဲ ကွမ်းဖတ်နှင့် ရောထွေးမျိုချပစ်သည်။ ထိုနည်းဖြင့် တစ်နေ့လျှင် ၆ ပြားဖိုး ကွမ်းယာ ၁၂ ယာ ဝယ်စားခဲ့သည်။ ထိုအချိန်က အသက် ၁၆ နှစ်အရွယ် အလုပ်ဝင်လုပ်စဖြစ်သည်။ မုန့်ဖိုးကို ခြိုးခြံ၍ ကွမ်းယာကို မက်မက်မောမော ဝယ်စားသဖြင့် ကွမ်းယာကို အတော်စွဲမက်နေခဲ့သည်။

ကျွန်တော် ကွမ်းစားတတ်ခြင်းမှာ ညပိုင်းတွင် အပေါင်းအသင်း သူငယ်ချင်းအချို့နှင့် အငြိမ့်ပွဲလည်း ကြည့်ရှုရာမှ စတင်တော့သည်။ အပေါင်းအသင်း သူငယ်ချင်းအချို့မှာ ကျွန်တော့်ထက် အသက်ရော ဝါပါကြီးကြသည်။ သူတို့က ကွမ်းယာသာမက ဆေးလိပ်၊ စီးကရက် အပြင် အရက်လည်း မှီဝဲတတ်ကြသည်။ အပေါင်းအသင်း ရောင်းရင်းဖြစ်၍ အမြဲတမ်း တတွဲတွဲ သွားလာလည်ပတ်ကြသော်လည်း သူတို့က ကျွန်တော့်ကို ဆေးလိပ်၊ စီးကရက်နှင့် အရက်သောက်ဖို့ အားမပေးသည့်ပြင် ကွမ်ယာစားဖို့ပင် မတိုက်တွန်းပေ။ ကျွန်တော့်ဘာသာ အာမွှေးနံ့ကို အာရုံစွဲမိရာမှ ကွမ်းစားမိတော့သည်။ သို့သော် အိမ်ရှိ ကွမ်းအစ်ထဲမှ ကွမ်းယာကိုတော့ မကြိုက်၍ ကျွန်တော် မစားမိပေ။

ထိုစဉ်က ရန်ကုန်မြို့တွင် အိန္ဒိယတိုင်းသားတို့၏ ကွမ်းယာဆိုင်များမှာ ကွမ်းယာ၊ ဆေးလိပ်၊ စီးကရက်အပြင် ယခု စတိုးဆိုင်ငယ်များကဲ့သို့ အလှကုန်ပစ္စည်းအမျိုးမျိုး၊ တိုလီမိုလီ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ ခဲတံ၊ ကျောက်တံ၊ပေတံ၊ ဗလာစာအုပ်၊ ချိုချဉ်သကြားလုံး၊ ချောကလက်၊ မုန့်မျိုးစုံ

www.burmeseclassic.com


တို့ပါ တင်၍ရောင်းချသဖြင့် ဆိုင်ထဲ၌ ကြည့်မှန်များ တပ်ဆင်ပြီး လျှပ်စစ်ဓာတ်မီးရောင်စုံဖြင့်လည်း ဆင်ယင်ထားသည်မှာ သားနားလှသည်။ ရန်ကုန်မြို့လုံးပတ်လည် အနှံ့ ကွမ်းယာဆိုင်များ လက်ညှိုးထိုး၍ မလွဲပေ။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် ဖက်ဆစ်ဂျပန် လေတပ်က ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်လာမှသာ အိန္ဒိယတိုင်းသား ကွမ်းယာဆိုင်များ ရန်ကုန်၌ ပျောက်ကွယ်သွားတော့သည်။ ထိုအချိန်မှစ၍ တစ်နေ့လျှင် ကွမ်းယာ ၁၂ ယာ ဝယ်စားသော ကျွန်တော်လည်း ကွမ်းပြတ်၍ ကွမ်းစားခြင်းအလေ့အထ ပျောက်သွားတော့သည်။

ကျွန်တော် ကံကောင်းသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ကွမ်းစားခြင်းသည် ကွမ်းတံတွေး လုံးဝထွေးမပစ်ဘဲ ကွမ်းဖတ်နှင့်ရော၍ မျိုချပစ်သဖြင့် ကြာရှည်စွာ ထိုအတိုင်း ကွမ်းစားသွားလျှင် ကျွန်တော့်မှာ လေရောဂါ အကြီးအကျယ်ဖြစ်လာမည်မှာ သေချာပါသည်။ ကွမ်းစားခြင်း တာမရှည်လိုက်သဖြင့် လေရောဂါမစွဲမီ ကျွန်တော် ကွမ်းပြတ်သွားခြင်းမှာ ကံကောင်းခြင်းဖြစ်ပါသည်။

ကျွန်တော် ကွမ်းပြတ်သွားခြင်းမှာ အခြားမည်သည့် အရာနှင့်မှ အစားထိုးဖြတ်ရခြင်း မဟုတ်ဘဲ ကုလားကွမ်းယာ ဝယ်စားစရာ မရှိတော့သဖြင့် ယတိပြတ်ပင် တစ်ခါတည်း ပြတ်သွားပါသည်။ အာသာမပြတ်၍ စားချင်စိတ်ပြင်းပြပြီး မရမက လိုက်လံဖွေနေခြင်းလည်း မပြုတော့ဘဲ ဝယ်မရတော့၍ မစားတော့ဟု အာရုံကို တိခနဲဖြတ်လိုက်ခြင်းဖြစ်သည်။

ကွမ်းစားချင်စိတ် အာသာပြင်းပြနေ၍ အာရုံမဖြတ်နိုင်လျှင် မြန်မာအိမ်များ၌ ကွမ်းအစ်ရှိသဖြင့် ရရာကွမ်း

www.burmeseclassic.com


ဖြင့် အာသာဖြေမိမည်ဖြစ်ခြင်းကြောင့် ကွမ်းစားခြင်းကို လုံးဝအာရုံမထားတော့။ ထိုသို့ ကွမ်းစားသောအကျင့်ကို ရုတ်တရက်ပင် ဖြတ်လိုက်နိုင်၍ ယနေ့တိုင် ကွမ်းပြန်မစားမိတော့ပါ။

အမှန်မှာ အာရုံစွဲလမ်းခြင်းဖြစ်၍ အာရုံဖျောက်နိုင်လျှင် အကျင့်ပါ ပျောက်သွားနိုင်ပါသည်။

ဆေးလိပ်၊ ဆေးတံနှင့် အရက်သောက်ခြင်းအလေ့အထမှာလည်း ထိုနည်းလည်းကောင်းပင်။

ကျွန်တော်သည် အသက် ၂၀ ပြည့်ပြီးမှ ဆေးလိပ်၊ ဆေးတံနှင့် အရက်သောက်မိပါသည်။ ဒုတိယကမ္ဘာစစ်ကြီးကို အောင်နိုင်လိုက်သော အင်္ဂလိပ်နှင့် မဟာမိတ်တပ်များ ရန်ကုန်မြို့ကို ပြန်လည်သိမ်းပိုက်ပြီးသောအခါ စီးကရက်နှင့် အရက်များ ပေါချင်တိုင်းပေါများပြီး စျေးနှုန်းလည်း မများလှပါ။ သူငယ်ချင်း အပေါင်းအသင်း ရောင်းရင်းစုံမိသောအခါ စီးကရက်နှင့်အရက်ဖြင့် လှိုင်လှိုင်ဧည့်ခံတတ်ကြသည်။ သို့သော် မသောက်မနေရ သောက်ရမည်ဟု မတိုက်တွန်း။ ကြိုက်လျှင်သောက် မကြိုက်လျှင် မသောက်နှင့်။ သောက်တတ်လျှင်သောက်၊ မသောက်တတ်လျှင် မသောက်နှင့်။ အခြား စားသောက်ဖွယ်များနှင့်လည်း ဧည့်ခံ၍ ကြိုက်ရာစားနိုင်သည်။

မိမိစိတ်သာလျှင် မူလဖြစ်ပါသည်။

စစ်အတွင်း ဖက်ဆစ်ဂျပန်ခေတ်က စီးကရက်ကို မဆိုထားဘိ။ ဆေးပေါ့လိပ်ကိုပင် သနပ်ဖက်ဖြင့် သောက်နိုင်သူ အလွန်ရှားပါးလှသည်။ သနပ်ဖက်အစား ဘန့်ပွေးရွက်နှင့် သတင်းစာစက္ကူတို့ဖြင့် ဆေးလိပ် လိပ်သောက်ကြရသည်။ ကောက်ညှင်းဆန်နှင့် ထန်းလျက်ရှားပါး၍ ချက်အရက်သန့်သန့် ကောင်းကောင်းသောက်နိုင်သူ အလွန်နည်းပါးလှသည်။ လောင်ချိုင်အမည်ရှိ တရုတ်လူမျိုး ချက်လုပ်

www.burmeseclassic.com


သော ချက်အရက်မှာ နာမည်ကြီးလှသည်။

အောင်ပွဲရ ကလပ်တံဆိပ် (ထရော်ဖီ) လျှပ်စီးတံဆိပ် (လိုက်တနင်း)၊ ကျားတံဆိပ် (တိုက်ဂါး)၊ ဘရန်ဒီ၊ ဝီစကီ၊ ရမ်၊ ပြည်တွင်းဖြစ် အရက်များကို အကောင်းစား လုပ်၍ သောက်ရသည်။

ဖက်ဆစ်ဂျပန်စစ်ဘက်မှ ထုတ်ရောင်းသော ဆိုင်ကယ် (စက်ဘီးတံဆိပ်) နှင့် ကူးဝါး၊ ဂျပန်စီးကရက်များသာရှိ၍ အလွန်ဈေးနှုန်းကြီးလှသဖြင့် လူအများ မသောက်နိုင်ကြဘဲ ငွေကြေးပေါများသော ခေတ်ပျက်သူဌေးများသာ သောက်သုံးနိုင်ကြသည်။

ထိုသို့ ပိုက်ဆံပေါသူများသာ ဆေးလိပ်၊ စီးကရက်နှင့် အရက်ကောင်းကောင်း သောက်နိုင်ကြပြီး လူအများစုမှာ မကောင်းသော ဆေးလိပ်နှင့် အရက်များကို ဖြစ်သလို သောက်သုံးနေရချိန်တွင် ဆေးလိပ်လည်း မသောက်တတ်သေး၊ အရက်လည်း အနံ့မခံနိုင်သေးသော ကျွန်တော့်မှာ သနပ်ဖက်ဆေးလိပ်ကောင်းများ၊ ဆိုင်ကယ်၊ ကူးဝါးဂျပန်စီးကရက်များ၊ ထရော်ဖီ၊ လိုက်တနင်း၊ တိုက်ဂါး၊ ဘရန်ဒီ၊ ဝီစကီ၊ ရမ် စသော အရက်ကောင်းများကို ပိုက်ဆံမကုန်ရတဲ့ နေ့စဉ်ပင် လှိုင်လှိုင်ပေါနေသည်။

သို့သော် ထိုအချိန်က ကျွန်တော့်မှာ ဆေးလိပ်၊ စီးကရက်နှင့် အရက်တို့ကို အာရုံမထားမိ၍ လုံးဝမြည်းစမ်းပင် မကြည့်ပေ။ ကျွန်တော့်အတွက် အသုံးမဝင်သော ပစ္စည်းများဟုသာ သဘောထားခဲ့သည်။

စစ်ကြီးပြီးသွားပြီဆိုတော့ လူတိုင်း အတိုင်းမသိ ပျော်ကြသည်။ ရွှင်ကြသည်၊ ပျော်ရွှင်ပွဲတွေ အဆက်မပြတ်။ ပျော်ပွဲရွှင်ပွဲ ဧည့်ခံပွဲဆိုလျှင် စားသောက်ဖွယ်ရာများအပြင် စီးကရက်၊ ဆေးလိပ်နှင့် အရက်များပါလာတော့သည်။ စစ်ပြီး၍ အတိုင်းမသိ ပျော်မိရွှင်မိတော့ ကျွန်တော်သည်

အနောက်နိုင်ငံလုပ် စီးကရက် အကောင်းစားများကို သူများ တွေလိုပင် စတင် မြည်းစမ်းသောက်၍ ရှူလိုက်သည်။ အရက်ပြင်းများကို မမြည်းစမ်းဘဲ ဘီယာကိုစ၍ မြည်းစမ်း ကြည့်လိုက်မိသည်။ ထိုမှ အစရှိ အနောင်နောင်ဆိုသည့် အတိုင်း စီးကရက်ဆေးလိပ်စွဲ၍ ဝယ်သောက်တတ်လာ သည်။ အရက်ကို ဘီယာမှစပြီး ဘရန်ဒီ၊ ကော့ညက်၊ ဝီစကီ၊ ရှမ်ပိန်၊ ဂျမေကာရမ် စသည်ဖြင့် အရက်မျိုးစုံ သောက်တတ်သွားတော့သည်။

ဆေးလိပ်ကို စီးကရက်ဖြင့် စခဲ့ရာမှ ဆေးပေါ့လိပ်၊ ဆေးတံအပြင် ဆေးပြင်းလိပ်ကို နှစ်ပေါင်း ၃၀ ခန့် စွဲစွဲ မြဲမြဲ တစ်နေ့လျှင် ရှစ်လိပ်သောက်ခဲ့သည်။ ဖျားနာ၍ နေမကောင်းလျှင် ဆေးလိပ်ကို ယာယီမသောက်ဘဲနေ လိုက်သဖြင့် အဖျားအနာ တစ်ဝက်သက်သာသည်။

အရက်ကိုလည်း အတော်စွဲခဲ့သည်။ သို့သော် အရက် ငွေတစ်ဆယ်ဖိုးသောက်လျှင် အမြည်းဖိုးငွေ ၃၀ ကျော် ကုန်ကျသည်။ အမြည်းအစားအစာကို များများစား သည်။ အရက်ဒဏ်ခံနိုင်ရန် ဖြစ်သည်။

စိတ်ညစ်၍ အရက်ကိုသောက်သည် ဆိုခြင်းမျိုး တော့ ကျွန်တော်မလုပ်။ စိတ်ညစ်လျှင် အရက်မသောက်၊ စိတ်ညစ်သည့်အခါ အရက်သောက်မိလျှင် စိတ်မြန်လက်မြန် အမှားဖြစ်တတ်၍ အရက်ကို ရှောင်လိုက်သည်။ ပျော်ရွှင် သည့်အခါမှ အရက်သောက်သည်။ အမြည်းနှင့် ထမင်းကို မြိန်မြိန်စားပြီး အိပ်စက်အနားယူလိုက်သည်။ ထို့ကြောင့် အရက်ကို စွဲခဲ့သော်လည်း အနားယူချိန်၊ အပန်းဖြေချိန်ရ လောက်မှ အေးအေးဆေးဆေး သောက်တတ်၍ အရက် မသောက်ဘဲလည်း အာရုံဖျောက်နေတတ်သည်။ ထို့ကြောင့် ကျွန်တော် ကွမ်း၊ ဆေးလိပ်၊ အရက်စားသောက်မှိဝဲခဲ့သည် မှာ အပေါင်းအသင်းအကြောင့်လည်းမဟုတ်။ သတင်းစာ

www.burmeseclassic.com


ဆရာ၊ စာနယ်ဇင်းဆရာဖြစ်၍ မကင်းနိုင်သော အလေ့အထကြောင့်လည်း မဟုတ်။ မိမိဘာသာ စိတ်ပါသွားမိပြီး အာရုံစွဲလမ်း၍ အကျင့်ပါသွားခြင်းသာ ဖြစ်ပါသည်။

ယခုအခါ ကွမ်းကိုသာမက ဆေးလိပ်ကိုလည်း တိခနဲ ယတိပြတ်ပင် ဖြတ်ပစ်နိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အရက်ကို မူလကပင် တတ်နိုင်သလောက်ရှောင်ခဲ့သဖြင့် မည်သည့်အခါကမှ မသောက်ရမနေနိုင်ဟု စွဲစွဲလမ်းလမ်း မထားခဲ့ပါ။

စိတ်အာရုံသာ အဓိကဖြစ်ပါသည်။ အာရုံပျောက်နိုင်လျှင် ထိုအစွဲအလမ်းတွေ၊ အကျင့်တွေ ပျောက်သွားနိုင်ပါသည်။

သတင်းစာဆရာ၊ စာရေးဆရာ၊ စာနယ်ဇင်းဆရာဖြစ်လျှင် အရက်နှင့် မကင်းနိုင်ဟု ဖက်ရှင်လုပ်၍ ပြောဆိုတတ်ကြသည်။ ထိုသို့သော ဆရာတို့သည် ဧည့်ခံပွဲမျိုးစုံ တက်ရောက်ကြ၍ အဖျော်ယမကာ အရက် အလကားသောက်ရသဖြင့် မိမိဘာသာ စိတ်ပါ၍ အရက်သောက်ဖြစ်ကြခြင်းဖြစ်ပါသည်။ အရက်ကောင်းများ အလျှံပယ် အလကားရသော်လည်း အရက်မသောက်ဖြစ်သော သတင်းစာဆရာ၊ စာရေးဆရာ၊ စာနယ်ဇင်းဆရာများ ရှိခဲ့ပါသည်။

အရက်မသောက်ပါနဲ့ဟု မတားမြစ်ဘဲ အရက်မသောက်ဖြစ်ရန် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ပြောပြခဲ့သော ကွယ်လွန်သူ ရန်ကုန်သတင်းစာတိုက်ပိုင်ရှင် အယ်ဒီတာချုပ် မြို့မမောင် (နာမည်နှင့်လိုက်အောင် အရာရာတွင် ကြံစည်လုပ်ကိုင်သမျှ အောင်မြင်ခဲ့သော ဦးအောင်မြင်)၏ မှတ်သားစရာ စကားစုကို ယခုတိုင် သတိရမိပါသည်။

"ခင်ဗျားတို့ ကျွန်တော်တို့ သတင်းစာဆရာတွေဟာ ညဉ့်နက်သန်းခေါင်ထိ အလုပ်လုပ်ရလို့ မနက်စောစော

www.burmeseclassic.com


အိပ်ရာက မထနိုင်ဘဲ နေမြင့်မှနိုးတော့ မနက်အရုဏ်ဦးရဲ့ ကြည်နူးစရာ ရှုခင်းရှုကွက်ကို မမြင်ရ၊ မခံစားရဘူး၊ ညနေ နေဝင်ချိန်ကျတော့လည်း ဆည်းဆာရဲ့ သဘာဝအလှ ကြည်နူးစရာရှုခင်း ပတ်ဝန်းကျင် သာယာမှုကို အာရုံမခံ စားနိုင်လောက်အောင် မူးဝေနေကြမယ်ဆိုရင် နေထွက်ချိန်၊ နေဝင်ချိန်သာယာမှုကို မခံစားနိုင်တဲ့ လူ့ဘဝအရသာ၊ ကြည်နူးစရာတွေ ဆုံးရှုံးရမှာပေါ့။ အဲဒီနှစ်ချိန်ဟာ လူ့ဘဝ အား သစ်လောင်းတဲ့အချိန်နဲ့ ပင်ပန်းနွမ်းနွယ်မှုကို စိတ် လက်ကြည်သာ ရွှင်ရွှင်လန်းလန်းနဲ့ ပေါ့ပါးသွားအောင် အားရပါးရ အပန်းဖြေရတဲ့အချိန်ပါ။ အဲဒီအချိန်မှာ ကြံစည် လုပ်ကိုင်စရာ အစီအစဉ်သစ်တွေ ပေါ်လာတတ်တယ်။ ရလာတတ်ပါတယ်။ အခက်အခဲတွေ ဖြေရှင်းရဖို့လည်း ဉာဏ်ကျယ်လာတတ်ပါတယ်”

**[နွယ်နီ၊ ဖေဖော်ဝါရီ ၂၀၀၁]**

www.burmeseclassic.com



ကြိုတောင့်ကြိုခဲ့ပါ။

ဆုံလည်းဆုံတတ်ပါပေသည်။

ခွဲခွာရတော့မည့် နှုတ်ဆက်လက်ဖက်ရည်ပွဲ တစ်ပွဲတွင် လေးယောက်တစ်ဝိုင်း စားပွဲ၌ ထိုင်နေသူလေးဦး မှာ တစ်နာမည်တည်း ဖြစ်ကြသည်။ လေးဦးလုံး နာမည်တူ နေကြသည်။

အခမ်းအနားဖြင့် ကျင်းပသော ရောမ သတင်းကြီး ကို လိုက်လံရယူခဲ့ရာမှ အပြန်နှုတ်ဆက်လက်ဖက်ရည်ပွဲတွင် ဆုံစည်းခဲ့ကြခြင်းဖြစ်သည်။

ဤအကြောင်းကို ရေးရလျှင် တစ်ကပြန်စ၍ ရေးသားဖော်ပြမှ ပြည့်စုံပါလိမ့်မည်။

"ရဲဘော်မသေစေရပါဘူး၊ ဒီမိုကရေစီဘောင် အတွင်း အချိန်မီ အလင်းဝင်ခဲ့ပါ"ဟု ဖဆပလ အစိုးရက မြန်မာ့အသံမှနေ၍ ငြိမ်းချမ်းရေးအတွက် နေ့စဉ်ဖိတ်ခေါ်ခဲ့ သည်။

**လက်နက်ချ အလင်းဝင်**

တောခိုပြီး ကိုးနှစ်အကြာ ၁၉၅၇ ခုတွင် ဖဆပလ အစိုးရကို လက်နက်ကိုင် ဆန့်ကျင်ခဲ့ကြသော နိုင်ငံရေး ပါတီ အဖွဲ့အစည်းများအနက် ပျဉ်းမနားနယ်၌ ပါလီမန်

www.burmeseclassic.com


ပြည်သူ့လွှတ်တော် အမတ်ဟောင်း လယ်ဝေး ဦးမောင်မောင်နှင့် ဗိုလ်တင်ယုတို့ခေါင်းဆောင်သော အလံဖြူကွန်မြူနစ်တို့ အစုလိုက် အပြုံလိုက် စတင်လက်နက်ချ အလင်းဝင်ခဲ့ကြသည်။ သို့သော် လက်နက်ချသည်ဆိုသော စကားမှာ သိက္ခာကျပြီး ဂုဏ်ငယ်၍ "လက်နက်နှင့် ဒီမိုကရေစီလဲကာ အလင်းဝင်ကြသည်"ဟူသော စကားလုံး သုံးခဲ့ကြသည်။

ဖဆပလ အစိုးရကလည်း မည်သည့်စကားရပ် သုံးလုံး ငြိမ်းချမ်းရေးရလျှင် သဘောတူသည်ဟုဆိုကာ အလင်းဝင်များအတွက် ငြိမ်းချမ်းရေးပန်း ကမ်းလှမ်းနိုင်ရန် ဘဏ္ဍာငွေ ကုဋေနှင့်ချီသုံးခဲ့ကာ အကောင်အထည်ဖော်ခဲ့သည်။

ပျဉ်းမနားနယ်တစ်ဝိုက်မှ နစ်ဖြူများ အစုလိုက်အပြုံလိုက် အလင်းဝင်လာပြီးနောက် ရခိုင်တိုင်း (ထိုစဉ်က ပြည်နယ်မဖြစ်သေး) စစ်တွေခရိုင်၊ မင်းပြားမြို့တွင် ဆရာတော် ဦးစိန္တာနှင့်အဖွဲ့ အစုလိုက်အပြုံလိုက် အလင်းဝင်ကြသည်။ ဆရာတော် ဦးစိန္တာတို့ အုပ်စုက လက်နက်ချ အလင်းဝင်သည်ကို စကားရပ်တစ်မျိုးထွင်ကာ အသုံးပြုခဲ့ပြန်သည်။ "လက်နက်စွန့်၍ ဒီမိုကရေစီ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်း"ဟူ၍။

မည်သို့ပင်ဆိုဆို ငြိမ်းချမ်းရေးရခြင်းဖြစ်၍ ဖဆပလ အစိုးရက ဝမ်းမြောက်ဝမ်းသာ အခမ်းအနားဖြင့် ကြိုဆိုလက်ခံခဲ့သည်။ ဒုတိယဝန်ကြီးချုပ် (လူမှုရေး) သခင်တင် (ကွယ်လွန်) ကိုယ်တိုင် အခမ်းအနားသို့ တက်ရောက်၍ ကြိုဆိုလက်ခံသည်။ [ထိုစဉ်က ဖဆပလ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ် သုံးဦးရှိခဲ့ရာ ဦးဗဆွေ (ကွယ်လွန်)က ဒုတိယဝန်ကြီးချုပ် (ကာကွယ်ရေး) ဦးကျော်ငြိမ်း (ကွယ်လွန်)က ဒုတိယဝန်ကြီးချုပ် (စီးပွားရေး)ဖြစ်သည်။ စကားချပ် – စာရေးသူ]

www.burmeseclassic.com


မင်းပြားမြို့၌ ကျင်းပမည့် ဆရာတော် ဦးစိန္တာတို့ အဖွဲ့ လက်နက်စွန့်၍ ဒီမိုကရေစီ ဥပဒေဘောင်တွင်း ဝင်ရောက်ခြင်း အခမ်းအနားသို့ ရန်ကုန်မှ သတင်းစာဆရာများ စုံညီစွာ တက်ရောက်ရန် ဖဆပလ အစိုးရက ဖိတ်ခေါ်ခဲ့သည်။ မြန်မာ့အသံမှ သူမတူအောင် အပြောကောင်းလှသော ဦးဇော်ဝင်းတို့အဖွဲ့နှင့် ပြန်ကြားရေးဌာန သတင်းရုပ်ရှင်မှ မှတ်တမ်းတင်အဖွဲ့လည်း လိုက်ပါလာသည်။

## မေယုသင်္ဘော

ခရီးစဉ်မှာ ရန်ကုန် ဗိုလ်တထောင် သန်လျက်စွန်းရှိ ရတနာပုံ ရေတပ်စခန်းမှတစ်ဆင့် ရန်ကုန်မြစ်ဝရှိ ထိုစဉ်က တပ်မတော် (ရေ)၏ အကြီးဆုံး တစ်စင်းတည်းဖြစ်သော "မေယု" စစ်ရေယာဉ်ပေါ်သို့ ပို့ပေးသည်။ မေယုသည် ဖရီးဂိတ်အမျိုးအစား စစ်ရေယာဉ်ဖြစ်သည်။

မေယုသည် မူလက **H.M.S.FAL** ဟူသော အမည်ဖြင့် ဗြိတိသျှဘုရင့်ရေတပ်မတော် (ဆင္ဂမမြောက်ဂျော့ဘုရင်လက်ထက်)တွင် အသုံးပြုခဲ့သော စစ်ရေယာဉ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ် မဖြစ်မီနှင့် စစ်ပြီးစ ကိုလိုနီခေတ်၌ မြန်မာနိုင်ငံတွင် ဗြိတိသျှဘုရင့်ရေတပ်မတော်၏ အပျော်တမ်း အရန်ရေတပ် (**R.N.V.R**)ကို ဖွဲ့စည်းခဲ့ရာ **H.M.S. FAL** သည် ထိုရေတပ်အတွက် အသုံးပြုရန် ရောက်ရှိလာသည်။ ထိုအချိန်က မြန်မာနိုင်ငံမှာ မကြာမီ လွတ်လပ်တော့မည်ဖြစ်၍ အပျော်တမ်း အရန်ရေတပ်သည် အမြဲတမ်း မြန်မာ့ရေတပ် ဖြစ်လာတော့မည်ဖြစ်သဖြင့် **H.M.S.FAL** ဖရီးဂိတ် စစ်ရေယာဉ်ကို ဗြိတိသျှဘုရင့်ရေတပ်မတော်က မြန်မာနိုင်ငံသို့ လက်ဆောင်အဖြစ် လွှဲအပ်ပေးသည်။ လွတ်လပ်ရေးမရမီ ဘုရင်ခံ အမှုဆောင်

www.burmeseclassic.com


ကောင်စီ အစိုးရအဖွဲ့တွင် ဒုတိယသဘာပတိ (နန်းရင်းဝန်) အပြင် ကာကွယ်ရေးဌာနပါ တာဝန်ယူရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ထိုစစ်ရေယာဉ်ပေါ်တွင် အခမ်းအနားဖြင့် လက်ခံယူပြီး "မေယု"ဟူသော မြန်မာအမည်သို့ ပြောင်းလဲကင်ပွန်းတပ်ခဲ့သည်။

၁၉၅၇ ခု ဒီဇင်ဘာလ ရက်တစ်ရက်တွင် ကျွန်တော်တို့ သတင်းစာဆရာအဖွဲ့နှင့် ပြန်ကြားရေးဌာနအဖွဲ့ဝင်များသည် မေယု စစ်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ သွားရန် သင်္ဘောပေါ်ရောက်ရှိပြီး သင်္ဘောဝမ်းထဲရှိ သီးသန့်အခန်းများ၌ နေရာဝင်ဦးကြသည်။ ကျွန်တော်သည် ၁၉၅၆ ခု ကိုကိုးကျွန်းကို နယ်သစ်ဖွင့်ရန် ပဏာမ လေ့လာရေးခရီးအတွေ့အကြုံ ရှိခဲ့ဖူးပြီဖြစ်သည်။ ဖဆပလ အစိုးရမြေကျေးရှင်းက ဌာနပေါင်းစုံ ကိုယ်စားလှယ်များ၊ သတင်းစာဆရာများနှင့် သတင်းထောက်အသင်းများ၏ ကိုယ်စားလှယ်များကို ပင်လယ်ကမ်းရိုးတန်းသွား ရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင် ခရီးသည်တင် "ပြည်တော်သာ" သင်္ဘောဖြင့် ဖိတ်ခေါ်ရာ လိုက်ပါသွားရသဖြင့် ပင်လယ်ခရီး အတွေ့အကြုံရှိခဲ့သည်။ ပြည်တော်သာ သင်္ဘောဝမ်းထဲရှိ ပထမတန်းအခန်းမှ စီးနင်းသွားခဲ့ရာ ပင်လယ်လှိုင်းမူးသောဝေဒနာကြောင့် မစားနိုင်၊ မသောက်နိုင်အောင် ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် မေယုစစ်ရေယာဉ် စီးရာတွင် သင်္ဘောဝမ်းထဲ၌ နေရာမယူဘဲ ကုန်းပတ်ပေါ်တွင်သာ နေရာယူလိုက်သည်။ အခန်းမလောက်၍ အခြားသူများလည်း ကျွန်တော်နှင့်အတူ ကုန်းပတ်ပေါ်တွင် နေရာယူကြသည်။

## ကုန်းပတ်ခရီးသည်

ပင်လယ်ဝလွန်ပြီး မကြာမီပင် သင်္ဘောဝမ်းထဲရှိ အခန်းထဲ ဝင်စီးကြသူများသည် လှိုင်းမူး၍ ကုန်းပတ်ပေါ်သို့

www.burmeseclassic.com


တက်လာပြီး ကျွန်တော်တို့နှင့်အတူတူ ကုန်းပတ်ခရီးသည်များ ဖြစ်လာကြသည်။ စစ်တွေသို့ မေယုစစ်ရေယာဉ်ဖြင့် သွားရသည်မှာ ပင်လယ်ခရီး အပျော်ထွက်ရသကဲ့သို့ ပျော်စရာကောင်းလှသည်။

'ဒိုး'ဟူသော ခရာသံ ကြားရပြီး "ဧည့်သည်တော် လက်ဖက်ရည်သောက်ချိန်"ဟု တပ်မတော် (ရေ) အရာထမ်း၏ ဖိတ်ခေါ်သံ ကြားရသည်။ ထို့ကြောင့် ကုန်းပတ်ပေါ်တွင်ပင် ပြင်ဆင်ထားသော စားသောက်စားပွဲသို့ သွားရောက်၍ လက်ဖက်ရည် သောက်လိုက်ကြသည်။ အလားတူ ခရာသံကြားရပြီး "ဧည့်သည်တော် ထမင်းစားချိန်"ဟု ဆိုလျှင်လည်း ထမင်းသွားစားလိုက်ကြသည်။

အထူး သတိပြုရသည်မှာ "ဧည့်သည်တော် ရေချိုးချိန်"ဖြစ်သည်။ ရေချိုးချိန်မှာ ၁၅ မိနစ်သာ ခွင့်ပြု၍ မဆိုင်းမတွ အလျင်အမြန်သွားပြီး ရေချိုးရသည်။ ပင်လယ်ရေငန်ကို ရေချိုချက်လုပ်ပြီး ပေးသဖြင့် ရေအကန့်အသတ်ထား၍ အချိန်လည်း သတ်မှတ်ထားသည်။ အကြောင်းမသိမီ အစပထမ၌ အချိန်ဆွဲ ရေချိုးနေရာ ဆပ်ပြာတိုက်နေစဉ် အချိန်စေ့သွားပြီး ရေပိတ်သွားသဖြင့် တိုးလို့တန်းလန်းဖြင့် ကျန်ရစ်ခဲ့သည်။

မေယုစစ်ရေယာဉ်သည် ရန်ကုန်မှထွက်ပြီး နေ့ရော ညပါ မရပ်မနား ခုတ်မောင်းသည်။ စက်နှစ်လုံးကို တစ်လုံးပြီးတစ်လုံး ပြုပြင်၍ မောင်းနှင်ရသည်မှာ စစ်တွေရောက်သည်အထိဖြစ်သည်။ ကျွန်တော်တို့ သတင်းစာဆရာများသည် စားလိုက်၊ သောက်လိုက်၊ စာဖတ်လိုက်၊ ဆေးလိပ်သောက်လိုက်၊ အိပ်လိုက်၊ ပိုကာထဆွဲလိုက်ဖြင့် ပင်လယ်လေကို တဝကြီး ရှူနေရသည်မှာ ကြည်နူးစရာဖြစ်သည်။ ကျွန်တော့်ဘေးမှ အိုးဝေသတင်းစာ အယ်ဒီတာချုပ် ဆရာဦးညိုမြသည် တစ်ချိန်လုံး စာဖတ်၍ ငြီးငွေ့လာ

www.burmeseclassic.com


လျှင် ကျွန်တော်တို့ ပိုကာဝိုင်းသို့ ရောက်လာပြီး ပိုကာဝင် ဆွဲသည်။ တစ်ဖက်ဘေးရှိ "ရာစီကာရဂျာနီ" တမီလ် သတင်းစာအယ်ဒီတာ မစ္စတာရတ်တနန်ကလည်း ဝါသနာ ပါလွန်း၍ အနားရှိသူများဖြင့် ပိုကာဝိုင်းဖွဲ့ကြသည်။

## ညှော့ဝတ်ကျေပွန်

မေယု စစ်ရေယာဉ် ဦးစီးမှူးကြီး ဒုတိယဗိုလ်မှူးကြီး ချစ်စိန်နှင့် အရာရှိအရာခံ အကြပ်တပ်သားများအားလုံး ကျွန်တော်တို့အား အစစအရာရာ လိုလေသေးမရှိ ပြုစု ကျွေးမွေး၍ ညှော့ဝတ်ကျေပွန်ကြသည်ကို မှတ်မိသေးသည်။ ကုန်းပတ်ပေါ်၌ သံဆန်ခါပတ်၍ ဘူးသီးအများအပြား တင်လာသည်။ ထမင်းစားတိုင်း ပင်တိုင်အသားဟင်း၊ အကြော်အလှော်စသော အခြားဟင်းရံများအပြင် ဘူးသီး ဟင်းချို (သို့မဟုတ်) ဘူးသီးဟင်းခါးမှာ အရည်သောက် ဟင်းအဖြစ် ပါတတ်သည်။

စစ်တွေမြို့သို့ ရောက်သောအခါ (Point)ခေါ် စစ်တွေအငူရှိ ဧည့်ဂေဟာ ရေတပ်စခန်း၌ ညအိပ်တည်းခို ရသည်။

နောက်တစ်နေ့တွင် ရခိုင်တိုင်း ဖဆပလ ခေါင်း ဆောင်များနှင့် ရခိုင်တိုင်းမင်းကြီး ဦးညီပု အစရှိသော အစိုးရဝန်ထမ်းများနှင့်အတူ စစ်တွေမှ မင်းပြားမြို့သို့ "ကလိန်ဒေါင်" အမည်ရှိ ခရီးသည်တင် နှစ်ထပ်မီးသင်္ဘော ဖြင့် ခရီးဆက်ရပြန်သည်။ ကလိန်ဒေါင် မီးသင်္ဘောမှာ "အာရကန်ဖလိုတီလာ (ခေါ်) ရခိုင်ရေကြောင်းပို့ဆောင်ရေး ကုမ္ပဏီပိုင်" ထင်းမီးဖြင့် မောင်းနှင်ရသော လက်ကျန် သင်္ဘောဖြစ်သည်။

မင်းပြားတွင် ကလိန်ဒေါင်သင်္ဘောပေါ်၌ပင် ညအိပ် တည်းပြီး အလင်းဝင်အခမ်းအနား တက်ရောက်၍ စစ်တွေ

www.burmeseclassic.com


သို့ ထိုသင်္ဘောဖြင့်ပင် ပြန်ခဲ့ကြသည်။

စစ်တွေပြန်ရောက်၍ ညေဝတီ ရေတပ်စခန်းတွင် နှစ်ညရပ်နားပြီး နောက်တစ်နေ့တွင် မေယုဖြင့် ရန်ကုန်သို့ ပြန်ခဲ့ကြသည်။ အလာခရီးအတိုင်းပင် နေ့ရောညပါ မရပ်မနား ခုတ်မောင်းလာခဲ့သည်။

မေယု စစ်ရေယာဉ်ဖြင့် စစ်တွေခရီးကို တာဝန်ဖြင့် သွားခဲ့ရသော သတင်းစာဆရာ ရေးဖော်ရေးဖက်များအနက် ယခုအခါ ရန်ကုန်သတင်းစာမှ ဦးကျော်စိန် (နောင်ကြေးမုံ၊ မြန်မာ့အလင်း အငြိမ်းစား) ထွန်းနေ့စဉ်မှ ဦးစိန်အေး (နောင် လုပ်သားပြည်သူနေ့စဉ် အငြိမ်းစား)၊ မဏ္ဍိုင်သတင်းစာမှ ဦးသန်းညွန့် (နောင် ဟံသာဝတီ၊ ကြေးမုံအငြိမ်းစား) တို့အား တွေ့နေရသေးသဖြင့် မေယုဖြင့် စစ်တွေသို့ သွားခဲ့ရခြင်းကို ပြန်လည် အမှတ်ရမိနေသေးသည်။

## လက်ဖက်ရည်ပွဲ

ရန်ကုန်ပြန်ရောက်ရန် နာရီပိုင်းလောက်သာ လိုတော့သည်။ နေ့ခင်း လက်ဖက်ရည်သောက်ချိန်ဖြစ်သည်။ ကုန်းပတ်ပေါ်တွင် လေးယောက်တစ်ဝိုင်း စားပွဲ၊ ကုလားထိုင်များ ခင်းထားသည်။ မေယု စစ်ရေယာဉ်ပေါ်မှ မဆင်းမီ စစ်ရေယာဉ် ဦးစီးမှူးကြီး ဒုတိယဗိုလ်မှူးကြီး ချစ်စိန်နှင့် အရာရှိများက ဧည့်သည် သတင်းစာဆရာများအား ခွဲခွာရတော့မည့် အထိမ်းအမှတ် နှုတ်ဆက်လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံရန် စီစဉ်ခြင်းဖြစ်သည်။ လေးယောက်တစ်ဝိုင်းတွင် အိမ်ရှင်အဖြစ် မေယုစစ်ရေယာဉ်မှ အရာရှိတစ်ဦးနှင့် ဧည့်သည်သတင်းစာဆရာ သုံးဦးစီထိုင်ရန် စီစဉ်ထားသည်။

ဗမာ့ခေတ်သတင်းစာ ဦးသန်းညွန့် (ရှေ့ဆောင်သန်းညွန့်)က ကျွန်တော်နှင့် မဏ္ဍိုင်သတင်းစာမှ ဦးသန်း

www.burmeseclassic.com


ညွှန့်တို့အား "ကျွန်တော်တို့ သန်းညွှန့်သုံးယောက် တစ်စားပွဲတည်း ထိုင်လိုက်ကြရအောင်"ဟု အဖော်ညှိ၍ နီးရာစားပွဲတွင် နာမည်တူ ကျွန်တော်တို့သုံးဦး ဝင်ထိုင်လိုက်ကြသည်။

မကြာမီ အသက် ၂၅ နှစ်ခန့်ရှိ ရေတပ်ဗိုလ်ကြီး တစ်ဦးသည် ကျွန်တော်တို့ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော်တို့ သုံးယောက်စလုံး သန်းညွှန့်တွေပါ၊ သူက ဗမာ့ခေတ်က ဦးသန်းညွှန့်၊ သူက မဏ္ဍိုင်က ဦးသန်းညွှန့်၊ ကျွန်တော်က မြန်မာ့အလင်းသန်းညွှန့်ပါ"ဟု ကျွန်တော်က ရေတပ်ဗိုလ်ကြီးအား မိတ်ဆက်ပေးလိုက်သည်။

ရေတပ်ဗိုလ်ကြီးက အားရဝမ်းသာဖြင့် လက်ဆွဲနှုတ်ဆက်ရင်း အံ့အားသင့်ကာ "ကျွန်တော်ကလည်း ဗိုလ်ကြီးသန်းညွှန့်ပါ"ဟု ပြန်လည်မိတ်ဆက်သဖြင့် ကျွန်တော်တို့သည် ဆုံတတ်ပလေဟု ထူးဆန်းအံ့သြကြပြီး အားရပါးရ ရယ်မောမိကြသည်။ တမင်သက်သက် စီစဉ်ရမည်ဆိုလျှင် အလွန်ခက်ခဲပေလိမ့်မည်။ မမျှော်လင့်ဘဲ အဖြစ်ဆန်းကြုံနေ၍ ထူးထွေတည့် အံ့ရာသော်ဟု ဆိုရပါတော့မည်။

လွန်ခဲ့သော နှစ်ပေါင်း ၄၀က တစ်စားပွဲတည်း၌ နာမည်တူလေးဦး ဆုံခဲ့သော "သန်းညွှန့်" ၄ ဦးအနက် ယခုအခါ ဗမာ့ခေတ်မှ ဦးသန်းညွှန့် (ရွှေဆောင်သန်းညွှန့်) မှာ ကွယ်လွန်သွားပြီဖြစ်၍ "သန်းညွှန့်" သုံးဦးတော့ ကျန်ရှိနေပါသေးသည်။

**[မိုးဂျာနယ်၊ နိုဝင်ဘာ ၁၉၉၇]**

www.burmeseclassic.com

## ရှမ်းပြည်နယ်ရောက် ဒေသ့သည်

ရှမ်းပြည်နယ်သို့ မရောက်သည်မှာ ၃၅ နှစ်ခန့် ရှိပါပြီ။ ၁၉၄၈ ခုနှစ်မှစ၍ ကျွန်တော်သည် ရှမ်းပြည်နယ်သို့ စတင်ရောက်ဖူးခဲ့ရာ နှစ်စဉ်လိုပင် ရှမ်းပြည်နယ်သို့ တစ်ခေါက် သို့မဟုတ် နှစ်ခေါက် ရောက်လေ့ရှိသည်မှာ ၁၉၆၇ ခုနှစ်အထိဖြစ်သည်။ ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်ဘဲ သတင်းစာဆရာဖြစ်၍ သတင်းကိစ္စအတွက်သာ ဖြစ်သည်။

ပထမဆုံး ရောက်ဖူးသည်မှာ ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့တွင် ကျင်းပသော ရှမ်းပြည်နယ် တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ ညီလာခံသို့ ရန်ကုန်မြို့ရှိ မြန်မာပြည် သတင်းထောက်များအသင်း (BRA)ကို ဖိတ်ကြားသဖြင့် ကျွန်တော်သည် သတင်းသမားများ၏ သတင်းကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် သွားခဲ့ခြင်းဖြစ်သည်။ 'ရတစညဖ' ညီလာခံကို မိုးနဲတွင် ကျင်းပရခြင်းမှာ မိုးနဲစော်ဘွားကြီး စပ်ကျော်ဟိုး၏ ဈာပန အခမ်းအနားနှင့် တစ်ဆက်တည်း စီစဉ်ထားခြင်းကြောင့်ဖြစ်သည်။

ထိုညီလာခံသို့ ဝန်ကြီးချုပ်ဦးနုနှင့် ဇနီး၊ ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည်တို့ပါ တက်ရောက်ကြ၍

www.burmeseclassic.com


ဝန်ကြီးချုပ်သွားလေရာ လိုက်ပါ၍ သတင်းယူ ဓာတ်ပုံရိုက်ရသော ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းထောက်ကြီး ဦးပုကလေးလည်း လိုက်ပါလာသည်။

ဦးပုကလေးသည် ဝံသာနုခေတ်မှအစ သတင်းစာဆရာကြီးဖြစ်၍ ကျွန်တော်တို့ သတင်းထောက်များ၏ ဘိုးအေတစ်ဦးဖြစ်သည်။ ကျွန်တော်တို့သည် ဦးပုကလေးထံမှ ရှေးခေတ်နှင့် ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေးနှင့် မြန်မာစာနယ်ဇင်း ဗဟုသုတများကို နာကြားကြရ၍ များစွာဗဟုသုတရရှိသည်။ မိုးနဲတွင် နှစ်ညအိပ်ဆုံရ၍ ဦးပုကလေးထံမှ ဗဟုသုတစုံ ရရှိလိုက်ပြန်သည်။

၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံ နယ်စပ်သို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူ ကေအမ်တီတပ်များ သတင်းကိစ္စနှင့် ရှမ်းပြည်နယ်တောင်ပိုင်းသာမက မြောက်ပိုင်းဒေသစုံအောင် သွားရောက်သတင်းယူရန် စစ်ရုံးချုပ်၊ စစ်ဦးစီးအဖွဲ့၏ စီစဉ်ပေးချက်အရ ကျွန်တော်သည် နေရှင်းအင်္ဂလိပ်သတင်းစာမှ ဦးအုန်းမြင့် (နောင်အခါ အထောက်တော်သတင်းစာ ဦးအုန်းမြင့်)နှင့်အတူ ရှမ်းပြည်နယ် တောတောင်အနှံ့ ရောက်ခဲ့ရပြန်သည်။ ရန်ကုန်မှ ဟဲဟိုးသို့ ယူဘီအေလေယာဉ်စီးသွားပြီး ကလော၊ တောင်ကြီး၊ လွိုင်လင်၊ နမ့်ဆန်၊ မိုးနဲ၊ လင်ခေးမှတစ်ဖန် ပင်လုံ၊ လဲခြား၊ ကျေးသီး၊ မန်ဆန်၊ သီပေါ၊ လားရှိုး၊ ကွတ်ခိုင်၊ သိန္နီ၊ ၁၀၅ မိုင်မုံးယု၊ မူဆယ်၊ ကြူကုတ်အထိ မြောက်ပိုင်းသို့ တရုတ်ဖြူအန္တရာယ်ကြားမှ တရုတ်နယ်စပ် ဝမ်တိန်တံတား ဤမှာဘက်ထိပ်အထိ မော်တော်ကားဖြင့် သွားရောက်ကာ သတင်းလိုက်၊ ဓာတ်ပုံရိုက်ခဲ့ရသည်။ မဟာနှင့် နဂါးနိုင် စစ်ဆင်ရေးအစဖြစ်သည်။

၁၉၅၄ ခုနှစ်၊ မတ်လတွင် တရုတ်ဖြူတို့အား ဘုရင့်နောင်စစ်ဆင်ရေးဖြင့် တိုက်ခိုက်ရာ၌ ကျွန်တော်၊

ဦးအုန်းမြင့်၊ နယူးတိုင်း အင်္ဂလိပ်သတင်းစာမှ ဦးအေးဖေ (နောင်တိုင်းရင်းမေဂျာနယ် ဦးအေးဖေ)၊ ရန်ကုန်သတင်းစာမှ ဦးကျော်စိန် ဗမာ့ခေတ်ဦးခင်မောင်ကြည် (နောင်ကြေးမုံ၊ ဂါးဒီးယန်း၊ ကွယ်လွန်)၊ မဏ္ဍိုင် ဦးမင်းအောင် (နောင် အထောက်တော်ကွယ်လွန်)၊ ဦးထင်ကြီး၏ နယူးစ်ပစ် Newspix သတင်းဓာတ်ပုံအဖွဲ့မှ ဦးရွှေမောင် (နောင်နေရှင်းနှင့်ကြေးမုံ ကွယ်လွန်)တို့ စစ်ရုံးချုပ်၏ အစီအစဉ်အရ ရှေ့တန်းစစ်မျက်နှာသို့ သတင်းလိုက်၊ ဓာတ်ပုံရိုက်ရန် ရန်ကုန်မှ နမ့်ဆန်လေတပ်စခန်းသို့ လေယာဉ်ဖြင့်ပို့ပေးပြီး နမ့်ဆန်မှ သံလွင်မြစ် အနောက်ဘက်ကမ်းရှိ ဆွတ်ပုံစစ်ဆင်ရေးစခန်းသို့ စစ်ကားဖြင့် သွားခဲ့ရသည်။

သံလွင်မြစ် အရှေ့ဘက်ကမ်းရှိ တရုတ်ဖြူတပ်စခန်းများသို့ စစ်ဆင်ရေး စသည့်နေ့မှာပင် အမြောက်များ၊ စိန်ပြောင်းများဖြင့် ဖြိုခွင်း၍ သိမ်းပိုက်ပြီး နောက်နေ့တွင် ရေစီးအလွန်ကြမ်းလှသော သံလွင်မြစ်ကို သံစည်ပိုင်းများကိုအောက်ခံဖောလုပ်ပြီး ဖောင်ဖွဲ့ထားသော ဖောင်ဖြင့်ဖြတ်ကူး၍ အရှေ့ဘက်ကမ်း၊ ရေလိမ်တောင်မှ စကာခြေကျင် တောင်တက်ခရီး စတင်ရတော့သည်။ အသက်အရွယ်ကြီးသော ဦးအုန်းမြင့်နှင့် ဦးအေးဖေတို့ နှစ်ဦးကိုမူ နောက်တန်း နမ့်ဆန်၌ ချန်ထားခဲ့သည်။

မိုးထဲ၊ ရေထဲ၊ တောတောင် လျှိုမြောင်အနှံ့ စိမ့်စမ်းရေတံခွန် အသွယ်သွယ်ကို တပ်မတော်သားများနှင့် အတူ အဆင်းရဲ အပင်ပန်းခံကာ နှစ်လနီးပါး ဖြတ်ကျော်၍ သတင်းလိုက် ဓာတ်ပုံရိုက်ခဲ့ကြရသည်။

တရုတ်ဖြူများ သိမ်းပိုက်ထားခဲ့သော မိုင်းတုန်နှင့် မိုင်းဆတ်ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ယိုးဒယား မြန်မာ နယ်ခြားရှိ ပွန်ပါကျင်အထိ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

www.burmeseclassic.com


၁၉၅၅ ခုနှစ် ရန်ကြီးအောင် စစ်ဆင်ရေးတွင် ကျွန်တော်နှင့်အတူ ရန်ကုန်သတင်းစာမှ ဦးတင်အေး (နောင် အင်ဆာနိုင်ငံခြားသတင်းဌာန – ကွယ်လွန်) ဟံသာဝတီမှ ဦးပေါ်ဦး (ကွယ်လွန်)၊ မဏ္ဍိုင်မှ ဦးမင်းအောင်၊ သမာဓိမှ ဦလှမြင့် (ဘိုင်ကြီး)တို့ ပါဝင်၍ မိုင်းဆတ်မှ လွိုင်တွန်ကြီး လွိုင်လန်း၊ တာချီလိတ်ဒေသ၌ ခိုအောင်းနေသော တရုတ်ဖြူ အကြွင်းအကျန်များကို တိုက်ခိုက်သည့် ရှေ့တန်းစစ်မျက်နှာသို့ လိုက်ပါကာ သတင်းလိုက်၊ ဓာတ်ပုံရိုက်ရပြန်သည်။

ရန်ကြီးအောင် နောက်ဆုံးစစ်မျက်နှာဖြင့် တရုတ်ဖြူ အကြွင်းအကျန်များကို တာချီလိတ်ဒေသမှ အပြီးအပိုင်တိုက်ထုတ်ရာတွင် ကျွန်တော်နှင့်အတူ ပြန်ကြားရေးဌာန သတင်းထောက်ကြီး ဦးလှမောင် (ကွယ်လွန်)တို့ ရှေ့တန်းသို့ လိုက်ပါ၍ သတင်းလိုက်၊ ဓာတ်ပုံရိုက်ခဲ့ကြရသည်။

၁၉၅၆ ခုနှစ် ဝန်ကြီးချုပ် ဦးဗဆွေလက်ထက်၌ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ မန်ရှီဒေသတွင် ကျင်းပသော တရုတ်မြန်မာနယ်ခြား ကွန်ဖရင့်သို့ မြန်မာဝန်ကြီးချုပ် ဦးဗဆွေနှင့် တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းတို့ တက်ရောက် မိန့်ခွန်းပြောကြားသဖြင့် ရန်ကုန်ရှိ သတင်းစာတိုက်ပေါင်းစုံမှ ကိုယ်စားလှယ်များ လိုက်ပါသတင်းယူရန် ခွင့်ပြုချက်အရ ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့်သွားပြီး မန္တလေးမှ မော်တော်ကားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဖြတ်ကာ တရုတ်နယ်စပ် ဝမ်တိန်တံတားမှကူးပြီး မန်ရှီအရောက် ကျွန်တော်တို့ မေမန်းဘတ်စကားဖြင့် ခရီးနှင်ခဲ့ရပြန်သည်။

၁၉၅၇ ခုနှစ် တောင်ကြီးတွင် ပအို့ခေါင်းဆောင် ဦးလှဖေကြီးမှူး၍ အစုလိုက်၊ အပြုံလိုက် လက်နက်ချပွဲကျင်းပသဖြင့် သတင်းယူ ဓာတ်ပုံရိုက်ရန် ရန်ကုန်သတင်းစာ

www.burmeseclassic.com


တိုက်ပေါင်းစုံမှ တက်ရောက်ခဲ့ရာတွင် ကျွန်တော် လိုက်ပါခဲ့ရပြန်သည်။

၁၉၅၈–၅၉–၆၀ ခုနှစ်များတွင် ရှမ်းပြည်နယ်မြောက်ပိုင်း တန်ယန်းစစ်ဆင်ရေးသို့ ဦးမြရီ၊ ဦးမင်းအောင်စသော သတင်းထောက်များနှင့်အတူ သတင်းလိုက်၊ ဓာတ်ပုံရိုက်ခဲ့ရသေးပြီး ရှမ်းပြည်နယ် အစိုးရ၏ ကျိုင်းတောင်းဒေသသို့ ခရီးလှည့်လည်၍ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင်လည်း ကျွန်တော်နှင့် အခြား သတင်းစာတိုက်မှ သတင်းထောက် ၃–၄ ဦး လိုက်ပါခဲ့ရပြန်သည်။

ထို့နောက် နှစ်များတွင် ဖက်ဒရယ်ကိစ္စနှင့် အခြားသတင်းကိစ္စများဖြင့် ရှမ်းပြည်နယ်သို့ လွန်းပြန်ခရီး နှင်ခဲ့ရသည်မှာ အခေါက်ခေါက်အခါခါ။

၁၉၆၇ ခုနှစ် အလယ်ပိုင်းမှစ၍ ရှမ်းပြည်နယ်သို့ မရောက်ဖြစ်သည်မှာ ၂၀၀၁ ခုနှစ်၊ ဧပြီလ အလယ်အထိဖြစ်သည်။

အသက် ၇၆နှစ်ရှိပြီး ခြေလက်မကြံ့ခိုင်၊ ကိုယ့်အထုပ်ကိုယ်ဆွဲနိုင်ဖို့ဝေးစွ၊ လူလွတ်ပင် ခြေလှမ်းမှန်အောင်အတော်ကြိုးစားသွားလာနေရသဖြင့် ရှမ်းပြည်နယ်ကဲ့သို့ တောင်ပေါ်ခရီးမျိုး ရောက်နိုင်တော့မည် မထင်ပါ။

ဧပြီလ ၁၈ ရက်နေ့ သင်္ကြန်အပြီး နှစ်ဆန်း ၂ ရက်နေ့တွင် သားမောင်တင်ဝင်းက သူ့ ၅၂ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်ဖြင့် တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ အောင်ပန်း၊ ကလော၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်သို့ ကျွန်တော့်အားအဆင့်မြင့် မှန်လုံခရီးပို့ မောင်တော်ကားကြီးဖြင့် ဘုရားဖူးလိုက်လံပို့သဖြင့် မထင်မှတ်ဘဲ ရှမ်းပြည်နယ်သို့ ဘုရားဖူးဧည့်သည်အဖြစ် ရောက်ရှိခဲ့သည်။

ဧည့်သည်ဟု ဆိုလိုက်ခြင်းမှာ ယခင်က ကျွန်တော်

www.burmeseclassic.com


ရောက်ဖူးသော ရှမ်းပြည်နယ်တစ်ခွင် ပြဲပြဲစင် သတင်းကိစ္စ အလုပ်တာဝန်ဝတ္တရား ဆောင်ရွက်ရသော ခရီးဖြစ်၍ ကိုယ်ရေးကိုယ်တာခရီး မဟုတ်ပါ။ ယခုတစ်ခေါက်သာ ကိုယ်ရေးကိုယ်တာခရီးဖြစ်၍ ဧည့်သည်အဖြစ် သွားရောက်ရခြင်းဖြစ်ပါသည်။

လူနေကျဲခဲ့သော ရှမ်းပြည်နယ်မှာ မြန်မာပြည်မကဲ့သို့ အဆောက်အအုံတွေ၊ လမ်းတွေ၊ တံတားတွေ၊ စေတီပုထိုးအသစ်တွေ တိုးလာ၍ လူနေစိပ်လှသည်။ မြို့တိုင်းရွာတိုင်း စည်ကားလွန်းလှသည်။ ခရီးလမ်းပန်း သယ်ယူပို့ဆောင်ရေး မော်တော်ကားများမှာလည်း အထက်တန်းကျ၍ ခေတ်မီလှသည်။ စီးပွားရေး ကုန်သွယ်မှု၊ စိုက်ပျိုးရေးတို့မှာလည်း တိုးတက်စည်ပင်နေသည်။

ရှမ်းပြည်နယ်တစ်ခွင်တွင် ဘဝဖူလုံရေးအတွက် ကိုယ့်အားကိုယ်ကိုး၍ အားကြိုးမာန်တက် လုပ်ကိုင်နေကြသည်မှာ အားကျစရာပင်။ အထူးသဖြင့် အင်းလေးဒေသ၌ ရေကန်ထဲတွင် အားမာန်အပြည့်နှင့် ခွဲမလျှော့ဘဲ လုပ်ကိုင်နေကြသည်မှာလည်း ရေသာခို အချောင်လိုက်သူများအတွက် စံနမူနာယူစရာပင်။

ယခင်က လှည်းလမ်းသာရှိ၍ လမ်းကြမ်းနေသော တောင်ကြီးမြို့မှ ၂၄ မိုင်ကျော်ကွာဝေးသော ကက္ကူမွေတော်ရှင်စေတီများမှာ ငြိမ်းချမ်းရေးခေါင်းဆောင်၏ လုံ့လဖြင့် မော်တော်ကားလမ်းချော ဖြစ်နေပြီဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး စည်ကားလှသည်။ ကျွန်တော်သည် တစ်ခေါက်သာရောက်ဖူး၍ သက်တမ်းရင့်လှသော ညောင်ပိန္နဲပင်များ၏ အရိပ်အာဝါသမှာ အားခဲ၍ လာရောက်ရသော ဘုရားဖူးများအား အမောပြေစေသည်။ ကြည်နူး၍ ငြိမ်းချမ်းသာယာမှု ဖြစ်စေသည်။

မတွေ့ရသည်မှာ ကြာပြီဖြစ်သော ညီအစ်ကိုပမာ

www.burmeseclassic.com


မိတ်ဆွေရင်းဖြစ်သည့် အသက် ၈၂ နှစ်ရှိ တပ်မတော်အရာရှိဟောင်း ဦးဖေမြင့်အား သူ့ဇာတိနှင့် နေမြဲဖြစ်သော တောင်ကြီးမြို့ တောင်ခြေပတ္တမြားလမ်းနေအိမ်၌ပင် ကျန်းမာစွာရှိသဖြင့် နှစ်ယောက်သား ဝမ်းသာအားရ ကြည်နူးစွာ ပြန်လည်ဆုံစည်းခဲ့ရသည်။ ဦးဖေမြင့်သည် စစ်ကြိုခေတ်က တောင်ကြီးမြို့အရေးပိုင် ကျက်သရေဆောင် ရွှေစလွယ်ရမင်း ဦးကြီးညို၏ သားတစ်ဦးဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာသင်တန်း တက်ခဲ့ဖူး၏။ ပဒေသရာဇ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ပြည်မနှင့်အတူ ပူးပေါင်း၍ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သဖြင့် သတင်းလိုက်ရင်း ချစ်ခင်ရင်းနှီးခဲ့ရသူဖြစ်သည်။ ပညာရေးဝန်ကြီးဟောင်း ရဲဘော်ဖြူခေါင်းဆောင်၊ နောင်အခါ ဆိုဗီယက်နိုင်ငံဆိုင်ရာ မြန်မာသံ အမတ်ဟောင်း ကွယ်လွန်သူ ဗိုလ်ဖိုးကွန်း၏ ဖအေတူမအေ ကွဲ ညီတော်သူဖြစ်သည်။ ယခုတိုင် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ် တက်ကြွဆဲဖြစ်သည်ကို တွေ့ခဲ့ရသည်။

တောင်ကြီးမှ ပင်းတယသို့ ဘုရားဖူးရောက်သွားပြီး သက်တော်ရှည် ကုံလုံဆရာတော်ကြီးအား ဝင်ရောက်ပူဇော်ကန်တော့ခဲ့သည်။ ကလောရှိ ယွန်း (နီး) ဘုရားဆင်းတုတော်ကိုဖူးပြီး မြင်းမထိ သဘာဝလိုက်ဂူသို့လည်း ဝင်ရောက်လေ့လာခဲ့သည်။

ဧပြီ ၂၀ ရက်နှင့် ၂၁ ရက်နေ့ညနေတွင် အောင်ပန်း စည်ပင်သာယာဈေးရှေ့ရှိ တိုက်အိမ်တွင် နိုင်ငံကျော် စာရေးဆရာကြီး ဒဂုန်တာရာထံ သွားရောက်၍ စာပေနှင့် စာနယ်ဇင်းအကြောင်းတွေ စကားလက်ဆုံ ပြော၍မကုန် ဖြစ်ခဲ့ရသည်။

ဆရာဒဂုန်တာရာ၏ အိမ်တွင် ရန်ကုန်အပူဒဏ်ကို ရှောင်တိမ်း၍ ရောက်ရှိနေသော ဝါးခယ်မ သခင်သိန်းမောင်

www.burmeseclassic.com


ကြီးကိုလည်း တွေ့ရ၍ ဝမ်းသာမိသေးသည်။

စစ်ကြိုခေတ်က အေဝမ်းဓာတ်ပြား 'ကျောင်းပိတ်ရက်'သီချင်းတွင် 'ရှမ်းပြည်နယ် တောင်ပိုင်းရော၊ မြောက်ပိုင်းရော ရောက်ခဲ့တယ်'ဆိုသည်ကို အားကျခဲ့သည်။ ထိုစဉ်က ရှမ်းပြည်နယ်ကို ကျွန်တော် သိပ်ရောက်ဖူးချင်သည်။ တမ်းတမိသည်။

စစ်ပြီးနောက်ပိုင်း လွတ်လပ်ရေးခေတ်တွင် ကျွန်တော်သည် သတင်းကိစ္စ အလုပ်တာဝန်ဖြင့် ရှမ်းပြည်နယ်ကို တောင်ပိုင်းရော မြောက်ပိုင်းရောသာမက အရှေ့ပိုင်းပါမကျန် တောကြိုအုံကြားအနှံ့ ခြေဆန့်ခဲ့ဖူးပြီ။

သည်ဘက်ခေတ် အဆိုတော် ရပ်ရှင်မင်းသမီး (ဒေါ်)ချိုပြုံး၏ 'ရှမ်းပြည်နယ်ရောက် ဧည့်သည်ရယ် မပြန်ပါနဲ့ကွယ်' ဟု ဆိုခြင်းမျိုးတော့ ကျွန်တော် မဖြစ်ခဲ့ပါဘူး။ ကျွန်တော်သည် ရှမ်းပြည်နယ်ရောက် ယာယီဧည့်သည်သာ ဖြစ်ပါသည်။

ကျွန်တော်တို့ နောင်တော်ကြီး ဒဂုန်တာရာသာလျှင် (ဒေါ်)ချိုပြုံး အဆိုနှင့်လိုက်အောင် အောင်ပန်းတွင် ရေရှည်နေထိုင်ကာ ထင်းရှူးတောနံ့ ရှူရှိုက်၍ အပန်းဖြေပြီး ရှမ်းပြည်နယ်၏ အေးရိပ်သာကို ခိုလှုံနေသော ရှမ်းပြည်နယ်၏ ထာဝရဧည့်သည်ကြီး ဖြစ်နေလေသည်။

ကျွန်တော် ပြန်လာပြီးနောက် မေလလယ်လောက်တွင် ဒဂုန်တာရာ၏ မွေးနေ့ကို အောင်ပန်း၌ ကျင်းပ၍ ရန်ကုန်နှင့် ရပ်ဝေးမှ စာပေသမားများ သွားရောက်ချီးမြှင့်ကြလေသည်။

**[နွယ်နီ၊ စက်တင်ဘာ ၂၀၀၁]**

www.burmeseclassic.com

## ပိုက်ဆံဆိုတာ ကူပွန်ပါ

ကျွန်တော်တို့ အဘိုးလေးသည် ဟံသာဝတီခရိုင်၊ ခရမ်းမြို့နယ်တွင် အိမ်ထောင်ကျ၍ ကြာကန်ရွာ၌ အခြေတကျ နေထိုင်သဖြင့် အမေနှင့် ကျွန်တော်တို့သည် စစ်ကြိုခေတ်က နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်တွင် သွားရောက်လေ့ရှိသည်။

ထိုခေတ် ခရမ်းနယ်သည် မြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ စပါးအထွက်ကောင်းသော ပဲခူးကွင်းနှင့် တစ်ဆက်တစ်စပ်တည်းလိုဖြစ်၍ စပါးအထွက်ကောင်းလှသည်။ ထို့ကြောင့် အင်္ဂလိပ် ကိုလိုနီအစိုးရက ပဲခူးမှ ခရမ်း – သုံးခွသို့ စပါးသယ်ယူရန် အဓိကထား၍ မီးရထားလမ်းခွဲပြုလုပ်ပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ပေးခဲ့သည်။

ဂျပန်ခေတ်တွင် ခရမ်း –သုံးခွ မီးရထားသံလမ်းများကို ဖက်ဆစ်ဂျပန်တို့က ယိုးဒယား – မြန်မာ မီးရထားလမ်းဖောက်ရန် ဖြုတ်ယူပြီး သံဖြူဇရပ်ဘက်သို့ ပို့လိုက်သည်။ တိုစဉ်မှစ၍ ခရမ်း–သုံးခွ မီးရထားလမ်း မရှိတော့ပေ။

ခရမ်းသို့ ရေလမ်းပေါက်၍ သင်္ဘော၊ မော်တော်၊ သမ္ဗန်များဖြင့် သွားရောက်နိုင်သော်လည်း ခရမ်းချောင်းမှာ

www.burmeseclassic.com


ကျဉ်းမြောင်းသဖြင့် ရေတက်ချိန်ကျမှ ခရီးပေါက်လေသည်။ ထို့ကြောင့် စစ်ကြိုခေတ်က စကော့လူမျိုးပိုင် ဧရာဝတီသင်္ဘောကုမ္ပဏီ သင်္ဘောများ သွားလာပို့ဆောင်ခြင်း မပြုဘဲ အိန္ဒိယတိုင်းသား ချောက်ဒရီပိုင် သင်္ဘောများသာ ရေတက်ချိန်နှင့်ကိုက်၍ ခုတ်မောင်းပို့ဆောင်ပေးသည်။

ခရမ်းနယ် စပါးအထွက်ကောင်းလွန်း၍ ချစ်တီးများ မကြီးစိုးနိုင်ရန် ၉၁ ဌာန အုပ်ချုပ်ရေးခေတ်တွင် အစိုးရကိုယ်တိုင် လယ်ရှင်လုပ်၍ လယ်သမားများအား သီးစားချထားလုပ်ကိုင်စေသော လယ်ယာလုပ် လယ်သမားအစုအသင်းများ ဖွဲ့ပေးပြီး “စတိတ်ကိုလိုနီ” အမည်ဖြင့် လုပ်ငန်းတစ်ရပ် တီထွင်ခဲ့သည်။

စပါးအထွက်ကောင်းလှသော ခရမ်းနယ်၌ နေထိုင်သော အဘိုးလေးသည် ပျို့ရွယ်စဉ်က ရန်ကုန်တွင် နေထိုင်ခဲ့သူဖြစ်၍ လယ်ယာ မလုပ်ကိုင်တတ်သဖြင့် အခြေချနေထိုင်သော ကြာကန်ရွာနေအိမ်တွင် ကုန်စုံဆိုင်ဖွင့်သည်။ စပါးထွက်ကောင်းရုံသာမက ဘဲ၊ ကြက်နှင့် ဘဲဥ၊ ကြက်ဥ လှိုင်လှိုင်ထွက်သော နယ်ဖြစ်၍ စီးပွားရေး အကွက်ကောင်းရှာတတ်သော တရုတ်၊ ကုလားဆိုင်များ လာရောက်ဖွင့်လှစ်ထားသော်လည်း စိတ်ရှည်ပြီး တည်ငြိမ်အေးဆေးစွာ ပြောဆိုဆက်ဆံတတ်သော အဘိုးလေးထံ လာရောက်ဝယ်ယူ အားပေးသူ ပိုမိုများပြားသည်။ အဘိုးလေးဆိုင်မှာ တရုတ်၊ ကုလားဆိုင်များထက် ကုန်မှန် ဈေးနှုန်းမှန်သည့်အပြင် အဘိုးလေးက မတွန့်တိုတတ်ဘဲ အမြဲလက်သာ၍ ဝယ်ယူအားပေးသူတို့ အကြိုက်ဖြစ်သည်။

အဘိုးလေးသည် သူ့ဆိုင်မှ ကုန်ပစ္စည်းများကို ပိုက်ဆံဖြင့်သာ ရောင်းခြင်းမဟုတ်ဘဲ ပစ္စည်းချင်းလည်း ဖလှယ်၍ ရောင်းဝယ်ခြင်းပြုလုပ်သည်။ ထိုခေတ်က ပိုက်ဆံရှင်သူ နည်းပါးသဖြင့် မိမိ လယ်ယာဥယျာဉ် ခြံမြေထွက်

www.burmeseclassic.com


ကောက်ပဲသီးနှံများဖြင့် ကုန်စည်လဲလှယ် ရောင်းဝယ်ခြင်း၊ ကောက်ပဲသီးနှံ ကုန်စည်မရှိသူများက လုပ်အားဖြင့် လုပ်ကိုင်ကာ လိုအပ်သော ကုန်စည်ကို ရယူခြင်း အလေ့အထ အတော်ပင် ကျန်ရှိနေသေးသည်။

အဘိုးလေးဆိုင်တွင် ရေနံဆီ၊ ဆပ်ပြာ တစ်ပြားဖိုး၊ နှစ်ပြားဖိုးမှအစ လက်လီရောင်းချရာ အိမ်သုံး၊ လူသုံးကုန်နှင့် စားသောက်ကုန်များကို နည်းများမဆို စပါးတစ်စလယ်၊ ဆန်နို့ဆီဘူးတစ်လုံး၊ ကြက်ဥ၊ ဘဲဥတစ်လုံး စသည်ဖြင့် ကြက်၊ ဘဲ၊ အရှင်တို့နှင့်ပါ ကုန်စည်လဲလှယ် ရောင်းဝယ်နေသဖြင့် ကျွန်တော်တို့မှာ အတော်ပင် ထူးဆန်းအံ့သြနေကြသည်။ အဘိုးလေးကို ကူညီရောင်းပေးနေရ၍လည်း အလွန်ပျော်ရွှင်နေသည်။

စပါးနှင့် လဲလှယ်၍ ကုန်လာဝယ်လျှင် သူ့အိမ်ရှေ့ ခြံဝင်းထဲရှိ တလင်းမှာ ပုံထားခဲ့ရသည်။ ဆန်နှင့် လဲလှယ်၍ လာဝယ်လျှင် ဆန်အမျိုးအစား ခွဲခြားထားသော ဆိုင်ပေါ်က အိတ်ထဲတွင် ထည့်ခဲ့ရသည်။ ကြက်ဥ၊ ဘဲဥနှင့်လာလဲလျှင် ဆိုင်ပေါ်က ကြက်ဥတောင်း၊ ဘဲဥတောင်းထဲမှာ ထည့်ထားခဲ့ရုံသာဖြစ်သည်။ ကြက်၊ ဘဲ အရှင်အနာလွတ်လျှင် ခြံထဲသွင်းထားခဲ့ရန်သာဖြစ်သည်။ အဘိုးလေးသည် စစ်ကြောမနေဘဲ ဝယ်သူတို့အား ယုံကြည်စိတ်ချထားသဖြင့် ဝယ်သူများကလည်း မဟုတ်မတရား မလုပ်ဘဲ ရိုးသားစွာဖြင့် မေတ္တာတုံ့ပြန်ကြသည်။

အဘိုးလေးသည် သူ့ဆိုင်တွင် ကုန်စည်ဖြင့် လဲလှယ်ရောင်း၍ရသော စပါးများကို စုဆောင်းထားပြီး တစ်လတစ်ကြိမ်ခန့် လှည်းတစ်စီးစာ (၂၅ တင်း) ရလျှင် ခရမ်းမြို့ပေါ်ရှိ အင်္ဂလိပ်ဆန်စပါး ကုမ္ပဏီအဝယ်ဒိုင်သို့ လှည်းငှားကာ သွားရောက်ရောင်းချသည်။ ကျွန်တော်တို့ ရောက်ရှိနေခိုက် ခရမ်းမြို့သို့ စပါးသွားရောင်းလျှင် အဘိုး

လေးက ကျွန်တော့်အား အမြဲခေါ်သွားလေ့ရှိသည်။ နေဝင်ဖျိုးဖျတွင် ကြာကန်ရွာမှ စပါးလှည်းပေါ်၌ အဘိုးလေးနှင့် အတူ လိုက်ပါသွားရာ တစ်ညလုံး လှည်းမောင်းရ၍ နံနက်ဝေလီဝေလင်းမှ ခရမ်းမြို့သို့ ရောက်ရှိသည်။ စပါးလှည်းများမှာ အနည်းဆုံး အစီး (၂၀/ ၂၅) စီးအုပ်စုဖွဲ့၍ စီတန်းသွားရာ လှည်းသမားများက သီချင်းတကြော်ကြော် ဆိုကြသဖြင့် အလွန်ပျော်စရာ ကောင်းလှသည်။

စပါးရောင်း၍ရသော ပိုက်ဆံဖြင့် အဘိုးလေးက ဆိုင်အတွက် ကုန်စည်များကို ခရမ်းမြို့ပေါ်တွင် လိုက်လံဝယ်ယူသည်။ ကျွန်တော့်ကိုလည်း အလိုလိုက်၍ ကြိုက်တာဝယ်၊ ကြိုက်တာစားရသည်။ ကျွန်တော့်အဖို့ ရတနာပုံဆိုက်တော့သည်။

နံနက်ထမင်းဝယ်စားပြီး ခရမ်းမြို့မှ ကြာကန်ရွာသို့ အပြန် နွားလှည်းပေါ်တွင် အဘိုးလေးသည် စပါးရောင်းရငွေထဲမှ ဆိုင်အတွက် ကုန်စည်များဝယ်ခဲ့ရသော ကုန်ကျငွေများကို တွက်ချက်ပြီး –

"လူလေး မင်း အံ့သြနေတဲ့ အဘိုးလေးဆိုင်မှာ ကုန်စည်ချင်း ဖလှယ်ရောင်းတာကို ဘယ်လိုပိုက်ဆံဖြစ်လာမှာလဲလို့ မေးခဲ့တာလေ၊ အခု ပိုက်ဆံဖြစ်လာလို့ ခရမ်းမှာ ကုန်ပြန်ဝယ်လာတာ တွေ့တယ်မဟုတ်လား။ ပိုက်ဆံဆိုတာ တကယ်တော့ အရပ်ထဲမှာ သုံးနေကြတဲ့ ကူပွန်လိုပါပဲ။ အစိုးရက တာဝန်ခံထုတ်ဝေပြီး သုံးခွင့်ပြုလို့ ပိုက်ဆံဖြစ်ရတာပါ။ ပိုက်ဆံက အရေးမကြီးပါဘူး။ ကုန်စည်၊ လူ့လုပ်အားနဲ့ ပညာသာ အရေးကြီးတာပါ။ ဒါကြောင့် ဘာပညာမဆို တတ်အောင်သင်၊ ကုန်စည်ဖြစ်လာရင် လူ့လုပ်အားနဲ့ ရင်းနိုင်ရင် ပိုက်ဆံဖြစ်တာပါပဲ"

စီးပွားရေးကို ဘာမျှနားမလည်သေးသော ကျွန်တော်သည် အဘိုးလေး ပြောပြသော အတတ်ပညာ၊

www.burmeseclassic.com


လူ့လုပ်အားနှင့် ကုန်စည်သာလျှင် အဓိကဖြစ်ပြီး ပိုက်ဆံသည် ကြားခံဖလှယ်ရသော ပစ္စည်းသာဖြစ်သည်ကို စီးပွားရေးအခြေခံအဖြစ် လက်တွေ့စတင် နားလည်လိုက်ရလေတော့သည်။

**[နိုင်ငံတကာ စီးပွားရေးဂျာနယ်၊ ၁၀ – ၈ – ၂၀၀၀]**

www.burmeseclassic.com

## စာပေလုပ်ငန်း ဝိုင်းကြီးပတ်လည်

မကြာသေးမီက ကိုစန်းဦး (စိတ်ကူးချိုချိုစာပေတိုက်)ထံသို့ ရောက်ရှိခဲ့ရာ စာနယ်ဇင်းမျိုးစုံကို ပွေ့ပိုက်ထားသော အသက် (၅၀) ကျော် ပုဂ္ဂိုလ်တစ်ဦးနှင့် ဆုံခဲ့ရပါသည်။ ထိုပုဂ္ဂိုလ်က "ကျွန်တော်ကတော့ စာနယ်ဇင်းလက်ပွေ့ရောင်းသူပါ"ဟု သူ့ကိုယ်သူ အရေးမကြီးသလို နှိမ့်ချပြောဆိုခဲ့ပါသည်။

နှစ်ပေါင်း (၆၀) ကျော် စာနယ်ဇင်း လောကထဲတွင် ကျင်လည်ခဲ့ရသော အတွေ့အကြုံအရ ချက်ချင်းပင် စာပေလုပ်ငန်း ဝိုင်းကြီးပတ်လည် တက်ညီလက်ညီ လုပ်ကိုင်နေရသည့်အကြောင်းကို သတိရမိလိုက်ပါသည်။ စာနယ်ဇင်းလုပ်ငန်းအစမှာ စာရေးသားသော စာနယ်ဇင်း ဆရာများပင်ဖြစ်ပါသည်။ ထို့နောက် ထုတ်ဝေသူ၊ ပုံနှိပ်သူ (ပန်းချီ၊ မွမ်းမံပြင်ဆင်မှုအပါအဝင်)၊ ဖြန့်ချိရေးကိုယ်စားလှယ်၊ အနယ်နယ်အရပ်ရပ်ရှိ စာအုပ်ဆိုင်များနှင့် အရပ်တကာလှည့်၍ လက်လီလက်ပွေ့ ရောင်းသူနှင့် စာဖတ်သူတို့ အဆင့်ဆင့် ဆက်နွယ်နေကြပါသည်။

**စိတ်ကူးချိုချို**

စာနယ်ဇင်းဆရာတို့မှာ ထုတ်ဝေသူရှိမှ အလုပ်ဖြစ်ကြပါသည်။ ထုတ်ဝေသူကလည်း ပန်းချီစသော မွမ်းမံမှုဖြင့် ပြင်ဆင်၍ စက္ကူတွေ အများကြီးဝယ်ယူပြီး ပုံနှိပ်ရသည်။ စာအုပ်ချုပ်လုပ်ရသည်။ ဖြန့်ချိရေး ကိုယ်စားလှယ်နှင့် ဆက်သွယ်ရသည်။ ဖြန့်ချိရေး ကိုယ်စားလှယ်က တစ်ဖန် အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိရသည်။ စာအုပ်ဆိုင်နှင့် အရပ်တကာလှည့်၍ စာနယ်ဇင်း လက်ပွေ့ရောင်းသူများကို အားကိုးရပြန်သည်။ စာနယ်ဇင်း လက်လီရောင်းသူများကလည်း မှန်မှန်ဝယ်ယူ ဖတ်ရှုကြသော စာဖတ်ပရိသတ်ဖောက်သည်များကို အားထားရပြန်သည်။

စာနယ်ဇင်းဆရာသည် မိမိအတွေးအမြင်နှင့် အတွေ့အကြုံကို စာရေးတတ်သောပညာဖြင့် ဗဟုသုတ ဖြန့်ပွားသူဖြစ်၍ အဓိက အရေးအကြီးဆုံး ဖြစ်သော်လည်း စာဖတ်ပရိသတ်မရှိလျှင် ထုတ်ဝေသူက စာအုပ်အဖြစ် မထုတ်ဝံ့သဖြင့် စာတစ်ပုဒ်၊ စာတစ်အုပ် ဖြစ်မလာနိုင်ပေ။

ကိုလိုနီခေတ်က ကဝိအကျော်အမော်ကြီး အများအပြားပင်စာကောင်းပေမွန်များကို သိမ်ကြီးဈေးအနီးရှိ "ကေနာဂူမီယာအင်ဆန်း"ဆိုသော မူစလင် စာအုပ်ကုန်သည်ကြီးထံတွင် ပေးသမျှစာမူခဖြင့် ရောင့်ရဲခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဖက်ဆစ်ဂျပန်ခေတ်က သူရိယ၊ မြန်မာ့အလင်းနှင့် အစိုးရသတင်းစာ "ဗမာ့ခေတ်" ဂျပန်စစ်ဘက်မှ အင်္ဂလိပ်ဘာသာဖြင့် ဂရိတ်တားအေးရှား သတင်းစာတို့သာ ထုတ်ဝေနိုင်ခဲ့ပြီး စက္ကူအလွန်ရှားပါးသဖြင့် အခြားစာနယ်ဇင်းများ မထုတ်ဝေနိုင်ခဲ့သောကြောင့် စာနယ်ဇင်းဆရာများလည်း ကလောင်ကို ဘေးချထားကာ အခြားလုပ်ငန်းများဖြင့် အသက်ဆက်ခဲ့ရသည်။ သူရိယသတင်းစာတွင် အယ်ဒီတာအလုပ် လုပ်ကိုင်ရင်း နာမည်ကျော် ဝတ္ထုတိုရေးဆရာ ဦးအောင်ထူးမှာ နံနက်ပိုင်းတွင်

www.burmeseclassic.com


သူရိယသတင်းစာကို လက်ပွေ့ လိုက်လံရောင်းချခဲ့ရသည်။ စာရေးဆရာကြီး ဦးရန်အောင်နှင့် ဦးသန်္ဘိတို့မှာလည်း စာအုပ် (အဟောင်းများ) ဆိုင်ဖွင့်၍ အသက်မွေးခဲ့ရသည့် သာဓကများ ရှိခဲ့ပါသည်။

ယခုခေတ်ကား ထိုသို့အဖြစ်မျိုး မရှိတော့ပြီ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးပြုကာ စာပေလုပ်ငန်း အဆင့်မြင့်သည့်ခေတ်ဖြစ်သဖြင့် စာနယ်ဇင်းဆရာတို့လည်း မိမိတို့ အတတ်ပညာဖြင့် ဂုဏ်သိက္ခာကြီးမားလှပါသည်။ ထို့အတူ မည်သည့်စာနယ်ဇင်းမျိုး၊ မည်သည့်စာပေမျိုးကို စာဖတ်ပရိသတ် အများစုက စိတ်ဝင်စားကြသည်၊ ကြိုက်နှစ်သက်ကြသည်၊ တန်ဖိုးထားကြသည်ကို စာနယ်ဇင်း လက်လီရောင်းချသူများက အသေအချာ သိရှိကြသဖြင့် ဖြန့်ချိရေး ကိုယ်စားလှယ်များထံ သတင်းပို့ကြသည်။

ထုတ်ဝေသူတို့ကလည်း ဈေးကွက်တွင်ကျယ်သော စာမူများ၊ စာနယ်ဇင်းများကိုသာ ထုတ်ဝေလိုကြသည်။ ဈေးကွက်ရှိသော စာနယ်ဇင်းဆရာ၏ စာမူများကိုသာ လိုချင်ကြသည်။

ထိုသို့ စာပေလုပ်ငန်းတွင် စာနယ်ဇင်းဆရာများမှ အစ စာနယ်ဇင်း လက်လီရောင်းချသူများအထိ ဆင့်ကဲဆင့်ကဲကျွမ်းကျင်ရာ လိမ္မာဆိုသကဲ့သို့ သူ့ကဏ္ဍနှင့်သူ စာဖတ်သူများထံအရောက် ဝိုင်းကြီးပတ်လည် အားကြိုးမာန်တက် ပိုင်နိုင်စွာ ဆောင်ရွက်နေကြရသဖြင့် တက်ညီလက်ညီ ရှိမှ "ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ"ဟု မြိုင်မြိုင်ဆိုင်ဆိုင် ရွှင်လန်းချမ်းမြေ့နိုင်ကြပေမည်။

ကိုစန်းဦး စာပေတိုက်တွင် ဆုံတွေ့ခဲ့ရစဉ် လက်ပွေ့ရောင်းသမားကြီးက "စာနယ်ဇင်းဆရာတွေ ဘယ်လိုစာမျိုးတွေ ရေးသင့်သလဲဆိုရင်တော့ ပေါ့ရွှတ်ရွှတ်၊ အပျော်ဖတ်၊ အပျင်းဖတ် မဟုတ်ဘူး။ မှတ်သားစရာ ဗဟုသုတတွေ၊

www.burmeseclassic.com


နည်းပညာယူစရာ အကြောင်းအရာမျိုးတွေပဲပေါ့ဗျာ”ဟု မှတ်ချက်ပြုခဲ့သည်ကို သတိထားမိလိုက်ပါသည်။

**[နိုင်ငံတကာ စီးပွားရေးဂျာနယ်၊ ၁၆–၁၁–၂၀၀၀]**

www.burmeseclassic.com

## ဘာသာဘာ၀ထဲမှာ နည်းပညာရှာ

ဆောင်းအကုန် နွေအကူးကာလတွင် ကျွန်တော်သည် အပူရှိန်ပြင်းလှပြီး မိုးခေါင်ရေရှားသော မကွေးမြို့သို့ ရောက်ရှိနေတတ်လေသည်။ ယခုနှစ် နွေဦးတွင်လည်း ရောက်ရှိခဲ့ရပြန်သည်။ ရာသီဥတု ပူပြင်းခြောက်သွေ့သော မကွေးဒေသသည် အိမ်ထဲနှင့် သစ်ပင်ရိပ်အောက်များတွင် နေထိုင်ပါက အပူဒဏ်ကို သိပ်မခံစားရပါ။ အဲယားကွန်းလည်းမရှိ၊ ပန်ကာလေအေးစက်လည်းမသုံး၊ တစ်ချက်တစ်ချက် ပြေးဝင်လာသော လေပြည်လေညင်းဖြင့်သာ အာသာဖြေပြီး ရေခဲသေတ္တာလည်း နတ္ထိ၊ သောက်ရေသန့်ဘူးလည်း မမှီဝဲဘဲ အဝီဇိတွင်းရေကိုသာ သောက်သုံး၍ သဘာဝအတိုင်း စားသောက်နေထိုင်ကာမျှပင် သက်သောင့်သက်သာ ရှိလှပါသည်။

အိမ်ဝိုင်းထဲအထိ စည်ပင်သာယာမှရေကို လစဉ်ရေခွန် ကျပ်ကိုးဆယ်မှန်မှန် ပေးဆောင်၍ ရေပိုက်သွယ်ထားသော်လည်း ရေမလာသည်မှာ ကြာပါပြီ။ လစဉ်ရေခွန်ငွေကို တစ်ရက်နောက်ကျဆောင်လျှင် တစ်ရက်ငွေတစ်ကျပ်ကျ ဒဏ်ငွေဆောင်ရသော်လည်း စည်ပင်သာယာ၏ ရေနှင့်ဝေးနေရသဖြင့် အိမ်ဝိုင်းချင်းကပ်နေသော အဝီဇိတွင်းရေကိုသာ ဝယ်ယူသောက်သုံးနေရသည်။

**စိတ်ကူးချိုချို**

www.burmeseclassic.com


အဝီဇိတွင်းရေ တစ်စည်လျှင် ငွေ (၂၅) ကျပ်ဖြင့် တစ်နေ့လျှင် ရေနှစ်စည် ရေဖိုးငွေ ငါးဆယ်ကျပ် အပိုကုန်ခဲ့ရသည်မှာလည်း မနည်းတော့ပါ။ မီးဘေးစိုးရိမ်ရသေးသဖြင့် ရေကို မပြတ်ဖြည့်ထားရ၍ ရသည့်နည်းဖြင့်ပင် ရေဝယ်ယူထားရတော့သည်။ "ဘာပဲဖြစ်ဖြစ် ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲ"ဟု သဘောထားလိုက်ရ၍ စိတ်သက်သာရသည်ဆို၏။

ထိုစဉ် နံနက်ပိုင်းက မောင်ကျော်မွေးနှင့် တောင်ယာလုပ်ငန်း စပ်မိခြင်း အတွေးထဲပေါ်လာသည်။

"ကျွန်တော်တို့ ယာတွေက ပြီးခဲ့တဲ့နှစ်မှာ သီးနှံထွက် မဆိုးပါဘူး။ အသင့်အတင့် ရပါတယ်။ ကျွန်တော်တို့ မကွေးမြို့ အရှေ့ဘက် ဆယ်မိုင်ပတ်ဝန်းကျင်ရှိ ယာသမားတွေက ထွန်ယက်စိုက်ပျိုးနည်းကို လက်တွေ့စူးစမ်းလေ့လာ လုပ်ကိုင်တတ်ကြလို့ မိုးခေါင်တဲ့အခါမှာ တောင် တခြားကယာတွေလို မဆိုးလှပါဘူး"

"ဘယ်လိုလုပ်ပါလိမ့်"

"ဆောင်းအကုန် နွေအကူးကာလ ယာလုပ်ငန်းနားချိန်မှာ ယာမြေကို ထယ်ထိုးထွန်ယက်ပြီး မြေကြီးထဲအောင်းနေတဲ့ အပူဓာတ်ကို ဖွင့်ထုတ်လိုက်တယ်။ အစိုဓာတ်ရအောင် မြေဆီလွှာရေကြောပေါ်တဲ့အထိ မြေလှန်လိုက်တာပေါ့။ ညက်နေအောင် ထွန်ယက်ပြီးတဲ့ ယာမြေကို ညဘက်မှာ နှင်းခံထားပြီး နွားချေးနဲ့ သစ်ရွက်ဆွေးစတဲ့ သဘာဝမြေ သြဇာချပြီး နှပ်ထားလိုက်တယ်။ ယာစိုက်ဖို့မြေကို အဆင်သင့် ပြုပြင်မွမ်းမံထားရတာပေါ့။ မိုးတစ်ပြိုက် ရွာပြီးတာနဲ့ တစ်ပြိုင်နက် ပဲ၊ နှမ်း၊ ပြောင်း မျိုးကြဲပြီး စိုက်ဖို့အသင့်ပဲ"

မိုးရွာမှ ပျိုးသာမည်ဖြစ်၍ မိုးမရွာမီ ယာအဆင်သင့်ပြင်ဆင်ထားပြီး အားလပ်နေသည့်ကာလ၌လည်း မောင်

www.burmeseclassic.com


ကျော်မွေးသည် အချိန်မဖြုန်းဘဲ အခြားဘောက်လုပ်ငန်းများ လုပ်ကိုင်၍ အပိုဝင်ငွေ ရှာတတ်လေသည်။

လောလောဆယ်တွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ မင်းဘူးဘက်သို့သွား၍ သစ်တောမြေထဲမှ တူးဖော်ယူရသော "လချေးခဲ" အရောင်းအဝယ် လုပ်ကိုင်နေသည်။

လချေးခဲမှာ လချေးမှုန် လုပ်၍ရသဖြင့် နိုင်ငံခြားမှ ဝယ်ယူလေ့ရှိသည်။ ထို့ကြောင့် နိုင်ငံခြားသို့ တင်ပို့ဖို့ လုပ်ကိုင်သည်ဟု ကျွန်တော် ထင်လိုက်မိသည်။

"ဘယ်နိုင်ငံကို တင်ပို့ဖို့လဲ"

"မဟုတ်ပါဘူး၊ ယာမြေထဲမှာ မြေသြဇာအဖြစ် သုံးဖို့ပါ၊ နိုင်ငံခြားကို တင်ပို့လို့ရသလား"

"ရတာပေါ့၊ နိုင်ငံခြားမှာ လချေးမှုန် လုပ်တယ်လေ"

"ဟုတ်လား၊ အဲဒီလိုလုပ်လို့ ရတယ်လို့ ကျွန်တော် မသိခဲ့ဘူး"

"လချေးကို မြေသြဇာအဖြစ် ဘယ်လိုသုံးသလဲ"

"မီးဖုတ်ပြီး အမှုန့်ထောင်း၊ ယာထဲပက်ကြဲရတယ်"

"လချေးက ဘာကိုအားပေးလဲ"

"အပင်သန်မာထွားကျိုင်းတယ်၊ စိမ်းစိုလန်းဆန်းစေတယ်၊ ဒါကြောင့် ယာလုပ်ငန်းမှာ အများဆုံးသုံးကြတယ်။ ကျွန်တော့်ဆီမှာ အော်ဒါမှာထားတာ တော်တော်များများရှိတယ်"

"ဓာတ်မြေသြဇာ မသုံးဘူးလား"

"သုံးပါတယ်၊ ဒါပေမဲ့ သဘာဝမြေသြဇာကို အဓိကထား သုံးရပါတယ်။ ကျွန်တော်တို့ မိဘများ ပျိုးရွယ်စဉ်ခေတ်က မြေယာတွေ ပေါများတော့ ဒီယာမြေကွက်ကို ဒီနှစ်စိုက်ပြီးရင် နောင်နှစ်မှာ မစိုက်ပျိုးဘဲ အနားပေးထားပြီး တစ်ကွက်ကျော်က ယာမြေမှာ စိုက်ပျိုး

www.burmeseclassic.com


ကြတယ်လို့ ဆိုပါတယ်။ သဘောကတော့ ယာမြေကွက်ကို နှစ်စဉ်မပျက် မစိုက်ပျိုးဘဲ တစ်လှည့်စီအနားပေးပြီး အားမွေးစေတာပေါ့။ မစိုက်ပျိုးဘဲ အနားပေးထားတဲ့ ယာမြေပေါ်မှာ မြက်ပင်၊ ပေါင်းပင်တွေ ပေါက်ရောက်ပြီး ခြောက်သွေ့၊ မြေဆွေးတော့ သဘာဝမြေသြဇာ ဖြစ်လာလို့ မြေဆီအား ပြန်ပြည့်လာတယ်လို့ သိရပါတယ်"

"အခုတော့..."

"ဟုတ်ကဲ့ အခုတော့... ယာမြေ အနားမပေးဘဲ တစ်သီးပြီးတစ်သီး၊ သီးထပ်စိုက်ကြတော့ မြေဆီအားကုန်ခန်းလာလို့ ဓာတ်မြေသြဇာနဲ့ အားဖြည့်ရပါတယ်။ ဒါပေမဲ့ သဘာဝမြေဆီအား ပြန်ပြည့်အောင် သဘာဝမြေသြဇာက အရင်းခံပါ။ ဒါကြောင့် လချေးခဲကိုလည်းသဘာဝ မြေသြဇာ အဖြစ် ထည့်သုံးရပါတယ်။

မောင်ကျော်မွေးတို့လို ယာသမားများက လချေးခဲကို နိုင်ငံခြားသို့ တင်ပို့ရမှန်း မသိရှိကြသော်လည်း ယာခင်းထဲတွင် မြေသြဇာအဖြစ် အသုံးတည့်ကြသည်ကိုတော့ သူ့နည်းသူ့ဟန်ဖြင့် ဘာသာဘာဝ သိရှိထားကြသည်မှာ နည်းပညာတစ်ရပ်ဖြစ်၍ ဗဟုသုတ ရစရာပင်။

ဘာသာဘာဝထဲမှ နည်းပညာများမှာ ရှာဖွေလေ တွေ့ရှိလေပါတကား။

**[နိုင်ငံတကာ စီးပွားရေးဂျာနယ်၊ ၃-၈-၂၀၀၀]**

www.burmeseclassic.com

## မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့

"အူမတောင့်မှ သီလစောင့်နိုင်မည်" ဆိုသော စကားသည် လူ့အခြေခံ စည်းကမ်း၊ ပြည်သူ့နီတိနှင့်တော့ သက်ဆိုင်လိမ့်မည် မဟုတ်ပါ။

ကမ္ဘာဦးအစကပင် လူနှင့်အတူ လူ့အခြေခံစည်းကမ်းပါလာသည်ဟု ဆိုရမည်ပင်။ စားဝတ်နေရေးစည်းကမ်း၊ အလုပ်အကိုင်စည်းကမ်း၊ သွားမှုလာမှုစည်းကမ်း၊ အသက်မွေးဝမ်းကျောင်းမှုစည်းကမ်း၊ ကိုးကွယ်မှုဆိုင်ရာစည်းကမ်း၊ လက်နက်ကိရိယာ သုံးစွဲမှုစည်းကမ်း၊ ပေါင်းသင်းဆက်ဆံမှုစည်းကမ်း၊ အုပ်ချုပ်မှုစည်းကမ်း၊ ကိုယ်နှုတ်နှလုံး အစစအရာရာ သူ့စည်းကမ်းနှင့်သူ ရှိခဲ့လေသည်။ ထိုသို့မှ လူ့အခြေခံစည်းကမ်း ပြည်သူ့နီတိ မရှိပါလျှင် လူ့ဘဝသည် ကြာရှည်မြဲနိုင်မည် မဟုတ်ပါ၊ ပျက်သုဉ်းသွားပါမည်။

လူ့အခြေခံစည်းကမ်း၊ ပြည်သူ့နီတိရှိသဖြင့် လူ့ဘဝသည် တည်မြဲ၍ ထာဝစဉ်ရှင်သန်ပြီး မယဉ်ကျေးသည့်ခေတ်မှ ယဉ်ကျေးသည့်ခေတ် ဖြစ်လာပေသည်။ လူ့အခြေခံ စည်းကမ်း၊ ပြည်သူ့နီတိပို၍ လေးစားလိုက်နာလေ စားဝတ် နေရေးမှအစ လူနေမှုစနစ် ပြောင်းလဲ၍ လူ့ဘဝတစ်ခုလုံး တိုးတက်လာလေဖြစ်သည်။

**စိတ်ကူးချိုချို**

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း၊ ရုံးစည်းကမ်း၊ အလုပ်ရုံစည်းကမ်း၊ ကျောင်းစည်းကမ်း၊ ပွဲလမ်းသဘင်၊ အများနှင့်သက်ဆိုင်ရာ နေရာများ စည်းကမ်း၊ ဈေးဆိုင်ကနားစည်းကမ်း၊ ဒေသစည်းကမ်းစသော စည်းကမ်းများသည် လူ့အခြေခံစည်းကမ်း၊ ပြည်သူ့နီတိမှ ဆင့်ပွားလာခြင်းဖြစ်သည်။

ထိုထိုသော စည်းကမ်းများသည် လူတစ်ဦးစီနှင့် တကွ မိမိရပ်ရွာ မြို့နယ်ဒေသ၊ တိုင်းနိုင်ငံ တိုးတက်လာမှုအတွက်ဖြစ်သည်။ လူတိုင်းသည် ကိုယ်နှုတ်နှလုံး စောင့်စည်းရာတွင် မိမိအိမ်၌လည်း စားဝတ်နေမှုမှအစ စည်းကမ်းရှိရမည်။ လမ်း၊ ယာဉ်၊ ရုံး၊ ကျောင်း၊ ပွဲလမ်းသဘင်၊ အလုပ်ရုံ၊ ဈေးဆိုင်ကနား၊ အများနှင့်ဆိုင်သော နေရာများတွင်လည်း စည်းကမ်းလိုက်နာရသည်။ "ရောမမြို့ကိုရောက်လျှင် ရောမမြို့စည်းကမ်းကို လိုက်နာရမည်" ဆိုသကဲ့သို့ပင်။

သက်ဦးဆံပိုင်ခေတ်က ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ကအစ ရွှေနန်းရှင် ဧကရာဇ်အထိ လူ့အခြေခံစည်းကမ်း၊ ပြည်သူ့နီတိကို လိုက်နာရသည်။ သက်ဦးဆံပိုင်ခေတ်လွန်သောကာလ၌လည်း ကျေးကျွန်အစေခံကအစ အရှင်သခင်နှင့် မဟာဘောဂကုဋေကြွယ် သူဌေးကြီးအထိ ပြည်သူ့နီတိကို လိုက်နာရသည်။

သက်ဦးဆံပိုင်၏ ရွှေနန်းတော်တွင် ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ တာဝန်ကျေစွာ အမှုတော်ထမ်းထားသည့် အစီအမံကို ရွှေနန်းရှင်က စည်းကမ်းမဲ့စွာ ထင်သလို သုံးစွဲပြုမူ၍ မဖြစ်ပေ။ စည်းနှင့်ကမ်းနှင့် လိုက်နာ၍ သုံးစွဲပြုမူရပေမည်။ ပန်းမွေ့ရာ ရွှေကော်ဇောပေါ်တွင် ညစ်ပေသော အဝတ်အစားနှင့် ဖိနပ် (ခြေနင်း)တို့ဖြင့် နင်း၍မဖြစ်ပေ။ "ငါရှင်ဘုရင် ဘယ်နှစ်ပတ်လှည့်လှည့်"

www.burmeseclassic.com


ဆိုသော စကားမှာ ရယ်ရွှင်ဖွယ် ပြက်လုံးသာဖြစ်သည်။

"ဘုရင့်ပုဆိုး တိမ်မီးခိုး"ဆိုသော ရှင်ဘုရင်ကြီးပုဆိုးမပါဘဲ ထွက်တော်မူလာသည်ဆိုသည့် ပုံပြင်မှာလည်း ရယ်စရာသက်သက် ဖန်တီးခြင်းသာဖြစ်သည်။ မင်းကျင့်တရားနှင့်ညီသော ရှင်ဘုရင်တို့သည် သိက္ခာရှိပါသည်။ စည်းကမ်းကို တိုင်းသူပြည်သားများထက်ပင် ပို၍ လေးစားရှိသေကြသည်ဟု ဆိုပါသည်။

အရှင်သခင်နှင့် ကုဋေကြွယ် မဟာဘောဂသူဌေးကြီး တို့မှာလည်း ထိုနည်းလည်းကောင်းပင်။ ကျေးကျွန်နှင့်အစေခံတို့က တာဝန်ကျေပွန်စွာ စီမံဆောင်ရွက်ထားမှုကိုစည်းကမ်းမဲ့စွာ ထင်သလို နေထိုင်ပြုမူ ပြောဆိုသုံးစွဲ၍မဖြစ်ပါ။ လမ်းပေါ်နင်းသည့် ဖိနပ်နှင့် ကော်ဇောကြီးပေါ်တွင်မနင်းသင့်ပါ။ ယုတ်စွအဆုံး အညစ်အကြေးစွန့်ရာ ရေအိမ်သာကအစ အသုံးပြုပြီးလျှင် ကိုယ့်ကိစ္စ ကိုယ်သုတ်သင်၍ညစ်ပေမကျန်ရစ်ရန် သန့်ရှင်းစေခဲ့ရမည်။ ထိုသို့မဟုတ်ဘဲငါအရှင်သခင် ငါသူဌေးကြီးဟု မာန်ဝင့်ကာ စည်းကမ်းမဲ့စွာ ထင်သလို ပြုမူနေထိုင် သုံးစွဲလျှင် ဘယ်ကျေးကျွန်အစေခံမှ လခရိက္ခာ မည်မျှပင် ထောက်ပံ့ထားစေကာမူထိုအရှင်သခင်နှင့် သူဌေးကြီးတို့ထံတွင် ဆက်လက်လုပ်ကိုင်ကြတော့မည် မဟုတ်ဘဲ ထွက်ပြေးကြလိမ့်မည်မှာသေချာပေသည်။

ထို့ကြောင့် အရှင်သခင်နှင့် မဟာဘောဂ သူဌေးကြီးတို့မှာလည်း ကျေးကျွန်အစေခံများထက် စည်းကမ်းကိုပိုမိုလေးစားကြလေသည်။ စည်းကမ်းမဲ့သော အရှင်သခင်၊ မဟာဘောဂ သူဌေးကြီးဟု သိက္ခာမဲ့ မခံကြပေ။

ကိုယ်နှုတ်နှလုံး သုံးပါးလုံး စောင့်စည်းရသည်မှာရခဲလှသော လူသတ္တဝါဖြစ်သည်။ ကိုယ်နှုတ်နှလုံး သုံးပါးလုံး စောင့်စည်းမှုမှာ သီလဟု မြတ်စွာဘုရားရှင်က ဟော

www.burmeseclassic.com


ကြားတော်မူခဲ့သည်။ ကိုယ်နှုတ်နှလုံး သုံးပါးကိုမှ မစောင့်စည်းလျှင် ရခဲလှသော လူ့ဘဝသည် ဘာမျှအဓိပ္ပာယ်မရှိ။ တန်ဖိုးမရှိ။ ထို့ကြောင့် လူဖြစ်လာလျှင် လူ့စည်းကမ်း၊ ပြည်သူ့နီတိဆိုသော လူ့သီလကို အနည်းဆုံးတော့ စောင့်ထိန်းရမည်မှာ လူတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်။ သို့မှသာ လူအဖြစ် တင့်တယ်မည်။ သိက္ခာရှိမည်။ ဂုဏ်ရှိမည်။ ဆင်းရဲခြင်း၊ ချမ်းသာကြွယ်ဝခြင်းမှာ ပဓာနမကျ။ အဆင့်အတန်းမြင့်သည် နိမ့်သည်မှာလည်း အကြောင်းမဟုတ်၊ ပညာမဲ့ခြင်း၊ ပညာရှိခြင်းနှင့်လည်း မသက်ဆိုင်၊ လူသတ္တဝါဖြစ်ခြင်းနှင့်သာ အဓိကသက်ဆိုင်သည်။

လူတိုင်းကိုယ်စီ လူ့စည်းကမ်း၊ ပြည်သူ့နီတိဆိုသော သီလစောင့်ထိန်းလာကြ၍ လူနေမှုစနစ် ပြောင်းလဲလာပြီး တိုင်းနိုင်ငံတွေ တိုးတက်လာသည်။ ခေတ်မီလာသည်။ ခေတ်သစ်ကမ္ဘာကြီး ဖြစ်လာသည်။

ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေရာ ဘယ်အခြေအနေမျိုးရောက်ရောက်၊ မည်မျှပင် အကျပ်အတည်းတွေ့စေကာမူ "အူမတောင့်မှ သီလစောင့်နိုင်မည်"ဟု လွယ်လွယ် ဆင်ခြေပေး၍ မဆီမဆိုင်ဘဲ လူ့အခြေခံစည်းကမ်း၊ ပြည်သူ့နီတိဆိုသော သီလကို မပစ်ပယ်သင့်ပါ။ ဆင်းရဲခြင်းနှင့် အကျပ်အတည်း ဘေးဒုက္ခတို့မှ လွတ်မြောက်လိုလျှင် လူ့အခြေခံစည်းကမ်း၊ ပြည်သူ့နီတိဆိုသော သီလကို ပို၍စောင့်ထိန်းရပါသည်။

မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့ဟု အဆိုအမိန့်ရှိသည် မဟုတ်ပါလား။ တရားစောင့်သောသူအား တရားက ပြန်စောင့်ရှောက်လိမ့်မည်ဟု မိန့်မှာချက်သည်လည်း မုချအမှန် ဖြစ်ပေသည်။

တရားပျက်လျှင်တော့ အမှားဖက်ကာ အနေအစားခက်ပါလိမ့်မည်။ ထို့ကြောင့် ဘဝအခြေအနေ တင့်တယ်

www.burmeseclassic.com


စေရန် လူတိုင်းကိုယ်စီ ပြည်သူ့နီတိ မြဲမြဲဖို့ လိုလေသည်။

[မြန်မာမန်နေဂျာ ဂျာနယ်၊ ၂၃ – ၆ – ၉၉]